ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ်မှ စတင်ထုတ်ဝေသည်။ Established in 1957

ကပ်ငြိတွယ်တာမှုမရှိ

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 15 July 2020 ၁၀၀၇၄

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

COVID-19 ကပ်ရောဂါ ကာလတွင် နိုင်ငံတကာရောက် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ယူခြင်းနှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေး

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ကပ်ရောဂါ ကာလတွင် နိုင်ငံတကာရောက် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ယူခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ မအေးအေးအောင်၊ မသန္တာအောင်စိုးတို့နှင့် အပြန်အလှန်ဆွေးနွေးစဉ်။

နေပြည်တော် ဇူလိုင် ၁၄

Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် COVID-19 ကပ်ရောဂါကာလတွင် နိုင်ငံတကာရောက် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ယူခြင်းနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ အိန္ဒိယနိုင်ငံမှ ပြန်လာသူ မအေးအေးအောင်၊ ဩစတြေးလျနိုင်ငံမှ ပြန်လာသူ မသန္တာအောင်စိုးတို့နှင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး လက်တွေ့အခြေအနေများကို အပြန်အလှန်ဆွေးနွေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

☆ **ပြည်ပရောက် မြန်မာနိုင်ငံသားများ ပြန်လည်ဝင်ရောက်မှု မည်သည့်အချိန်တွင် ရပ်သွားမည်ကို ပြော၍မရ**

☆ **အဓိကမှာ မပေါ့ကြရန်နှင့် စည်းမျဉ်းစည်းကမ်းကို လိုက်နာကြရန် အားလုံးကို သတိပေးရန် လိုအပ်**

ကြေးမုံ ယနေ့ ဖတ်စရာ

အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင် — စာမျက်နှာ » ၆

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး(ဗိုလ်ချုပ်ကြီးဟောင်း)နှင့် တွေ့ဆုံမေးမြန်းခြင်း — စာမျက်နှာ » ၈

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း — စာမျက်နှာ » ၁၅

ကမ္ဘာသူ ကမ္ဘာသား ၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ

ကပ်ရောဂါဘေးအန္တရာယ်မှ ကင်းဝေးပြီး ဘေးရန်ကင်းကွာ ချမ်းသာကြပါစေ။

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီး မစ္စ တူနယ်တီးနပ်(စ်) အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၄

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး မစ္စ တူနယ်တီးနပ်(စ်) အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ညှိနှိုင်းခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-နော်ဝေ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် ဖက်ဒရယ်ဒီမိုကရေစီစနစ် ထွန်းကားရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်သည့် ဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော ရွှေ့ပြောင်းအလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပံ့ပိုးပေးရေး၊ ဆက်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

ဓမ္မာစရိယစာမေးပွဲ ဆဋ္ဌမနေ့ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၀ ပြည့်နှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့ (ဆဋ္ဌမနေ့) နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၇ ဌာနတို့တွင် စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၂၇၄၉ ပါးအနက် ၉၉၃၀ ပါး ဖြေဆိုကြသဖြင့် ၇၇ ဒသမ ၈၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၄-၇-၂၀၂၀)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာ စောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၀,၅၀၀	၁၀,၅၀၀	၅၄၁	၅, ၆၈၅,၅၀၀
MTSH	၃,၈၅၀	၃,၈၀၀	၁,၁၇၀	၄,၄၂၇,၇၅၀
MCB	၈,၂၀၀	၈,၀၀၀	၂၁၃	၁,၇၀၄,၆၀၀
FPB	၂၂,၀၀၀	၂၂,၀၀၀	၁,၅၁၀	၃၃,၂၂၀,၀၀၀
TMH	၂,၇၅၀	၂,၇၅၀	၅၃၅	၁,၄၇၁,၂၅၀
EFR	၂,၆၅၀	၂,၇၀၀	၃၀၇	၈၂၃,၆၅၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၁၄

ရန်ကုန်(ရွှေဈေး) ၁၂၃၃၀၀၀ မန္တလေး(ရွှေဈေး) ၁၂၃၃၀၀၀

စက်သုံးဆီအမျိုးအစား		ရန်ကုန်	မန္တလေး
(က) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၅၄၀/၅၇၅ ကျပ်	၅၇၀/၅၉၅ ကျပ်
(ခ) ဒီဇယ်	တစ်လီတာ	၅၃၀/၅၆၀ ကျပ်	၅၆၀/၅၈၀ ကျပ်
(ဂ) အောက်တိန်း ၉၅	တစ်လီတာ	၆၁၀/၆၂၅ ကျပ်	၆၇၀/၆၉၀ ကျပ်
(ဃ) အောက်တိန်း ၉၂	တစ်လီတာ	၄၈၀/၅၁၀ ကျပ်	၅၅၀/၅၆၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ်	တစ်လီတာ	၄၆၀/၄၈၀ ကျပ်
အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၄၇၀/၄၉၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၄၂၀/၄၂၅ ကျပ်

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း			မြန်မာငွေကျပ်
(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၃၇၃.၃
(ခ) ဥရောပ	တစ်ယူရို	=	၁၅၅၉.၀
(ဂ) တရုတ်	တစ်ယွမ်	=	၁၉၅.၇၀
(ဃ) ထိုင်း	တစ်ဘတ်	=	၄၃.၅၀၀
(င) မလေးရှား	တစ်ရင်းဂစ်	=	၃၂၁.၅၄
(စ) အိန္ဒိယ	တစ်ရူပီး	=	၁၈.၂၁၀
(ဆ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၉၅၃.၃၀
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၉၈၅.၃၀
(ဈ) ဂျပန်	တစ်ရာယန်း	=	၁၂၈၀.၃၀
(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၁၃.၉၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

အာဇာနည်၊ ပြည်ထောင်စုကြီး၏ဖိသုကာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်ပေါင်းထောင်ချီသည့် ရာဇဝင်တစ်လျှောက်တွင် တစ်တိုင်းပြည်လုံး စည်းလုံးညီညွတ်ခဲ့သည့် ခေတ်ကာလ လေးကြိမ် ရှိခဲ့ဖူးသည်ဟု ဆိုထားသည်။ ပြည်ထောင်စုကြီး စည်းလုံးညီညွတ်နေချိန်တွင် တိုင်းတစ်ပါးနယ်ချဲ့တို့၏ ထိပါးစော်ကားမှုကို အနည်းငယ်မျှမခံ တွန်းလှန်ဖယ်ရှားနိုင်ခဲ့သည်။ စည်းလုံးညီညွတ်မှု လျော့ပါးသောအခါတွင် အကြိမ်ကြိမ် ထိပါးစော်ကားခံခဲ့ရသည်ကို သမိုင်းမှတ်တမ်းများတွင် အထင်အရှားတွေ့နိုင်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို လေးကြိမ်တိုင်တိုင် စုစည်းတည်ထောင်ခဲ့ရသည်ဟု သမိုင်းမော်ကွန်းရေးထိုးထားသည်။ ပထမမြန်မာနိုင်ငံတော်ကို ပုဂံခေတ်တွင် အနော်ရထာမင်းမြတ်ကလည်းကောင်း၊ ဒုတိယမြန်မာနိုင်ငံတော်ကို တောင်ငူခေတ်တွင် ဘုရင့်နောင်ကျော်ထင်နော်ရထာကလည်းကောင်း၊ တတိယမြန်မာနိုင်ငံတော်ကို ကုန်းဘောင်ခေတ်တွင် အလောင်းမင်းတရား ဦးအောင်ဇေယျကလည်းကောင်း စုစည်းတည်ထောင်ခဲ့ကြသည်။

ထိုသို့နှစ်ပေါင်းထောင်ချီ စုစည်းတည်ထောင်ခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ကုန်းဘောင်ခေတ် နောက်ဆုံးမင်းဆက် သီပေါမင်းလက်ထက်တွင် မြန်မာနိုင်ငံအား ဗြိတိသျှစစ်တပ်ကြီးက လက်နက်အားကိုးဖြင့် သိမ်းပိုက်ခြင်းကိုခံခဲ့ရပြီး နယ်ချဲ့ကျွန်သပေါက်ဘဝသို့ လုံးလုံးလျားလျား ကျရောက်သွားတော့သည်။ မြန်မာနိုင်ငံ စည်းလုံးညီညွတ်မှုပြိုကွဲ၍ တိုင်းပြည်ကြီး တစ်စတစ်စကျွန်ဘဝသို့ ရောက်ရှိသွားခဲ့ရသည်မှာ နှစ်ပေါင်းတစ်ရာကျော်မျှတိုင် ကြာမြင့်ခဲ့သည်။

ကျွန်ဘဝ၌ နှစ်ပေါင်းတစ်ရာကျော် နေခဲ့ရပြီးကာလတွင် မြန်မာနိုင်ငံကို လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအဖြစ် ပြန်လည်စုစည်းတည်ထောင်ခဲ့သော လွတ်လပ်ရေးဗိသုကာတစ်ဦး ပေါ်ပေါက်လာသည်။ မြန်မာနိုင်ငံတော်ကြီးကို အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား အာဇာနည်သူရဲကောင်းများကဲ့သို့ပင် စတုတ္ထအကြိမ်ပြန်လည်စုစည်းတည်ထောင်ခဲ့သူမှာ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးချိန်၌ မြန်မာနိုင်ငံရှိ ပြည်သူလူထုတစ်ရပ်လုံးကို ဖဆပလအလံတော်အောက်၌ တစည်းတလုံးတည်း စည်းရုံးပေးနိုင်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်း ခေါ် သခင်အောင်ဆန်း ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ စည်းရုံးဦးဆောင်မှုမှာ အထူးပြောဖွယ်မလို အားလုံးသိရှိကြပြီးဖြစ်သည်။ သခင်အောင်ဆန်း၏ ဖြူစင်သည့်စေတနာ၊ တည်ကြည်သည့် သမာဓိ၊ ထူးချွန်သည့် ရဲစွမ်းသတ္တိတို့အားကိုးဖြင့် ကျွန်ုပ်တို့၏တစ်သက်တွင် တစ်ခါမှမကြုံဖူးလောက်အောင် တစ်တိုင်းပြည်လုံး ထူးထူးကဲကဲ စည်းလုံးညီညွတ်ခဲ့ကြပါသည်။ ရှမ်း၊ ချင်း၊ ကချင်အစရှိသည့် တောင်ပေါ်တိုင်းရင်းသားများသည် ဗိုလ်ချုပ်အောင်ဆန်း၏စည်းရုံးမှုကြောင့် ဗမာများနှင့် ပိုမိုရင်းနှီးစည်းလုံးလာခဲ့ကြသည်။ ကရင်၊ ကယား၊ မွန်၊ ရခိုင်တို့ကလည်း ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ တစ်မျိုးသားလုံးနှင့် ပိုမိုရင်းနှီးသွေးစည်းခဲ့ကြသည်။

မြန်မာလူထုနှင့် ဗိုလ်ချုပ်၊ ဗိုလ်ချုပ်နှင့် မြန်မာလူထု ခွဲမရလောက်အောင် တစ်သားတည်းဖြစ်ခဲ့သည်။ ထိုသို့ တစ်သားတည်းဖြစ်နေချိန်တွင် ဗိုလ်ချုပ်နှင့် လူထုကိုသော်လည်းကောင်း၊ လူထုနှင့် လူထုကို သော်လည်းကောင်း အယူဝါဒပြင်းထန်သူ၊ အာဏာမက်မောသူနှင့် မသမာသူတို့က ရှင်ကွဲ၊ သေကွဲကွဲအောင် ဖန်တီးခဲ့ကြသည်ကို မြန်မာ့သမိုင်းစာမျက်နှာများတွင် ဆိုးညစ်ဖွယ်ရာ၊ စိတ်မချမ်းမြေ့ဖွယ်ရာ ကြေကွဲမှုများအဖြစ် တွေ့မြင်ကြရမည် ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် အသက်နှင့်ရင်းကာ တိုင်းပြည်စည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်ပြီး လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ချူနိုင်အောင် ဖန်တီးပေးခဲ့ပေသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ကြီးမြတ်သည့် နိုင်ငံရေးဂုဏ်ဒြပ်ကို မြန်မာနိုင်ငံရှိ ရဟန်းရှင်လူ ပြည်သူအများက ဦးလည်မသုန်၊ အမြဲမပြတ်၊ လေးစားတန်ဖိုးထားလျက်၊ တန်ဖိုးထားခဲ့၊ တန်ဖိုးထားဆဲ ဖြစ်သည်။ တိုင်းပြည်ကျွန်ဘဝမှလွတ်မြောက်ရေး၊ တိုင်းပြည်လွတ်လပ်ရေးအတွက် တစ်တိုင်းပြည်လုံး၏ စည်းလုံးညီညွတ်မှုကို အခိုင်အမာတည်ဆောက်ပေးခဲ့သော အာဇာနည်၊ ပြည်ထောင်စုဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းကို ကျွန်ုပ်တို့ပြည်သူများက မည်သို့ပြန်လည်ပေးဆပ်ခဲ့ပါသနည်း။ မည်သို့ ပြန်လည်ကျေးဇူးတုံ့ပြန်ခဲ့ကြပါသနည်း။

မြန်မာ့လွတ်လပ်ရေးဗိသုကာ အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းအပေါ် သူ့နိုင်ငံ၊ သူ့ပြည်သူ၊ သူ့လူထုက တုံ့ပြန်ခဲ့သော ကျေးဇူးသိတတ်မှု၊ ပြန်လည်အလေးပြု ပေးဆပ်ခဲ့မှုတို့မှာ နှစ်ပေါင်း ၇၀ ကျော်ကြာယနေ့ထက်တိုင် တစည်းတလုံးတည်းရှိနေဆဲဖြစ်ကြောင်း၊ ကမ္ဘာတည်သရွေ့လည်း ဆက်လက်စည်းလုံးညီညွတ်စွာ နေသွားမည်ဟု သစ္စာပြုကြစေလိုပါကြောင်း.....။ ။

MYANMAR Digital News
Presented by MPI
www.mdn.gov.mm

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်		အငယ်တန်း	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
စာတည်းမှူး	- ဦးဝင်းနိုင်		သတင်းထောက်များ	ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊
စာတည်းများ	- ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊			ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊
	ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊			ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
	ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး		ဓာတ်ပုံသတင်းထောက်	- ဦးခင်မောင်ဝင်း
သတင်းထောက်မှူး	- ဦးမြင့်စိုး		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်စာတည်းများ	- ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်		စာပြင်	- ဒေါ်ခင်နှင်းယု၊ ဦးဝေမင်းသူနှင့်အဖွဲ့
အကြီးတန်း	- ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊		စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့် အဖွဲ့
သတင်းထောက်များ	ဒေါ်နေဇာဇာထွန်း		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစိုးချစ်ဦး၊ ဦးဒီပါထွန်းနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်သူသာလျှင် အဓိက

☆ Special Flight များကို နိုင်ငံ၏ စီမံကိန်းများ၊ သံတမန်ရေးရာများနှင့် ပတ်သက်ပြီး မဖြစ်မနေသွားရမည့်ကိစ္စရပ်များနှင့် ဆေးဝါးပစ္စည်းများ၊ တခြားအရေးကြီးသည့် ပစ္စည်းများ သယ်ယူရန်ကိစ္စတို့အတွက် အသုံးပြု၊ Relief Flight များကို မြန်မာနိုင်ငံသားများ ပြန်လည်ခေါ်ယူရေးအတွက် အဓိက အသုံးပြု၊ ဆေးဝါးပစ္စည်းများ သယ်ယူရာတွင်လည်း မြန်မာနိုင်ငံသားအချို့အား ပြန်ခေါ်ဆောင်နိုင်ခဲ့ခြင်းများရှိ။

☆ ရွှေဖုံးမှ

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ယနေ့တွင် နိုင်ငံခြားမှ ပြန်ရောက်လာသည့် မြန်မာနိုင်ငံသားများကိစ္စ၊ အထူးသဖြင့် ကိုဗစ်နှင့် ဆက်နွှယ်ပြီး Quarantine ဝင်ရသည့်ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးသွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသားများ ရောက်ရှိနေသည့် နိုင်ငံများစွာရှိသည့်အတွက် နိုင်ငံအသီးသီးမှ ပြန်ခေါ်ရပါကြောင်း၊ ပြန်လည်ခေါ်ယူရာတွင်လည်း Commercial Flight များက ရပ်ထားပါကြောင်း၊ ယင်းသို့ ရပ်နားထားရခြင်းမှာလည်း ယခုကဲ့သို့ ကိုဗစ်ရောဂါ ပြန့်ပွားနေချိန်တွင် အားလုံးလွှတ်ပေးထားပါက ရောဂါထိန်းချုပ်ရန် များစွာခက်ခဲမည် ဖြစ်ပါကြောင်း။

ပြန်လည်ခေါ်ယူရေး

Commercial Flight များ ရပ်ထားသည့်အတွက် Special Flight များ၊ Relief Flight များကို ခွင့်ပြုခဲ့ပါကြောင်း၊ Special Flight များကို နိုင်ငံ၏ စီမံကိန်းများ၊ သံတမန်ရေးရာများနှင့်ပတ်သက်ပြီး မဖြစ်မနေသွားရမည့်ကိစ္စရပ်များနှင့် ဆေးဝါးပစ္စည်းများ၊ တခြားအရေးကြီးသည့် ပစ္စည်းများ သယ်ယူရန်ကိစ္စတို့အတွက် အသုံးပြုပါကြောင်း၊ Relief Flight များကို မြန်မာနိုင်ငံသားများ ပြန်လည်ခေါ်ယူရေးအတွက် အဓိကအသုံးပြုပါကြောင်း၊ ဆေးဝါးပစ္စည်းများ သယ်ယူရာတွင်လည်း မြန်မာနိုင်ငံသားအချို့အား ပြန်ခေါ်ဆောင်နိုင်ခဲ့ခြင်းများ ရှိပါကြောင်း၊ ယင်းကိစ္စရပ်များကို အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနက အဓိကစီစဉ်ဆောင်ရွက်နေပါကြောင်း၊ ယင်းကိစ္စရပ်များကို သံတမန်ရေးရာမှ အစပြု၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းကာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရပါကြောင်း၊ နောက်ဆုံး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်သည် အဓိကဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ကိုဗစ်–၁၉ ရောဂါ စတင်ပေါ်ပေါက်လာချိန်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ယင်းရောဂါအား ထိန်းချုပ်ရန် လုပ်ဆောင်ပါကြောင်း၊ ထိန်းချုပ်နိုင်ရန် လုပ်ဆောင်နေချိန်တွင် တစ်ဖက်ကလည်း နိုင်ငံတကာဆက်ဆံရေး မထိခိုက်စေရန်နှင့် WHO စည်းမျဉ်းစည်းကမ်းများနှင့်ညီအောင် မိမိတို့အနေဖြင့် တိုင်ပင်ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ WHO မှ Global Emergency မသတ်မှတ်ခင်ကတည်းက ဝန်ကြီးဌာနအဆင့် ဗဟိုကော်မတီကို ကြိုတင်ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း။

ဝူဟန်မြို့တွင် ပိတ်မိနေသည့် ကျောင်းသား ၆၁ ဦးအနက်မှ ၅၉ ဦးအား ဖေဖော်ဝါရီလ ၂ ရက်တွင် ပထမအကြိမ် အထူးလေယာဉ်စေလွှတ်ကာ ကယ်ဆယ်နိုင်ခဲ့ပါကြောင်း၊ ကျန်ရှိသည့် ကျောင်းသား နှစ်ဦးကို အိန္ဒိယသံရုံးနှင့်ညှိနှိုင်းကာ နယူးဒေလီသို့ သွားရောက်သည့် Flight တွင် လိုက်ပါစီးနင်းနိုင်ရန် ဆောင်ရွက်ပေးခဲ့ပြီး နယူးဒေလီတွင် Quarantine ကာလပြည့်မြောက်သည့်အချိန်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူနိုင်ခဲ့ပါကြောင်း။

အခက်အခဲကြုံတွေ့

ထို့ပြင် ဧပြီလအတွင်း ထိုင်းနိုင်ငံ လေဆိပ်တွင် ပိတ်မိနေသည့် မြန်မာနိုင်ငံသားများကို Cargo Flight ဖြင့် ညှိနှိုင်းစီစဉ်ပြီး ပြန်လည်ခေါ်ယူနိုင်ခဲ့ပါကြောင်း၊ ဧပြီလ ၃၀ ရက် Flight များ ပိတ်လိုက်ပြီးနောက်ပိုင်းတွင် ပြည်ပတွင် ပိတ်မိနေသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာပြည်တွင်း ပိတ်မိနေသည့် နိုင်ငံခြားသားများရှိပါကြောင်း၊ ဗဟိုကော်မတီအနေဖြင့် ပြည်တွင်းတွင် ပိတ်မိနေသူများအတွက် Cargo Flight နှင့် Relief Flight များ ခွင့်ပြုပေးခဲ့မှုအပေါ် နိုင်ငံတကာမှ ကျေးဇူးတင်ကြပါကြောင်း၊ ပြည်ပတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများသည် အလုပ်အကိုင်မရှိခြင်း၊ အိမ်လခများ မပေးနိုင်ခြင်း၊ စားရေး သောက်ရေး အခက်အခဲရှိခြင်း၊ တချို့မှာ ဗီဇာသက်တမ်းကုန်ဆုံးခြင်း၊ သင်္ဘောသားများ၊ ပညာသင်ကြားနေသူများ ပြန်လာရန် အခက်အခဲရှိခြင်း၊ အလည်အပတ် သွားရောက်သည့်သူများ ပိတ်မိနေခြင်းစသည့် အခက်အခဲများစွာနှင့် ကြုံတွေ့နေရပါကြောင်း။

အခက်အခဲရှိသည့် မြန်မာနိုင်ငံသားများအား ဗဟိုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ပြန်လည်ခေါ်ယူနိုင်ရန် ဆုံမှတ်များ သတ်မှတ်ပေးခဲ့ပါကြောင်း၊ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ကို ဆုံရပ်အဖြစ် သတ်မှတ်ပြီး ဆိုးလ်မြို့ရှိ မြန်မာသံရုံးအား Flight ရှိသည့် နေ့ရက်များကို ကြေညာခိုင်းခဲ့ပါကြောင်း၊ ဒုက္ခဖြစ်နေသည့် စာရင်းများ ပေးခိုင်းပါကြောင်း၊ ထို့ပြင် နိုင်ငံတကာရှိ မြန်မာသံရုံးများအသီးသီးက ဒုက္ခရောက်နေသည့် မြန်မာနိုင်ငံသားများအား စာရင်းပေးနိုင်ရန် ၎င်းတို့ Website များမှတစ်ဆင့် ကြေညာခိုင်းခဲ့ပါကြောင်း၊ စာရင်းများရရှိသည့်အခါ ဗဟိုကော်မတီသို့ တင်ပြပြီး ပြန်လာနိုင်ရန် Relief Flight များအား စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ပြည်ပတွင် ဒုက္ခရောက်နေသည့် မြန်မာနိုင်ငံသားများ ပြန်လာလိုပါက တရားဝင်သွားရောက်သည်ဖြစ်စေ၊ တရားမဝင်သွားရောက်သည်ဖြစ်စေ ကူညီပေးရန် ဗဟိုကော်မတီက လမ်းညွှန်ထားပါကြောင်း၊ထို့ကြောင့် ဆုံရပ်များမှတစ်ဆင့် ပြန်လာနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပါကြောင်း။

တွေ့ကြုံရသည့် အခက်အခဲအနေဖြင့် Flight များ ခွင့်ပြုချက်ရရှိပါက သက်ဆိုင်ရာ သံရုံးများမှတစ်ဆင့် Flight Clearing လုပ်ရပါကြောင်း၊ အထူးသဖြင့် ဩစတြေးလျ၊ အိန္ဒိယနိုင်ငံများသည် Lock Down လုပ်ထားသည့်အတွက် အခက်အခဲရှိကြပါကြောင်း၊ ယင်းအချိန်တွင် အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီဖြင့် ပြည်နယ်တစ်ခုနှင့်တစ်ခု ဖြတ်သန်းသွားလာနိုင်ရန် ခွင့်ပြုချက်များရရှိအောင် ညှိနှိုင်းရပါကြောင်း၊ ကားငှားရာတွင်လည်း အခက်အခဲရှိပြီး သံရုံးများနှင့်လည်း ညှိနှိုင်းဆောင်ရွက်ရသည့် စိန်ခေါ်မှုများရှိပါကြောင်း၊ ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံများမှ ပြန်လာမည့်သူများအတွက်လည်း MAI နှင့် ချိတ်ဆက်ညှိနှိုင်းကာ အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ထိုင်း၊ တောင်ကိုရီးယား၊ စင်ကာပူ၊ အိန္ဒိယ၊ ဩစတြေးလျ၊ မလေးရှား၊ ဗြိတိန်၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ ယူအေအီး၊ ပြင်သစ်၊ ဂျာမနီ၊ တရုတ် (တိုင်ပေ)၊ တရုတ် စသည့် နိုင်ငံ/ဒေသများသို့ Relief Flight အကြိမ်ရေ စုစုပေါင်း ၅၆ ကြိမ် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး မြန်မာနိုင်ငံသား ၈၀၀၀ ကျော်အား ခေါ်ဆောင် နိုင်ခဲ့ပါကြောင်း၊ လာမည့် ဩဂုတ်လတွင် Relief Flight ၁၃ ကြိမ်ခန့်ဖြင့် ပြည်သူ ၁၈၀၀ ခန့်အား ပြန်လည်ခေါ်ဆောင်ရန် ညှိနှိုင်းနေပါကြောင်း။

ကြိုးစားဆောင်ရွက်လျက်ရှိ

နိုင်ငံအများစုမှာ ပြန်လည်ခေါ်ယူမည့် မြန်မာနိုင်ငံသားများ မရှိသလောက် နည်းပါးသွားပြီဖြစ်ပါကြောင်း၊ သို့သော် မလေးရှားနိုင်ငံသို့ Relief Flight များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ Flight များ စီစဉ်ရာတွင် မိမိတို့နိုင်ငံ၌ ရောဂါကူးစက်နိုင်မှု အနေအထား၊ Quarantine ထားရှိရန် နေရာ လုံလောက်မှုရှိ/မရှိ စသည့် အချက်များကို ထည့်သွင်းစဉ်းစားရပါကြောင်း၊ ယခုလောလောဆယ် ဗဟိုကော်မတီမှ မူချမှတ်ထားသည်မှာ တစ်ပတ်လျှင် လူဦးရေ ၇၀၀ ထက်ပို၍ မခေါ်ယူရန်ဖြစ်ပါကြောင်း၊ ယခုအခါ နယ်စပ်များမှ ရာထောင်ချီကာ ပြန်ဝင်ရောက်သူများရှိသည့်အတွက် လုံလုံလောက်လောက် Quarantine ထားပေးနိုင်သည့် အခြေအနေအပေါ်မူတည်ပြီး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် မလေးရှားနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများကိုလည်း စဉ်ဆက်မပြတ် ဆက်လက်ခေါ်ဆောင်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

အပေါင်းလက္ခဏာ

စိန်ခေါ်မှုများအကြားမှ ကောင်းသည့်အချက်မှာ နိုင်ငံတကာမှ မြန်မာသံရုံးများအား ဒုက္ခရောက်လာချိန်တွင် ကူညီအားထားလိုသည့်စိတ် များပြားလာသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံသားများအနေဖြင့် ဒုက္ခရောက်နေချိန်တွင် သံရုံးများကို အားကိုးအားထားပြုလာသည်မှာ စိန်ခေါ်မှုများထဲမှ တွေ့ရှိရသည့် အခွင့်အလမ်းတစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဆေးကုသမှုစနစ်၊ Quarantine စနစ်တို့ ကောင်းမွန်မှုကြောင့် တစ်ခုခုဖြစ်လျှင် မြန်မာနိုင်ငံသို့ ပြန်လာခြင်းသည် ပို၍လုံခြုံမှုရှိသည်ဆိုသည့် အတွေးဖြင့် ပြန်လာကြသည့် လူများရှိသည်ဟု သံရုံးများကတစ်ဆင့် ကြားသိရပါကြောင်း၊ ယင်းမှာ မိမိတို့နိုင်ငံ၏ COVID ထိန်းချုပ်မှုအပိုင်းတွင် အကောင်းမွန်ဆုံး လုပ်ဆောင်နိုင်သည့် အပေါင်းလက္ခဏာအနေဖြင့် ဂုဏ်ယူမိပါကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် အိန္ဒိယနိုင်ငံမှ ပြန်လာသူ မအေးအေးအောင်က မိမိအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃၀ ရက်တွင် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ယောဂပညာ သွားရောက်သင်ကြားခဲ့ပါကြောင်း၊ မတ်လ ၂၄ ရက်တွင် မွမ်ဘိုင်းမြို့၌ First Lock Down စတင်ခဲ့ပါကြောင်း၊ First Lock Down ချခဲ့သော်လည်း အိန္ဒိယအစိုးရအနေဖြင့် Rule and Regulations များကို သေချာစွာ မချမှတ်နိုင်သည့် အချိန်ဖြစ်သည့်အတွက် ကောလာဟလများ ဖြစ်ပေါ်ပြီး Panic–buying များ လုပ်ဆောင်ခဲ့ကြပါကြောင်း၊ အပြင်သို့ထွက်၍ ရမရကို သေချာစွာ Rule and Regulations ပေးထားခြင်းမရှိသည့်အတွက် လူအားလုံးသည် အိမ်၌သာ နေထိုင်ခဲ့ပါကြောင်း၊ စားသောက်ကုန်များကိုလည်း အပြင်၌ မရောင်းချကြပါကြောင်း၊ တစ်ပတ်နှစ်ပတ်ခန့်အထိ များစွာ အခက်အခဲရှိခဲ့ပါကြောင်း၊ နောက်ပိုင်းတွင် အိန္ဒိယအစိုးရအနေဖြင့် Rule and Regulations အပြီးသတ် ထုတ်ပြန်ခဲ့ပြီး စီးပွားရေးသမားများကိုလည်း Special Permit အဖြစ် စားကုန်သောက်ကုန်များ ရောင်းချရန်အတွက် ဆိုင်များကို နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ အချိန်ကန့်သတ်၍ ဖွင့်လှစ်ခွင့်ပေးခဲ့ပါကြောင်း။

Lock Down ကာလတွင် အိမ်ရာ၌ နေထိုင်ခြင်းမရှိသူများကို ဝင်ခွင့်မပေးတော့ပါကြောင်း၊ မွမ်ဘိုင်းမြို့၌ သွားလာလှုပ်ရှားမှုများလည်း ရပ်ဆိုင်းခဲ့ပါကြောင်း၊ မွမ်ဘိုင်းမြို့၌ အိန္ဒိယတစ်နိုင်ငံလုံး၏ Migrant Worker အများစု၏ အလုပ်အကိုင်များရှိပါကြောင်း၊ ကိုဗစ်–၁၉ ကိစ္စနှင့်ပတ်သက်၍ လူဦးရေသိန်းနှင့်ချီ၍ အလုပ်လက်မဲ့ဖြစ်ခဲ့ပြီး စားဝတ်နေရေး အခက်အခဲများ ကြုံတွေ့ကြရပါကြောင်း၊ အိမ်ငှားခ မပေးနိုင်သည့်အတွက် အိမ်ပိုင်ရှင်များက နေထိုင်ခွင့်မပေးခြင်းများ တွေ့မြင် ခဲ့ရပါကြောင်း၊ Migrant Worker အများစုသည် အိန္ဒိယပြည်တွင်းမှ ဖြစ်ပါကြောင်း၊ ၎င်းတို့၏ နေရပ်များသို့ ပြန်နိုင်ရန်အစီအစဉ်များ ဆောင်ရွက်ပေးခြင်းမရှိသည့်အတွက် မပြန်နိုင်ဘဲ မွမ်ဘိုင်းမြို့၌ အိမ်လခမပေးနိုင်သဖြင့် နေထိုင်ရန်နေရာလည်း မရှိကြပါကြောင်း။

အစိုးရဆေးရုံတွင် ခုတင်မလုံလောက်သည့်အတွက် သေချာစွာထားရှိခြင်း မရှိသည်ကို သတင်းကြားခဲ့ရပါကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် ပုဂ္ဂလိကဆေးရုံများတွင် ဆေးကုသမှုခံယူနိုင်ကြောင်းကို ထုတ်ပြန်ခဲ့ပါကြောင်း၊ လူနာများက ပုဂ္ဂလိကဆေးရုံများသို့ သွားရောက်ကုသရာတွင် ဈေးနှုန်းမှာ ယခင်ထက် ၁၀ ဆခန့်ပို၍ ပေးဆောင်ရသည့်အတွက် ကုန်ကျစရိတ် မပေးနိုင်သူများလည်း ရှိခဲ့ပါကြောင်း၊ ကုန်ကျစရိတ် မပေးနိုင်သည့်အတွက် စိတ်ထိခိုက်ပြီး မိမိကိုယ်ကို သတ်သေမှုများရှိခဲ့ပါကြောင်း၊ ရောဂါဖြစ်ပွားနေသော်လည်း စိတ်ကျန်းမာရေးနှင့် ပတ်သက်ပြီး အလေးထားဆောင်ရွက်ခြင်း မရှိသည့်အတွက် ဆေးရုံများ၌ မိမိကိုယ်ကို သတ်သေမှုများလည်း ရှိသည်ကို သတင်းများတွင် ကြားသိခဲ့ရပါကြောင်း။

ဈေးတင်ရောင်းချ

မွမ်ဘိုင်းမြို့၌ First Lock Down အပြီးတွင် လူနာများ ပိုမိုများပြားလာသည့်အတွက် Second Lock Down ဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း၊ Second Lock Down တွင် Social Distancing ကို တိတိကျကျ လိုက်နာခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း၊ Lock Down ကာလတွင် မီတာခများလည်း အဆ ၂၀ အထိ ဈေးနှုန်းတက်ခဲ့ပါကြောင်း၊ စားသောက်ကုန်များအနေဖြင့်လည်း အစိုးရက ဈေးနှုန်းသတ်မှတ်ထားသော်လည်း နှစ်ဆ၊ သုံးဆ ဈေးတင်၍ ရောင်းချကြပါကြောင်း။

မိမိအနေဖြင့် အခက်အခဲများ ကြုံတွေ့နေရသည့်အတွက် မြန်မာနိုင်ငံသံရုံးသို့ ဆက်သွယ်ခဲ့ပြီး Relief Flight အတွက် စာရင်းပေးထားခဲ့ပါကြောင်း၊ နိုင်ငံတော်မှ စီစဉ်ပေးထားသည့် Relief Flight များသည် အခြားမြို့များတွင်ရှိပြီး ယင်းမြို့များသည် မွမ်ဘိုင်းမြို့မှ ကီလိုမီတာထောင်ကျော်ဝေးကွာသည့်အတွက် သွားရောက်ရန် အခက်အခဲရှိခဲ့ပါကြောင်း၊ မေ ၂၉ ရက်တွင် အိန္ဒိယနိုင်ငံရှိ မြန်မာနိုင်ငံသားများကို ပြန်လည်ခေါ်ဆောင်ရန် မွမ်ဘိုင်းမှ တိုက်ရိုက်ပျံသန်းမည့် အထူးလေယာဉ် စီစဉ်နေသည်ဟု ကြားသိခဲ့ရပါကြောင်း၊ သတင်းကြားသိရသည့်အတွက် မွမ်ဘိုင်းမှ ရန်ကုန်သို့ တိုက်ရိုက်သွားရောက်မည့် လေယာဉ်တွင် လိုက်ပါခွင့်ရရန် မြန်မာသံရုံးသို့ အကြောင်းကြားခဲ့ပါကြောင်း၊ မြန်မာသံရုံးအနေဖြင့် Relief Flight အတွက် တာဝန်ယူဆောင်ရွက်နေသည့် ဝန်ထမ်းနှစ်ဦးသာရှိသည့်အတွက် သေသေချာချာ မလုပ်ပေးနိုင်သေးသည်ကို ပြောကြားခဲ့ပါကြောင်း၊ Relief Flight ရှိသည့် ချန်နိုင်းမြို့သို့ သွားရောက်ရန် တိုက်တွန်းပါကြောင်း၊ မေလ ၂၈ ရက်တွင် မြန်မာသံရုံးက အထူးလေယာဉ်တွင် လိုက်ပါနိုင်ရန် ဆောင်ရွက်ပေးထားသည်ကိုအကြောင်းကြားခဲ့ပြီး လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသို့ ချောချောမွေ့မွေ့ ရောက်ရှိခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း။

များစွာတိုးတက်

မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ Hotel Quarantine ဝင်ရောက်ခဲ့ပါကြောင်း၊ နောက်တစ်ရက်တွင် ကိုရိုနာဗိုင်းရပ်စ် စမ်းသပ်မှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ကိုဗစ်–၁၉ ရောဂါပိုးတွေ့ရှိခဲ့သည့်အတွက် ဆေးရုံသို့ ချက်ချင်းသွားရောက်ခဲ့ရပါကြောင်း၊ ဆေးရုံသို့ ရောက်သည့်အခါ မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်မှာ များစွာတိုးတက်သွားသည်ကို ကိုယ်တိုင်တွေ့မြင်ခဲ့ရပါကြောင်း၊ တစ်ယောက်ခန်း၊ နှစ်ယောက်ခန်း၊ Air Con၊ အဝတ်လျှော်စက်များ ထားပေးသည်ကို တွေ့ရပါကြောင်း၊ မိမိအနေဖြင့် လူနာများ တစ်ယောက်နှင့် တစ်ယောက် မထိတွေ့ရေးနှင့် ရောဂါကူးစက်မှုများမရှိစေရေး ပစ္စည်းများ၊ ထမင်းများပို့နိုင်ရန် Remote Control ဖြင့် Trolley များ ဆောင်ရွက်ထားသည်ကို သဘောကျပါကြောင်း၊ ဆေးရုံတွင် ၁၄ ရက် တက်ရောက်ပြီးနောက် ထပ်မံစစ်ဆေးရာတွင် ရောဂါပိုးမတွေ့ရှိရသည့်အတွက် ဖောင်ကြီးတွင် Quarantine ၁၄ ရက် ထပ်မံထားခဲ့ပါကြောင်း ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ဩစတြေးလျနိုင်ငံမှ ပြန်လာသူ မသန္တာအောင်စိုးက တရုတ်နိုင်ငံ၌ ကိုဗစ်–၁၉ မဖြစ်ခင်အချိန် သုံးလခန့်ကတည်းက မိမိ၏ ဩစတြေးလျ အလည်အပတ်ခရီးစဉ်ကို ကြိုတင်စီစဉ်ခဲ့ပါကြောင်း၊ ယင်းခရီးစဉ်ကို မတ် ၉ ရက်တွင် စတင်ခဲ့ပါကြောင်း၊ ယင်းအချိန်တွင် ကိုဗစ်–၁၉ Case များ ကမ္ဘာတစ်ဝန်းတွင် စတင်ဖြစ်ပွားနေပြီ ဖြစ်ပါကြောင်း၊ ဩစတြေးလျနိုင်ငံအတွင်း Sydney မြို့ ပတ်ဝန်းကျင်ကို စတင်သွားရောက်ခဲ့ပါကြောင်း၊ ယင်းမြို့ပတ်ဝန်းကျင်တွင် Social Distancing ပြုလုပ်ခြင်းနှင့် Mask များကိုလည်း မသုံးကြသေးပါကြောင်း၊ ပထမတစ်ပတ်ကို ကောင်းကောင်း လည်ပတ်ခဲ့ပါကြောင်း။ **စာမျက်နှာ ၄ သို့ ☆**

☆ စာမျက်နှာ ၃ မှ

မတ်လ ၁၁ ရက်တွင် WHO က ကမ္ဘာ့ကပ်ရောဂါအဖြစ် ကြေညာခဲ့ပါကြောင်း၊ ကြေညာပြီးနောက်ပိုင်း ကမ္ဘာတစ်ဝန်းနှင့် ဩစတြေးလျနိုင်ငံတွင် Case များ တစ်နေ့ထက် တစ်နေ့ ထောင်နှင့်ချီပြီး များလာပါကြောင်း၊ ထိုသို့ ဖြစ်လာချိန်တွင် ဩစတြေးလျနိုင်ငံသည် မတ် ၂၃ ရက်တွင် Lock Down ချမှတ်လိုက်ပါကြောင်း၊ မိမိ ပြန်မည့်နေ့ရက်နှင့် တိုက်ဆိုင်သွားပါကြောင်း၊ လေကြောင်းလိုင်းက ခရီးစဉ် လုံးဝဖျက်သိမ်းခဲ့ကြောင်းကို အကြောင်းကြားလာပါကြောင်း။

ခရီးသွားဗီဇာဖြစ်သည့်အတွက် ဗီဇာသုံးလသာရပါကြောင်း၊ ထို့ကြောင့် အချိန်မီပြန်လာနိုင်ရန် တခြား လေကြောင်းလိုင်းများ ရှာသည့်အခါ တခြားနိုင်ငံများသည်လည်း Lock Down ချလိုက်သည့် အနေအထားမျိုး ရှိပါကြောင်း၊ ဩစတြေးလျနှင့် မြန်မာနိုင်ငံ တိုက်ရိုက်လေကြောင်းလိုင်းမရှိသည့်အတွက် Transit နိုင်ငံတစ်ခုခု လိုအပ်ပါကြောင်း၊ မိမိတို့ကို လက်ခံပေးမည့် Transit နိုင်ငံကလည်း လုံးဝမရှိပါကြောင်း။

ဒဏ်ကြေးသတ်မှတ်ထား

ဩစတြေးလျနိုင်ငံတွင် လိုအပ်သည့် အစားအသောက် ဝယ်ယူရန်မှလွဲ၍ တစ်ဦးထက်မပိုသည့် အပြင်ထွက်ခွင့်သာ ပေးထားပါကြောင်း၊ ကလေးကစားကွင်းကဲ့သို့ နေရာကအစ ပိတ်ထားပါကြောင်း၊ လူစုလူဝေး မလုပ်ရပါကြောင်း၊ ၎င်းတို့၏ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရပါကြောင်း၊ မလိုက်နာသူများအတွက် ဒဏ်ကြေးများစွာ သတ်မှတ်ထားပါကြောင်း၊ နေခဲ့သည့်ကာလတစ်လျှောက် ချမှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများကို လိုက်နာခဲ့ပါကြောင်း၊ လူငယ်များ ရောဂါကူးစက်ခံရပါက အစိုးရက ဆေးရုံမတက်ခိုင်းဘဲ အိမ်တွင် နားနားနေနေ နေခိုင်းပါကြောင်း၊ ရောဂါလက္ခဏာပြင်းလာပါက ဆေးရုံသို့ လာရန် ညွှန်ကြားပါကြောင်း၊ မြန်မာနိုင်ငံတွင်ရှိသည့် CERP ကဲ့သို့ အစီအစဉ်များ ဩစတြေးလျနိုင်ငံတွင်လည်း ရှိပါကြောင်း၊ ယင်း Plan တွင် နိုင်ငံသားများကို ထောက်ပံ့ပေးသည့် အစီအစဉ်များ ပါပါကြောင်း၊ ငွေကြေးလိုအပ်ချက်ရှိသူများကို ငွေကြေး ထောက်ပံ့ပေးပါကြောင်း၊ ဆေးရုံနှင့် ဆေးခန်းများတွင် ရောဂါလက္ခဏာရာခိုင်နှုန်းပြည့်ရှိသူများကို ဦးစားပေးလက်ခံပါကြောင်း၊ ရောဂါလက္ခဏာပြင်းထန်မှသာ ဆေးရုံတင်သည့် အနေအထားဖြစ်ပါကြောင်း။

လေကြောင်းလိုင်းများ ပိတ်လိုက်သည့်အတွက် Canberra ရှိ မြန်မာသံရုံးကို ဖုန်းဖြင့် ဆက်သွယ်ခဲ့ပါကြောင်း၊ ဆက်သွယ်ရာတွင် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးသည့်အတွက် များစွာအားတက်ရပါကြောင်း၊ လက်ရှိဖြစ်ပျက်နေသည့် အခြေအနေ၊ မြန်မာနိုင်ငံသို့ ပြန်နိုင်ရေး စီစဉ်နေသည့် အခြေအနေများနှင့် လိုအပ်ချက်များရှိပါက ဆက်သွယ်နိုင်ရန် ရှင်းပြပေးပြီး မိမိတို့၏ အချက်အလက်များကို တောင်းခံပါကြောင်း။

Relief Flight ဖြင့် ပြန်လာသည့်အခါတွင်လည်း အဆင်ပြေပါကြောင်း၊ သံရုံးက လေယာဉ်ပေါ်တက်သည့်အချိန်အထိ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးပါကြောင်း၊ လေယာဉ်ကွင်း၌ ရောဂါကာကွယ်ရေးအတွက် ပြင်ဆင်ထားရှိမှုကို နှိုင်းယှဉ်ပါက မြန်မာနိုင်ငံက ပိုမိုအားသာသည်ကို တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံသို့ ရောက်ရှိပြီး လေယာဉ်ကွင်းမှ Quarantine ဝင်ရောက်မည့် ဓမ္မာမာမက ကျောင်းတိုက်သို့ သွားသည့် ကားပေါ်တွင်လည်း Social Distancing ဆောင်ရွက်ထားသည်ကို တွေ့ရပါကြောင်း၊ ယင်းကျောင်းတိုက်တွင် ရေ၊ မီး၊ အိပ်ရာခင်း၊ စောင်၊ ခေါင်းအုံး အပြည့်အစုံထားရှိပြီး အစားအသောက်ကိုလည်း အချိန်မှန်လာရောက်ပို့ဆောင်ပေးပါကြောင်း၊ ကျောင်းတိုက်သို့ ရောက်ရှိပြီး သုံးရက်မြောက်နေ့တွင် ဆေးစစ်ချက်ယူပါကြောင်း၊ ရောဂါပိုးမတွေ့ရှိကြောင်းကိုလည်း Quarantine စင်တာမှ ကြီးကြပ်သူများက လာရောက်ပြောကြားပါကြောင်း၊ နှစ်ပတ်လောက်အကြာတွင် ထပ်မံစစ်ဆေးပြီး ရောဂါပိုးမတွေ့ရှိကြောင်းကို အကြောင်းကြားပါကြောင်း၊ မိမိ Quarantine ဝင်ရောက်ခဲ့သည့် စင်တာသည် အမျိုးသမီးများအတွက် လုံခြုံစိတ်ချရသည့် ပတ်ဝန်းကျင်တစ်ခုဖြစ်သည်ကို တွေ့ရပါကြောင်း၊ မိမိစဉ်းစားမိသည်မှာ အမျိုးသမီးများအတွက်သာမက ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ မသန်စွမ်းများ၊ ထိခိုက်လွယ်သူများနှင့် Gender ပိုင်းအရ ခံယူချက်မတူသူများအတွက် အဆင်ပြေမည့် နေရာထိုင်ခင်းမျိုးဖြစ်စေမည်ဆိုလျှင် များစွာကောင်းမွန်မည်ဟု တွေးမိပါကြောင်း၊ ကျန်းမာရေးမကောင်းသည့် အဘိုးအဘွားများအား ဆေးရုံတွင်ထားခြင်းမျိုးကို ဆောင်ရွက်စေလိုပါကြောင်း၊ အမျိုးသမီးများ၊ မသန်စွမ်းများနှင့် Gender ပိုင်းအရ ခံယူချက်မတူသူများအတွက် နေရာသီးသန့်ထားပေးသည့် သန့်စင်ခန်းများ ထားပေးပါက ပိုမိုကောင်းမွန်မည်ဟု

☆ ရောဂါပြန့်ပွားပြီးမှ ပြန်လည်ကုသရခြင်းသည် ပို၍ခက်ခဲပြီး အကုန်အကျလည်း ပိုမိုများ၊ တစ်ခါ ရောဂါကူးစက်ခံရသူသည် နောက်တစ်ကြိမ် ကူးစက်မှုမခံရနိုင်ဘူးဆိုသည့် အာမခံချက်မရှိ၊ ယခုအချိန်အထိ သိရှိထားသည်မှာ ပြန်လည်ကူးစက်မှု ခံရနိုင်၊ ယင်းကို သတိထားစေလို။

ထင်မြင်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ဆွေးနွေး တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်က သံရုံးဆိုသည်မှာ နိုင်ငံခြားတွင် ရောက်ရှိနေသည့် မိမိတို့ နိုင်ငံသူနိုင်ငံသားများ၏ အားကိုးစရာဖြစ်ရမည်ဖြစ်ကြောင်း၊ အမှန်တကယ် အရေးကြုံပါက မိမိတို့၏ သံရုံးများသို့ သွားရောက်ကာ အကူအညီတောင်း၍ ရယူနိုင်သည်ဆိုသည့် ယုံကြည်မှုကို ပြည်သူများကြားတွင် ရှိစေလိုပါကြောင်း။

အထောက်အထားစိစစ်

မလေးရှားနိုင်ငံတွင်လည်း မိမိတို့ နိုင်ငံသားများစွာ ရောက်ရှိနေပါကြောင်း၊ အချို့မှာ နိုင်ငံသားနှင့် ပတ်သက်ပြီး သက်သေအထောက်အထား မခိုင်လုံသည့်အတွက် ပြန်စိစစ်ရပါကြောင်း၊ ကျန်းမာရေးနှင့် ပတ်သက်ပြီး စောင့်ရှောက်မှုရှိခဲ့သည့် အခြေအနေ၊ နေထိုင်ခဲ့ရသည့် စည်းမျဉ်းစည်းကမ်းများနှင့် ရောဂါရှိသူများပါလာနိုင်သည့် အခြေအနေတို့ကို ကြည့်ရပါကြောင်း၊ ရောဂါရှိပြီဆိုပါက မိမိတို့နိုင်ငံတွင် ဆေးရုံသို့ပို့ပါကြောင်း၊ ထိုသို့ နိုင်ငံတိုင်းတွင် မလုပ်ပါကြောင်း၊ တချို့ချမ်းသာသည့် နိုင်ငံကြီးများတွင် ရောဂါပိုးတွေ့ရှိပါက ဆေးရုံသို့မခေါ်ဘဲ အိမ်မှာသာနေခိုင်းပါကြောင်း၊ အခြေအနေဆိုးလာမှသာ ဆေးရုံသို့ဆက်သွယ်ခိုင်းပါကြောင်း။

မိမိတို့နိုင်ငံတွင် Quarantine ထားပြီး ရောဂါတွေ့ရှိလျှင် ဆေးရုံသို့ပို့ပါကြောင်း၊ ဆေးရုံတွင်လည်း ဆေးဝါးပစ္စည်း လုံလုံလောက်လောက်နှင့် ဝန်ထမ်းများရှိရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် အစုလိုက် အပြုံလိုက်သွင်း၍ မရခြင်းဖြစ်ပါကြောင်း၊ Quarantine နေရာရှိရန်နှင့် တွက်ချက်ထားသည့် ရာခိုင်နှုန်းအရ ရောဂါပိုးပါလာသည့်သူများအတွက် ဆေးရုံများလည်း အဆင်သင့်ဖြစ်ရန် လုပ်ရပါကြောင်း။

COVID-19 ရောဂါတွေ့ရှိပါက ဆေးရုံသို့ ချက်ချင်းခေါ်ယူကုသစောင့်ရှောက်မှု ပေးနေပါကြောင်း၊ တခြားရောဂါများရှိနေလျှင် ယင်းရောဂါ၏ လိုအပ်ချက်အရ ဆေးရုံသို့ တင်ပါကြောင်း၊ ရောဂါမရှိဘဲ အသက်ကြီးသည့်အတွက် ဆေးရုံတွင် ခေါ်ယူစောင့်ရှောက်ပေးရန် သက်သက်ဆိုလျှင် ဆေးရုံများတွင် ယင်းကိစ္စအတွက် ဆောင်ရွက်ပေးရန် အင်မတန်ခက်ပါကြောင်း၊ ရောဂါရှိသူများတွက် ကျန်းမာရေးစောင့်ရှောက်မှု လုံလုံလောက်လောက်ပေးနိုင်အောင် ယခုဆောင်ရွက်နေပါကြောင်း၊ ရောဂါရှိသည့်အတွက် ဆေးရုံသို့ ရောက်လာပြီဆိုလျှင် အသက်ကြီးခြင်း၊ ငယ်ခြင်း မခွဲခြားဘဲအားလုံးကို စောင့်ရှောက်မှုပေးနေပါကြောင်း၊ များသောအားဖြင့် ကလေးငယ်များသည် မိဘများထံမှ ကူးစက်ခြင်းဖြစ်ပါကြောင်း၊ ကူးစက်ခံရသည့် ကလေးငယ်များသည် မိဘ၊ အစ်ကို၊ အစ်မ လူကြီးများနှင့်အတူ ဆေးရုံသို့ အတူရောက်ရှိလာခြင်းဖြစ်ပါကြောင်း၊ ကလေးငယ်များအနေဖြင့် အတိုင်းအတာတစ်ခုအထိသာ အထီးကျန်ပါကြောင်း၊ မသန်စွမ်းများ၊ Gender များနှင့်ပတ်သက်ပြီး Issue ရှိသည့် ပုဂ္ဂိုလ်များအား သေချာဂရုစိုက်ရန် ပြောကြားပေးမည်ဖြစ်ပါကြောင်း၊ အထိခိုက်အလွယ်ဆုံးသူများကို အထူးဂရုစိုက်ပေးရန်ဆိုသည့် မူဝါဒဖြင့် ဆောင်ရွက်နေပါကြောင်း ပြန်လည်သုံးသပ်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် COVID ကော်မတီကို ဇန်နဝါရီလကုန်ခန့်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဖေဖော်ဝါရီလ အစောပိုင်းတွင် စတင်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ စောစောစီးစီး စီစဉ်ဆောင်ရွက်ခဲ့သည့်အတွက် ယခုလောက်အထိ ခရီးရောက်သည်ဟု ထင်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနဆိုလျှင် ဇန်နဝါရီ ၄ ရက်ကတည်းက အစီအစဉ်များ ချမှတ်ခဲ့ခြင်းဖြစ်သည့်အတွက် အင်မတန်မှစောပါကြောင်း၊ တခြားနိုင်ငံများတွင် COVID ကို ပေါ့ပေါ့သာ စဉ်းစားနေသည့်အချိန်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အစီအစဉ်များ စောစောချမှတ်ခဲ့သည့်အတွက် WHO က ကမ္ဘာ့ကပ်ရောဂါအဖြစ် ကြေညာလိုက်သည့်အခါအတွင် မြန်မာနိုင်ငံတွင် COVID နှင့်ပတ်သက်ပြီး ခြေလှမ်းများ လှမ်းနေသည်မှာ နှစ်လကျော်ရှိပြီ ဖြစ်ပါကြောင်း၊ COVID နှင့်ပတ်သက်ပြီး လုပ်ဆောင်ရာတွင် ကျန်းမာရေးနှင့်အတူ စီးပွားရေးကိုပါ တစ်ခါတည်း ကြည့်ရှုဆောင်ရွက်ပါကြောင်း။

မနစ်နာ မထိခိုက်ရအောင်

COVID ဖြစ်ပြီဆိုလျှင် စီးပွားရေး အကျိုးဆက်များ များစွာရှိမည်ဖြစ်ပြီး ယင်းလုပ်ငန်းစဉ်များအတွက်လည်း ကြိုတင် ပြင်ဆင်ထားကြရန်နှင့် အတတ်နိုင်ဆုံး ပြည်သူများ မနစ်နာ၊ မထိခိုက်ရအောင် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ အလုပ်လက်မဲ့ ဖြစ်သွားသူများအတွက်လည်း တတ်နိုင်သမျှ အထိအခိုက်နည်းရန်နှင့် အလုပ်များ မြန်မြန်ပြန်လုပ်နိုင်ရန်အတွက် ဆောက်လုပ်ရေး၊ စိုက်ပျိုးရေးကဏ္ဍနှင့်သက်ဆိုင်သည့် စီမံကိန်းများကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ရန် ဖေဖော်ဝါရီလကတည်းက စတင်ပြီး စီစဉ်ခဲ့ပါကြောင်း။

အားလုံးခြုံငုံလိုက်လျှင် ပြည်သူ၏ ပူးပေါင်းဆောင်ရွက်မှုသည် အဓိကကျပါကြောင်း၊ ထို့ကြောင့် "ပြည်သူသာလျှင် အဓိက" ဟု တစ်ချိန်လုံး ပြောနေခြင်းဖြစ်ပါကြောင်း၊ ပြည်သူများက စည်းကမ်းမလိုက်နာလျှင် မည်မျှကောင်းသည့် စည်းကမ်းများ ထုတ်ထုတ် အဟောသိကံ ဖြစ်ကုန်မည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အာကစားဝန်ကြီးဌာနကို ကျေးဇူးတင်သောအားဖြင့် စည်းကမ်းများကို လိုက်နာကြစေလိုပါကြောင်း၊ ယခု COVID ကိစ္စသည် မပြီးသေးပါကြောင်း၊ မည်သည့်အချိန်တွင် ပြီးသွားမည်ဟုပြောရန် ခက်ခဲပါကြောင်း၊ ကာကွယ်ဆေးများကို ယခုစတင် စမ်းသပ်နေပြီဟု သိရပါကြောင်း၊ စမ်းသပ်အောင်မြင်မှု မည်မျှ မြန်မည်ဟု မသိပါကြောင်း၊ ပုံမှန်အားဖြင့် ကာကွယ်ဆေးအသစ်တစ်ခုကို စမ်းသပ်ပြီဆိုလျှင် နှစ်နှစ်ခန့် အချိန်ယူရပါကြောင်း၊ ယခု COVID သည် အရေးပေါ်ကိစ္စဖြစ်နေသည့်အတွက် ရေတိုကာလအတွင်း စမ်းသပ်နေပါကြောင်း၊ ရေတိုကာလအတွင်း စမ်းသပ်မည်ဆိုပါက သူ့အန္တရာယ်နှင့်သူ ရှိနိုင်ပါကြောင်း၊ သေသေချာချာ အန္တရာယ်ကင်းသလားဆိုသည်ကို စောင့်ကြည့်ရန် အချိန်သည် လုံလောက်ချင်မှ လုံလောက်မည်ဖြစ်ပါကြောင်း၊ မလုံလောက်ဘူးဆိုလျှင် ဆိုးကျိုးများ ရှိနိုင်ပါကြောင်း။

စည်းကမ်းလိုက်နာ

ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများထဲတွင် ပြန်လာကြလိုသူများ များစွာရှိသေးပါကြောင်း၊ ယမန်နေ့က ထိုင်းနိုင်ငံမှ ပြန်လာသူဦးရေ ၅၀၀ ကျော်နှင့် တရုတ်နိုင်ငံမှ ပြန်လာသူ ၁၃၀ ကျော် ရှိပါကြောင်း၊ ပြန်လာသူဦးရေကျလာပြီဖြစ်ပါကြောင်း၊ ယခင် နှစ်ပတ်၊ သုံးပတ်ကဆိုလျှင် နေ့စဉ်ထောင်ကျော် ပြန်လာကြပါကြောင်း၊ ပြည်ပရောက် မြန်မာနိုင်ငံသားများ ပြန်လည်ဝင်ရောက်မှု မည်သည့်အချိန်တွင် ရပ်သွားမည်ကို ပြော၍မရပါကြောင်း၊ အနည်းငယ် ပုံမှန်ဝင်ရောက်နေမည်ဖြစ်ပါကြောင်း၊ အနည်းငယ် ဝင်ရောက်လျှင် ကိုင်တွယ်၍ ရပါကြောင်း၊ အားလုံးကို Quarantine ထည့်ရမည်ဖြစ်ပါကြောင်း၊ ကုသရန် လိုအပ်သူများကို ကုသမှုပေးရမည်ဖြစ်ပါကြောင်း၊ ကိုယ်တိုင် အတွေ့အကြုံရှိခဲ့သူများကလည်း တတ်နိုင်သမျှ ကူညီပေးစေလိုပါကြောင်း၊ အဓိကမှာ မပေါ့ကြရန်နှင့် စည်းမျဉ်းစည်းကမ်းကို လိုက်နာကြရန် အားလုံးကို သတိပေးရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ပြီး COVID ရောဂါ မပြန့်ပွားအောင် ထိန်းသိမ်းရပါကြောင်း၊ ရောဂါပြန့်ပွားပြီးမှ ပြန်လည်ကုသရခြင်းသည် ပို၍ခက်ခဲပြီး အကုန်အကျလည်း ပိုမိုများပါကြောင်း၊ တစ်ခါ ရောဂါကူးစက်ခံရသူသည် နောက်တစ်ကြိမ် ကူးစက်မှုမခံရနိုင်ဘူးဆိုသည့် အာမခံချက် မရှိပါကြောင်း၊ ယခုအချိန်အထိ သိရှိထားသည်မှာ ပြန်လည်ကူးစက်မှု ခံရနိုင်ပါကြောင်း၊ ယင်းကို သတိထားစေလိုပါကြောင်း၊ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ကျန်းမာကြပါစေကြောင်းနှင့် COVID ကို အမြန်ဆုံး အနိုင်ယူနိုင်ကြပါစေကြောင်း ပြောကြားသည်။

သတင်းစဉ်

ပုသိမ်၌ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ပုသိမ် ဇူလိုင် ၁၄

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပုသိမ်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ (၄/၂၀၂၀) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက ပုသိမ်ခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး အစည်းဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင့်လွင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ချက်များနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အဖွဲ့ခွဲဝင်များအား မျှဝေအသိပေးခြင်းဖြစ်ပြီး လွတ်လပ်ပြီး တရားမျှသော ရွေးကောက်ပွဲဖြစ်မြောက်ရေးအတွက် ခရိုင်ကော်မရှင်အဖွဲ့ခွဲအနေဖြင့် မှန်မှန်ကန်ကန်နှင့် ဘက်မလိုက်ဘဲ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၊ ပုသိမ်ခရိုင်တာဝန်ခံ ဒေါ်လှလှမွန်နှင့် ခရိုင်ကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဇော်နိုင်ဦးတို့က ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိသည့် လုပ်ငန်းစဉ်များမှ နောက်ဆုံးစိစစ်ရန် ဆောင်ရွက်နေသည့် မဲစာရင်းများတွင် မှတ်ပုံတင်နံပါတ်မရရှိသေးသည့် မဲဆန္ဒရှင်များ မှတ်ပုံတင်အမြန်ဆုံးရရှိရေး ကိစ္စရပ်များ၊ ရွေးကောက်ပွဲ အသုံးစရိတ်များနှင့် ထောက်ပံ့ရရှိမှုအခြေအနေများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းမှုအတွက် ဖွဲ့စည်းတာဝန်ပေးအပ်မှုများ၊ မဲရုံမှူးသင်တန်းဖွင့်လှစ်သည့်အချိန်နှင့် ဆန္ဒမဲပေးသည့်အချိန်များတွင် ကျန်းမာရေးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများအတွက်

ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများကို တင်ပြဆွေးနွေးသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်း တင်သွင်းရက်ကို ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၇ ရက်အထိ ခရိုင်ရွေးကောက်ပွဲကော်မရှင်ရုံးတွင် စတင်လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး အမည်စာရင်းတင်သွင်းလွှာ စိစစ်မည့်ရက်ကို ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်ထိ သတ်မှတ်ထားကြောင်း သိရသည်။

ခင်စန္ဒာဆွေ(ပြန်/ဆက်)

မကျော်လွှားနိုင်တဲ့ အခက်အခဲဆိုတာ မရှိနိုင်

ကျွန်ုပ်တို့ ဗမာပြည်အကြောင်းကို ပြောကြားတဲ့အခါတိုင်း စည်းလုံးညီညွတ်ပြီး လွတ်လပ်တဲ့ဗမာပြည်တစ်ပြည်လုံးကို မျက်စိထဲမှာမြင်ယောင်ပြီး ပြောတာဖြစ်တယ်။ ကျုပ်တို့တစ်ပြည်လုံး စည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်ရာမှာ ကျွန်ုပ်တို့ နိုင်ငံတွင်းမှာရှိတဲ့ လူမျိုးစုအားလုံးကို ပြင်ပ ပယောဂမပါဘဲ လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးခွင့်ပေးရင် ကျွန်ုပ်တို့ မကျော်လွှားနိုင်တဲ့ အခက်အခဲဆိုတာ ဘာမှရှိမှာမဟုတ်ဘူး။ အားလုံးစည်းလုံးညီညွတ်လာမှာ အမှန်ပါပဲ။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၃-၁-၁၉၄၇ ရက်နေ့ လန်ဒန်မြို့တွင် နန်းရင်းဝန် အက်တလီနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင်၏ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ရှိ ထန်းတပင်ကျေးရွာ၊ ချောင်းကန်ကျေးရွာ၊ သလဲဦးကျေးရွာ၊ ပျဉ်းတော်ကျေးရွာတို့မှ တောင်သူ ၁၈၃ ဦး၏ လယ်ယာမြေများကို MEC သကြားစက်ရုံ (ကန့်ဘလူ)မှ သိမ်းယူခဲ့ပြီး မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး မြေပြန်စစ်ကော်မတီများက ပိုလျှံမြေဧက ၁၀၀ ကို ပြန်လည်စွန့်လွှတ်သင့်ပါကြောင်းနှင့် အသုံးပြုထားသောမြေများကို

ဒုတိယဝန်ကြီး
ဗိုလ်ချုပ်မြင့်နွယ်

ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း

လျော်ကြေးငွေ ပြန်လည်တွက်ချက်ပေးနိုင်ရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနသို့ သဘောထားတောင်းခံခဲ့ရာ ကြန့်ကြာနေမှုအား အမြန်ကူညီဆောင်ရွက်နိုင်ရန်နှင့် မည်ကဲ့သို့စီစဉ်ဆောင်ရွက်နေကြောင်း သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က မေးခွန်းနှင့်စပ်လျဉ်း၍ စိစစ်ချက်အရ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများမှ ပိုလျှံမြေ ဧက ၁၀၀ ဟု ဖော်ပြပါရှိသော်လည်း အဆိုပါ မြေများမှာ သကြားစက်ရုံ (ကန့်ဘလူ)အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန အမိန့်ရရှိပြီးသော မြေများဖြစ်ခြင်း၊ လက်ရှိသကြားစက်ရုံ လည်ပတ်ဆောင်ရွက်လျက်ရှိခြင်း၊ မျိုးကြံ စိုက်ပျိုးမြေများဖြစ်ခြင်း၊ မျိုးကြံစိုက်ပျိုးမြေများအား မြေလဲလှယ်စိုက်ပျိုးရေးစနစ်ဖြင့် ဆောင်ရွက်ထားရှိခြင်းတို့ကြောင့် ပိုလျှံမြေမရှိပါကြောင်း၊ စက်ရုံအတွက် မြေစတင်သိမ်းဆည်းစဉ်ကပင် ၎င်းခေတ်ကာလနှင့် လျော်ညီသော လျော်ကြေးငွေများ ပေးလျော်ပြီးဖြစ်ခြင်းတို့ကြောင့် လျော်ကြေးငွေထပ်မံပေးလျော်ရန် မရှိပါကြောင်းနှင့် ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်း၏ နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူပြီးပါက မိမိနေထိုင်ရာ မြို့နယ်များတွင် ပင်စင်လစာများကို ထုတ်ယူခွင့်ရရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အငြိမ်းစားများ၏ လစဉ်ပင်စင်ထုတ်ပေးရေးကိစ္စ ဆောင်ရွက်ရာတွင် ဦးစီးဌာန အငြိမ်းစားများနှင့် ကာကွယ်ရေးအငြိမ်းစားများအတွက် လုပ်သက်ဆုကြေးငွေနှင့် လစဉ်ပင်စင်လစာငွေများကို ပင်စင်ဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲအသီးသီးတွင် သွားရောက်ငွေစာရင်းဖွင့်လှစ်၍ အငြိမ်းစားမှထုတ်ယူရန် ဆန္ဒပြုသည့်ဘဏ်ခွဲများတွင် ငွေပေးမိန့်များ ထုတ်ပြန်ပေးပို့၍ အဆင်ပြေစွာ ထုတ်ယူနိုင်ရန်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊

လုပ်ငန်းအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များမှ အငြိမ်းစားများအတွက် လစဉ်ပင်စင်များကို ၎င်းတို့အဖွဲ့အစည်း၏ အစီအစဉ်ဖြင့် ထုတ်ပေးလျက်ရှိရာတွင် အငြိမ်းစားမှ ဆန္ဒပြုသည့်အတိုင်း တစ်လတစ်ကြိမ်၊ သုံးလတစ်ကြိမ်၊ ခြောက်လတစ်ကြိမ်၊ တစ်နှစ်တစ်ကြိမ် စသည်ဖြင့် ၎င်းတို့လုပ်ငန်းနှင့် စက်ရုံတည်ရှိရာ ဒေသများတွင် ထုတ်ပေးခြင်း၊ အငြိမ်းစားများမှ ၎င်းတို့ထုတ်ယူလိုသည့် မြို့နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ထုတ်ယူရန် ဆန္ဒပြုလာပါက ၎င်းတို့ဆန္ဒပြုသည့် မြို့နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲသို့ လုပ်ငန်းအဖွဲ့အစည်း၏ အစီအစဉ်ဖြင့်လွှဲပို့၍ ထုတ်ပေးလျက်ရှိပါကြောင်း။

Myanmar Mobile Money, Wave Money စသည့် မိုဘိုင်းဝန်ဆောင်မှုလုပ်ငန်းများကို အသုံးပြု၍ ပင်စင်လစာများ ထုတ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထား

မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ ပင်စင်လစာကို လွယ်ကူသက်သာစွာဖြင့် ထုတ်ယူနိုင်ရန် e – Pension Card ပြုလုပ်၍ စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း၊ ထို့ပြင် ယခုအခါ Myanmar Mobile Money, Wave Money စသည့် မိုဘိုင်းဝန်ဆောင်မှုလုပ်ငန်းများကို အသုံးပြု၍ ပင်စင်လစာများထုတ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဆီဟူးဒွေ့၏ ဧရာဝတီမြစ်ရေလွှမ်းခြင်းမှကာကွယ်နိုင်ရန် မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ စီတာပူရပ်ကွက်၊ ကချင်စုရပ်ကွက်၊ ကျွန်းပင်သာရပ်ကွက်နှင့် လယ်ကုန်းရပ်ကွက်များ၏ မြစ်ကမ်းပါးတစ်လျှောက် ရေထိန်းကမ်းပါးပေါင်အား သံကူကွန်ကရစ်ကျောက်စီခြင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မြစ်ကြီးနားမြို့ ဧရာဝတီမြစ်ရေလွှမ်းခြင်းမှကာကွယ်ရန် မြစ်ကမ်းပါးတစ်လျှောက် ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်း၊ မြေသားတာပေါင်ဖို့ခြင်း၊ ရေထိန်းတံခါးတည်ဆောက်ခြင်းလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်ပေးသွားရန်ရှိပါကြောင်း၊ ယင်းအတွက်

ရခိုင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၁၀)မှ ဦးကျော်သန်း

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၃)မှ ဦးဝင်းအောင်

အကြိုဆောင်ရွက်ရမည့် လုပ်ငန်းများစီမံ၍ လိုအပ်သည့် ရန်ပုံငွေကို ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေမှ နှစ်အလိုက် ကျခံပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၏ Asean University Games ပြိုင်ပွဲများ၌ မြန်မာ့တက္ကသိုလ် ရေကူးအသင်းသည် ယခုအခါ ပါဝင်ယှဉ်ပြိုင်နိုင်ခြင်း မရှိတော့သည့်အတွက် ယခင်ကကဲ့သို့ မြန်မာ့တက္ကသိုလ်ပေါင်းစုံ ရေကူးပြိုင်ပွဲများကျင်းပ၍ ရေကူးအားကစားလောက ယခုထက်ပိုမိုမြင့်တင်ပေးနိုင်ရန် မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် လက်ရှိမြန်မာ့ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ နုတ်ထွက်သွားပြီးနောက် အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်မှုကို မည်သည့်ကာလ၌ မည်သို့အစားထိုးရွေးချယ်နိုင်မည်ကို သိရှိလိုခြင်းမေးခွန်းတို့နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့ နုတ်ထွက်စာတင်ပြခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအနေဖြင့် ယခုလတ်တလောတွင် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ခေတ္တဥက္ကဋ္ဌအဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အား တာဝန်ပေးအပ်ထားရှိပါကြောင်း၊ အတည်ပြုဖွဲ့စည်းရေးနှင့် ပြန်လည်ပြင်ဆင်ရွေးကောက်တင်မြှောက်နိုင်ရေးအတွက် ကျန်ရှိသော မြန်မာ့အားကစားအဖွဲ့ချုပ်များနှင့် အတူ ရွေးကောက်ပွဲကော်မရှင် ပြန်လည်ဖွဲ့စည်း၍ စီစဉ်ဆောင်ရွက်ရန် ပြင်ဆင်ထားသည့်ကာလအတွင်း ကမ္ဘာ့ကပ်ရောဂါ COVID –19 ဖြစ်ပေါ်လာခြင်းကြောင့် ခေတ္တဆိုင်းငံ့ထားရပြီး အားကစားလှုပ်ရှားမှုများ စတင်ဆောင်ရွက်ခွင့်ပြုသည့် အချိန်တွင် ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း။

တက္ကသိုလ်ရေကူးအားကစားလောက ယခုထက် ပိုမိုမြင့်တင်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ နှစ်စဉ် နွေရာသီအခြေခံ ရေကူးသင်တန်း၊ အဆင့်မြင့်ရေကူးသင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်ပေးခြင်း၊ အခြေခံပညာမှ စတင်၍ တက္ကသိုလ်ပေါင်းစုံအဆင့်အထိ ရေကူးအားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်း၊ နည်းပြဆရာသင်တန်းများ ကျင်းပပြုလုပ်ပေးခြင်း၊ နိုင်ငံခြားနည်းပြများကိုလည်း ငှားရမ်းလေ့ကျင့်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်း၏ မြေယာသိမ်းဆည်းခြင်း ကိစ္စရပ်များနှင့် မြေယာအငြင်းပွားမှုကိစ္စရပ်များ မဖြစ်ပွားမီရှေးကာလများကပင် ထုတ်ပေးထားသည့် မြေခွန်ပြေစာပါ ကွင်းအမည်၊ ကွင်းအမှတ်၊ ဦးပိုင်အမှတ်ပါ မြေတည်နေရာမှာ မြေသိမ်းဆည်းခြင်းကိစ္စရပ်များနှင့် မြေယာ လုပ်ပိုင်ခွင့်အငြင်းပွားမှုကိစ္စရပ်များ ဖြစ်ပေါ်လာပြီးနောက်ပိုင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (မြေစာရင်း)မှ ၎င်းတို့၏ မှတ်တမ်းများအရ တောင်သူမှ တင်ပြလာသည့် မြေနေရာနှင့် တောင်သူလက်ဝယ်ရှိ မြေခွန်ပြေစာပါ မြေတည်နေရာမှာ ကွဲလွဲမှုများရှိနေသည်ဟု ဆိုလာပါသဖြင့် အဆိုပါကိစ္စကို မည်ကဲ့သို့ ဖြေရှင်းပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်ကလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး၏ ဧရာဝတီတိုင်းဒေသကြီး၊ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပုသိမ်မြို့ရှိ ကျောက်တိုင်အားကစားကွင်းနှင့် ကိုးသိန်းအားကစားကွင်းတို့အား ဝန်ကြီးဌာနအနေဖြင့် ပြန်လည်ရယူ၍ မျိုးဆက်သစ်လူငယ်များ အားကစားပြုလုပ်နိုင်ရန် တိုင်းအားကစားကွင်းနှင့် မြို့နယ်အားကစားကွင်းအဖြစ် ပြန်လည်သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်ကလည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဒေါ်ကျိန်ငိုက်မန်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အသေးစား ငွေရေးကြေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ပြင်ဆင်ချက်ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် စောယှားဖောင်အွာက ကော်မတီ၏ “မြန်မာနိုင်ငံအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်း၏ ဓာတုဓာတ်ကြွင်းများကြောင့် ဖြစ်ပေါ်စေသော ဘေးထွက်ဆိုးကျိုးများ လျှော့ချခြင်းဆိုင်ရာ လေ့လာစိစစ်မှု” အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ဇူလိုင် ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်(သတင်းစဉ်)

(၇၃)နှစ်မြောက် အာဇာနည်နေ့ အကြိုဆောင်းပါး

အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်

၁၉၀၃ ခုနှစ် အောက်တိုဘာလ ၂၆ ရက် တနင်္လာနေ့တွင် မြစ်ဝကျွန်းပေါ် ဟင်္သာတမြို့နယ် ယုန်သလင်းရွာ၌ ဖွားမြင်သည်။ အဖ ယုန်သလင်းရွာသူကြီး မြေပိုင်ရှင် ဦးမန်းပေကုန်း၊ အမိ ဒေါ်ပု ဖြစ်သည်။ မွေးချင်း ငါးဦးတွင် ဒုတိယမြောက်သား ဖြစ်သည်။ ညီဖြစ်သူ မန်းဘဆိုင်မှာ ဖဆပလခေတ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် ထင်ရှားသည်။

ဟင်္သာတမြို့ အေဘီအမ်စာသင်ကျောင်း၌ စတင်ပညာသင်သည်။ ၁၉၂၀ ပြည့်နှစ်တွင် သတ္တမတန်းအောင်သည်။ ဝါသနာအရ ဘားမားရိုင်ဖယ်စစ်တပ်ထဲ ဝင်ရာ မိဘများသဘောမတူ၍ တပ်မှထွက်ခဲ့ရသည်။ ထို့နောက် ရန်ကုန်မြို့ အေစကော့ဘိလပ်ရည်ကုမ္ပဏီတွင် အလုပ်ဝင်သည်။

၁၉၂၃ ခု ဧပြီလ ၂ ရက်တွင် ယုန်သလင်းရွာမှ မန်းဘိုးညွန့်နှင့် ဒေါ်နန်းကီး တို့၏ သမီး နမ့်အေးလုံ(မအေးလုံ) ခေါ် နမ့်စိန်ကြည်နှင့် လက်ထပ်သည်။ သားသမီး ရှစ်ဦး ထွန်းကားသည်။

ကရင်စာသင်ကျောင်းတည်ထောင်

၁၉၂၆ ခုနှစ်တွင် ရန်ကုန်မြို့ အေးစကော့ကုမ္ပဏီ၌ လစာ ၂၅၀ ဖြင့် လက်ထောက်မန်နေဂျာအဖြစ် အမှုထမ်းသည်။ ထိုစဉ် ကရင်အမျိုးသား စာရေးတစ်ယောက်နှင့်ပတ်သက်ပြီး ကုမ္ပဏီအရာရှိ မစ္စတာလစ်ဗင်းစတုံးက ခန့်အပ်ခဲ့သည်။ ထိုလစ်လပ်သွားသောနေရာအတွက် ၁၉၃၇ ခုနှစ် မေလ ၁ ရက်တွင် ကြားဖြတ်ရွေးကောက်ပွဲ ထပ်မံကျင်းပရာ မန်းဘခိုင် အနိုင်ရ၍ ဥပဒေပြု အောက်လွှတ်တော်အမတ် ဖြစ်လာသည်။ ၁၉၃၇ ခုနှစ်မှ ၁၉၄၂ ခုနှစ် ဂျပန်ဝင်လာသည့်တိုင် အောက်လွှတ်တော် ဥပဒေပြုအမတ်အဖြစ် မြစ်ဝကျွန်းပေါ် ကရင်တိုင်းရင်းသားများ၏ နိုင်ငံရေး၊ ပညာရေး၊ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်သည်။ စီးပွားရေးလုပ်ငန်းအနေဖြင့် ဟင်္သာတမှ ရန်ကုန်လှေဖြင့် ငှက်ပျောခိုင်ရောင်းချသည့် ငှက်ပျောကုန်သည်လုပ်ငန်း လုပ်ကိုင်သည်။

၁၉၃၈ ခုနှစ် မတ်လ ၂၃ ရက်တွင် ပဲခူးမြို့ သူဌေး ဦးအဖောက်၊ ဒေါ်သိန်းမေတို့၏ သမီးထွေး မခင်နီနှင့် ဒုတိယအကြိမ် အိမ်ထောင်ပြုသည်။ သားသမီး နှစ်ဦး မောင်စိန်ခိုင်နှင့် မမြင့်မြင့်ခိုင် ထွန်းကားသည်။

၁၉၄၀ ပြည့်နှစ် ဇွန်လ ၁ ရက် ဟင်္သာတစီရင်စု ဇလွန်မြို့နယ် ဒေါင့်ကြီး

မန်းဘခိုင်၏မိသားစုအား တွေ့ရစဉ်။

ကရင်လူမျိုးအားလုံးကို သိမ်းကျုံးစော်ကားသောစကားကြားရရာ မကျေနပ်၍ ကုမ္ပဏီမှနုတ်ထွက်ခဲ့သည်။ ဇာတိ ဟင်္သာတမြို့နယ် ယုန်သလင်းရွာပြန်ပြီး ညီအစ်ကိုများ စုပေါင်းကာ "အောင်ခင်ဘရားသား ရုပ်ဆိုင်" တည်ထောင်သည်။ ၁၉၃၀ ပြည့်နှစ်တွင် ကြယ်တာရာကားလိုင်း တည်ထောင်သည်။ လူမှုရေးအနေဖြင့် လူငယ်များအတွက် ကရင်စာသင်ကျောင်းတည်ထောင်၍ ကိုယ်တိုင်စီမံအုပ်ချုပ်သည်။ ရန်ကုန်ရှိ ကရင်အမျိုးသားခေါင်းဆောင် ဆစ်ဒနီလူနီ၊ သရာရွှေဘတို့နှင့် ဆက်သွယ်ပြီး မြစ်ဝကျွန်းပေါ် မြို့ရွာများတွင် မွန်၊ ကရင်အသင်းအဖွဲ့များ တည်ထောင်သည်။ ယုန်သလင်းရွာ ငွေစုငွေချေးသမဝါယမအသင်းကိုလည်း ဦးဆောင်တည်ထောင်သည်။ မြစ်ဝကျွန်းပေါ် ကရင်အမျိုးသားများအတွက် နိုင်ငံရေး၊ လူမှုရေး၊ ပညာရေးလုပ်ငန်းများ ဆောင်ရွက်သည်။

၁၉၃၆ ခု နိုဝင်ဘာလ ၉၁ ဌာန အုပ်ချုပ်ရေးသစ် ရွေးကောက်ပွဲ၌ မအူပင်မြောက်ပိုင်းမှ ဝင်ရောက်ယှဉ်ပြိုင်သည်။ ကရင်အမျိုးသား မန်းထွန်းခင်နှင့် ယှဉ်ပြိုင်ရွေးကောက်ခံရာ ရှုံးနိမ့်ခဲ့သည်။ ၁၉၃၇ ခု ဖေဖော်ဝါရီလ ၂၅ ရက်တွင် ပုသိမ်မြောက်ပိုင်း ကရင်လူမျိုးစုနယ်မှ အောက်လွှတ်တော်ဥပဒေပြုအမတ် ကရင်အမျိုးသား သရာရွှေဘကို ဘုရင်ခံက အထက်လွှတ်တော်အမတ်အဖြစ် တရားပွဲ ၌ သခင်အောင်ဆန်းကို အစိုးရအကြည်ညိုပျက်အောင် ဟောပြောမှုဖြင့် ဟင်္သာတ ရာဇဝတ်ဝန် ဇာဗီးယား (D.W.Harrison Xavier)က ဇွန် ၂၉ ရက်စွဲနှင့် ရာဇဝတ်ပုဒ်မ ၁၂၄ (က)အရ ဆုငွေ ၅ ကျပ်ဖြင့် ဝရမ်းထုတ်သည်။ ထိုအချိန်တွင် သခင်အောင်ဆန်းသည် မြေအောက်လှုပ်ရှားမှု(ယူဂျီ) အတွက် ရန်ပုံငွေရှာရန် သခင်တင်မောင် (ကျုံမငေး) နှင့်အတူ ဒေါင့်ကြီးရွာ သခင်လှထွန်းထံ ရောက်နေသည်။ အဖမ်းမခံဘဲ ရန်ကုန်ပြန်ရန်စီစဉ်ရာ ရထားလမ်း၊ သင်္ဘောလမ်းများ၌ အစောင့်များ ချထားသည်နှင့် ကြုံရသည်။ နောက်ဆုံး သခင်တင်မောင်နှင့် ရင်းနှီးရာ ဟင်္သာတ ရာဇဝတ်ဝန်ထောက် ဦးလှတောထံ သွားရောက်အကူအညီတောင်းသည်။ ရာဇဝတ်ဝန်ထောက်ကတော် မာရီလှတော (ဒေါ်ခင်ခင်ဦး) ကိုယ်တိုင်ကားမောင်း၍ ယုံကြည်စိတ်ချရသည့် ယုန်သလင်းရွာ ကရင်အမျိုးသား မန်းဘခိုင်ထံ ပို့ဆောင်ပေးသည်။ မန်းဘခိုင်က သခင်အောင်ဆန်းနှင့် သခင်တင်မောင်ကို ငှက်ပျောလှေဖြင့် ရန်ကုန်အရောက် ပို့ဆောင်ပေးခဲ့သည်။

အတွင်းဝန်အဖြစ် ခန့်အပ်ခံရ

၁၉၄၀ ပြည့်နှစ် စက်တင်ဘာလ ၇ ရက်တွင် ကျင်းပသည့်အောက်လွှတ်တော် အစည်းအဝေး၌ နန်းရင်းဝန် ဦးပုဦးဆောင်သော ညွန့်ပေါင်းအစိုးရသည် ဂဠုန် ဦးစော၏ အယုံအကြည်မရှိအဆိုဖြင့် ဖြုတ်ချခံရသည်။ စက်တင်ဘာ ၉ ရက်တွင်

၁၉၄၀ ပြည့်နှစ် ဇွန်လ ၁ ရက် ဟင်္သာတစီရင်စု ဇလွန်မြို့နယ် ဒေါင့်ကြီးတရားပွဲ၌ သခင်အောင်ဆန်းကို အစိုးရအကြည်ညိုပျက်အောင် ဟောပြောမှုဖြင့် ဟင်္သာတရာဇဝတ်ဝန် ဇာဗီးယားက ဇွန် ၂၉ ရက်စွဲနှင့် ရာဇဝတ်ပုဒ်မ ၁၂၄ (က)အရ ဆုငွေ ၅ ကျပ်ဖြင့် ဝရမ်းထုတ်သည်။ သခင်အောင်ဆန်းသည် သခင်တင်မောင်နှင့်ရင်းနှီးရာ ဟင်္သာတရာဇဝတ်ဝန်ထောက် ဦးလှတောထံ သွားရောက်အကူအညီတောင်းသည်။ ရာဇဝတ်ဝန်ထောက်ကတော် မာရီလှတော (ဒေါ်ခင်ခင်ဦး) ကိုယ်တိုင်ကားမောင်း၍ ယုံကြည်စိတ်ချရသည့် ယုန်သလင်းရွာ ကရင်အမျိုးသား မန်းဘခိုင်ထံ ပို့ဆောင်ပေးသည်။ မန်းဘခိုင်က သခင်အောင်ဆန်းနှင့် သခင်တင်မောင်ကို ငှက်ပျောလှေဖြင့် ရန်ကုန်အရောက် ပို့ဆောင်ပေးခဲ့သည်။

မန်းဘခိုင် (၁၉၀၃-၁၉၄၇)

ဗိုလ်ချုပ်ဦးဆောင်သည့် ကြားဖြတ်အစိုးရအဖွဲ့တွင် အလုပ်သမားနှင့် စက်မှုလက်မှုဌာနဝန်ကြီး တာဝန်ထမ်းဆောင်နေစဉ် ဗိုလ်ချုပ်နှင့်အတူ လုပ်ကြံခံရသည့် ကရင်အမျိုးသား အာဇာနည်ခေါင်းဆောင်ကြီးတစ်ဦး ဖြစ်သည်။ ၁၉၃၆-၄၂ ခုနှစ်၊ ၉၁ ဌာနအုပ်ချုပ်ရေးခေတ် ပုသိမ်မြောက်ပိုင်း အောက်လွှတ်တော် ဥပဒေပြုအမတ်၊ နန်းရင်းဝန် ဦးစောဦးဆောင်သည့် ညွန့်ပေါင်းအစိုးရ၊ တရားဝန်ကြီးစောဖေသာ၏ ကိုယ်ရေးအတွင်းဝန်၊ ၁၉၄၅ မတ်လ ဖက်ဆစ်တော်လှန်ရေးတွင် ဟင်္သာတနယ်မှ ဦးဆောင်စည်းရုံးရေး ခေါင်းဆောင်၊ စစ်ပြီးခေတ် ဗိုလ်ချုပ်ဦးဆောင်သည့် ဖဆပလ ဗဟိုအလုပ်အမှုဆောင်၊ မြစ်ဝကျွန်းပေါ် ဖဆပလ စည်းရုံးရေး တာဝန်ခံ၊ ကရင်အမျိုးသားအဖွဲ့ (ကေစီအို) နောင်ကရင်အမျိုးသားအဖွဲ့ချုပ် (ကေအင်န်ယူ) ဗဟိုဦးစီးအဖွဲ့ဝင်၊ ကရင်လူငယ်အစည်းအရုံး(ကေဝိုင်အို) ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်ဦးဆောင်သည့် ယာယီအမျိုးသားအစိုးရ၊ အလုပ်သမားနှင့် စက်မှုလက်မှုဌာနဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ စိတ်ဝင်စားဖွယ်ဖြစ်ရပ်မှာ ၁၉၄၀ ပြည့်နှစ်၊ ဇွန်လ ၂၉ ရက်တွင် ဟင်္သာတရောက်နေသော တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူး သခင် အောင်ဆန်းကို ဇွန်လ ၁ ရက်က ဇလွန်မြို့ ဒေါင့်ကြီးရွာတရားပွဲ၌ အစိုးရအကြည်ညိုပျက်အောင် ဟောပြောမှုဖြင့် ဟင်္သာတစီရင်စု ရာဇဝတ်ဝန် ဇာဗီးယားက ဆုငွေ ၅ ကျပ် ဝရမ်းထုတ်ခဲ့သည်။ သခင်အောင်ဆန်းနှင့် သခင်တင်မောင်(ကျုံမငေး) တို့ အဖမ်းမခံရအောင် ဟင်္သာတရာဇဝတ်ဝန်ထောက်ဦးလှတော၏ဇနီး မာရီလှတော ခေါ် ဒေါ်ခင်ခင်ဦး၏ကူညီမှုဖြင့် ယုန်သလင်းရွာ ကရင်အမျိုးသားမန်းဘခိုင်က ရန်ကုန်အရောက် ငှက်ပျောလှေဖြင့် လျှို့ဝှက်ပို့ပေးခဲ့ခြင်းပင် ဖြစ်သည်။

ဂဠုန်ဦးစောဦးဆောင်သည့် ညွန့်ပေါင်းအစိုးရတက်လာသည်။ နန်းရင်းဝန် ဦးစော၏ ညွန့်ပေါင်းအစိုးရတွင် ကရင်အမျိုးသား စောဖေသာ (၁၉၀၀-၁၉၄၂) သည် တရားရေးဝန်ကြီး ဖြစ်လာသည်။ ၁၉၄၁ ခုနှစ်တွင် မန်းဘခိုင်သည် တရားရေးဝန်ကြီး စောဖေသာ၏ အတွင်းဝန်အဖြစ် ခန့်အပ်ခံရသည်။

ဂျပန်ခေတ် ၁၉၄၂-၄၄ တွင် ရန်ကုန် ပုဇွန်တောင် အေးတံတားအနီး ငှက်ပျောရွဲလုပ်ငန်း လုပ်ကိုင်သည်။ ဗုံးဒဏ်ကြောင့် ဟင်္သာတ ယုန်သလင်းရွာ၌ ပြောင်းရွှေ့နေထိုင်သည်။ ဟင်္သာတခရိုင် ဖက်ဆစ်တော်လှန်ရေးအတွက် ယုန်သလင်းအပိုင် ခမောက်စုကျေးရွာရှိမန်းဘခိုင်၏နေအိမ်၌ဗိုလ်အောင်မင်း၊ ဗိုလ်အောင်ကြီး၊ ဗိုလ်လှကြည်၊ ကိုမောင်ကြီး၊ ဟင်္သာတဦးမြတို့နှင့်အတူ စီစဉ်ဆောင်ရွက်သည်။ မန်းဘခိုင်၏သား စချစ်ခင်ခိုင်သည် ဗိုလ်ခင်ဝင်း အမည်ဖြင့် ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်ခဲ့သည်။

ဖဆပလ ဗဟိုဦးစီးအဖွဲ့ဝင် ဖြစ်လာ

ဖက်ဆစ်တော်လှန်ရေးအပြီး ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၉ ရက်တွင် ရန်ကုန်မြို့ ဗဟန်းရပ် ကန်တော်ကြီးစောင်း နေသူရိန်ကဇာတ်ရုံ၌ ဖတပလ အဖွဲ့ကြီးက ကြီးမှူး၍ လူထုအစည်းအဝေးကြီးကျင်းပရာ နေသူရိန်ညီလာခံဟု အမည်တွင်သည်။ ထိုညီလာခံက ဖတပလကို ဖဆပလအမည်ပြောင်း၍ ဖဆပလ ဗဟိုဦးစီးအဖွဲ့ဝင် ၂၁ ဦးကို ၃၆ ဦးအထိ တိုးချဲ့ရာ သရာသာထိုနှင့်အတူ မန်းဘခိုင်သည် ကရင်အမျိုးသားကိုယ်စားပြု ဖဆပလ ဗဟိုဦးစီးအဖွဲ့ဝင် ဖြစ်လာသည်။ ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလတွင် ဖဆပလမြစ်ဝကျွန်းပေါ် စည်းရုံးရေးတာဝန်ခံအဖြစ် သခင်ဝတင်၊ ဦးဘဆွေ၊ ဟင်္သာတဦးမြတို့နှင့်အတူ စည်းရုံးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

၁၉၄၅ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် ရန်ကုန်မြို့ ကြည့်မြင်တိုင် ဦးလူနီလမ်း အိမ်နံပါတ် ၂ ၌ ကရင်အမျိုးသားဗဟိုအဖွဲ့(ကေစီအို) စတင်ဖွဲ့စည်းရာ မန်းဘခိုင်သည် အမှုဆောင်ကော်မတီဝင်ဖြစ်လာသည်။ ကေစီအိုက ကရင်လူငယ်များကို စုစည်းပြီး ကေဝိုင်အို ထပ်မံဖွဲ့စည်းသည်။ အသစ်ဖွဲ့စည်းသည့် ကေဝိုင်အိုဥက္ကဋ္ဌ စောထွန်းစိန်သည် ပြန်လည်ဖွဲ့စည်းသည့် တပ်မတော်တွင် ပြန်လည်တာဝန်ထမ်းဆောင်ရာ မန်းဘခိုင်သည် ကေဝိုင်အို၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသည်။ အတွင်းရေးမှူးမှာ သရာသာထို ဖြစ်သည်။

စာမျက်နှာ ၇ သို့ ❍

❖ ကျောဖုံးမှ
ဝန်ကြီးဌာနအနေဖြင့် အစိုးရစက်မှုလက်မှုသိပ္ပံ (မင်းဘူး)အတွက် ကျောင်းမြေနေရာရရှိသတ်မှတ်ပြီးပါက ဘဏ္ဍာငွေများ တင်ပြတောင်းခံမည်ဖြစ်ပြီး မင်းဘူးခရိုင်အတွင်း အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတစ်ကျောင်း ထပ်မံဖွင့်လှစ်ပေးရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မြေကာနံရံ ၂၅ ခု တည်ဆောက်ရန် လျာထားတင်ပြတောင်းခံထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်

မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ မင်းတပ်–မတူပီလမ်းဖြစ်သည့် မင်းတပ်မြို့တွင်းလမ်းအား ဆက်လက်ချဲ့ပေးရန်နှင့် လမ်းတာချဲ့ရန်အတွက် နောက်ဆုတ်ပေးခဲ့သော အိမ်နှင့်လမ်းမကြီးအကြား ဖြစ်ပေါ်နေသည့် ချောက်နေရာများအား မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက မင်းတပ်မြို့အတွင်း လမ်းတာချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းနယ်နိမိတ်နှင့် မလွတ်ကင်း၍ နောက်ဆုတ်ပေးခဲ့ရသော အိမ်ခြံဝင်းနှင့် လမ်းမကြီးအကြား ချောက်ဖြစ်နေသော နေရာများတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အရှည်ပေ ၁၀၀ မြေကာနံရံ ၁၅ ခု ဆောင်ရွက်ရန်အတွက်လည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အရှည်ပေ ၁၀၀ မြေကာနံရံ ၁၀ ခု ဆောင်ရွက်ရန်အတွက်လည်းကောင်း ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင် မြေကာနံရံ ၂၅ ခု တည်ဆောက်ရန် လျာထားတင်ပြတောင်းခံထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၏ တောင်ကုတ်မြို့နယ် ပန်းတင်းကျွန်းပေါ်ရှိ အရှေ့ဘက်–ပိန္နဲကိုင်း–ငမုန်းတိုင်း ကျေးရွာချင်းဆက်လမ်းအား မြေသားအမာခံ လမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ပန်းတင်းကျွန်းပေါ်တွင်ရှိသည့် အရှေ့ဘက်–ပိန္နဲကိုင်း–ငမုန်းတိုင်းကျေးရွာချင်းဆက်လမ်းသည် ကျေးရွာ ၃ ရွာ၊ လူဦးရေ ၁၀၀၀ ကျော်ကို အကျိုးပြုသောလမ်းဖြစ်သော်လည်း အဆိုပါလမ်းကို အဆင့်မြှင့်တင်ရန်အတွက် ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေပါဝင်ခြင်းမရှိပါ၍ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် နောက်ပိုင်းကာလများတွင် ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မြင်းခြံမဲဆန္ဒနယ်မှ ဦးစိန်မြင့်၏ မြင်းခြံမြို့နယ်ရှိ နည်းပညာကောလိပ်အား နည်းပညာတက္ကသိုလ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း၏ အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းအုပ်ရာထူးလစ်လပ်ပါက အမြန်ဖြည့်ဆည်းနိုင်ရန်အတွက် မည်သို့သော မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ပြင်ဆင်ထားသည်ကို သိလိုခြင်းမေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းကလည်းကောင်း၊ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ ကနီမြို့နယ်ရှိ မုဋ္ဌော–ချိုင်–သရက်ပင်–မင်းမ ကျေးရွာချင်းဆက်လမ်းအား လမ်းတာချဲ့နိုင်ရေးနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် စဉ့်ကူးမဲဆန္ဒနယ်မှ ဒေါက်တာဇော်ဝင်းမြင့်၏ စဉ့်ကူးမြို့နယ်အတွင်းရှိ ရွှေပြည်– ထုံးကြမ်းလမ်းပိုင်းအား ရာသီမရွေးသွားလာနိုင်သော ကျေးရွာချင်းဆက်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းကလည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်က တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းပြီး ဥပဒေကြမ်းကော်မတီဝင် ဦးအောင်စိန်က အစီရင်ခံစာ ဖတ်ကြားရှင်းလင်းသည်။

ဒုတိယဝန်ကြီး
ဦးဝင်းမော်ထွန်း

ဒုတိယဝန်ကြီး
ဒေါက်တာကျော်လင်း

မင်းဘူးမဲဆန္ဒနယ်မှ
ဦးဝင်းဝင်း

မင်းတပ်မဲဆန္ဒနယ်မှ
ဦးနေလင်းအောင်

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း တင်သွင်းသည့် နိုင်ငံတော်၏ မျိုးဆက်သစ်လူငယ်များအား ဒီမိုကရေစီ အလေ့အကျင့်ကောင်းများ ခိုင်မြဲစွာရရှိစေရန်နှင့် ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်၏အခြေခံနှင့် အဆင့်မြင့်ပညာရေးကျောင်းများတွင် အခြေခံအသင်းအဖွဲ့များ သတ်မှတ်ဖွဲ့စည်း၍ အသင်းအဖွဲ့အလိုက် အတန်းကိုယ်စားလှယ်များ၊ ကျောင်းကိုယ်စားလှယ်များမှသည် ကျောင်းကောင်စီအထိ ဒီမိုကရေစီနည်းကျ အဆင့်ဆင့် ရွေးချယ်ဖွဲ့စည်း၍ ကိုယ်တိုင်ပါဝင်ဆောင်ရွက်သည့် စနစ်တစ်ရပ်ကို ၂၀၂၀–၂၀၂၁ ပညာသင်နှစ်မှစ၍ အကောင်အထည်ဖော် စီမံဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးနေကျော်က ကျောင်းသား ကျောင်းသူများသည် ကျောင်းပြီး၍ ပြင်ပလောကရောက်ရှိချိန်တွင် ဒီမိုကရေစီအလေ့အထများနှင့် ကျင့်သားရပြီးဖြစ်နေသင့်ပါကြောင်း၊ ကျောင်းတွင်း ဒီမိုကရေစီကျင့်သုံးသော ကျောင်းများမှ ကျောင်းသား ကျောင်းသူများသည် ရဲရင့်ခြင်း၊ ယဉ်ကျေးခြင်း၊ မိမိတို့ပြောလိုသော အချက်အလက်များကို မဆုတ်မတွန့်ပြောဆိုတတ်ခြင်း၊ အများအကျိုးအတွက် ဆောင်ရွက်လိုခြင်း၊ ပြည်သူ့တာဝန်ဝတ္တရားများနှင့် အခွင့်အရေးများကို ကောင်းစွာသိရှိခြင်း စသည့်အရည်အချင်းများကို ရရှိပိုင်ဆိုင်ထားကြရမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်ကို မကျင့်သုံးသော ကျောင်းများမှ ကျောင်းသား ကျောင်းသူများသည် ကြောက်ရွံ့ခြင်း၊ ခိုင်းသည်ကိုသာလုပ်တတ်ခြင်းကဲ့သို့ရှိကြပြီး မိမိ၏ ပင်ကိုဉာဏ်ကိုပင် အသုံးမပြုတတ်သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ စာသင်ကျောင်းများတွင် ဒီမိုကရေစီဝါဒခေတ်စားလာအောင် လုပ်ဆောင်ပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်းက လက်ရှိမြန်မာနိုင်ငံ၏ပညာရေးစနစ်သည် နိုင်ငံစံချိန်စံညွှန်းများနှင့်အညီ သင်ရိုးညွှန်းတမ်းများ ရေးဆွဲပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းသာမိပါကြောင်း၊ ပြောင်းလဲကျင့်သုံးလာသည့် ပညာရေးစနစ်ကို အောင်မြင်ရန်အတွက် ပညာရေးဘတ်ဂျက်ကိုလည်း မှန်မှန်ကန်ကန်ခွဲဝေသုံးစွဲစေရန်လိုအပ်ပါကြောင်း၊ အဓိကနှင့် သာမညကိုလည်း ခွဲခြားတတ်စေရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာမနှင့် ပညာရေးဝန်ထမ်းများကိုလည်း လုံလောက်စွာ ခန့်ထားပေးရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများ၏ သွားလာနေထိုင်မှု လိုအပ်ချက်များကိုလည်း ပံ့ပိုးကူညီရန် လိုအပ်ပါကြောင်း၊ သင်ထောက်ကူပစ္စည်းများ ကျောင်းတိုင်းရောက်ရန် လိုအပ်ပါကြောင်း၊ စာတွေ့လက်တွေ့ ဆက်စပ်ပေးရန်လည်း လိုအပ်ပါကြောင်း၊ တစ်ချိန်ချိန်တွင် နိုင်ငံ့တာဝန်ကို ပခုံးပြောင်းယူကြမည့် မျိုးဆက်သစ်ကျောင်းသားလူငယ်များကို ဒီမိုကရေစီအကျင့်ကောင်းများရရှိစေရေး၊ အကျင့်ကောင်းများခိုင်မာစေရေး၊ စနစ်တကျ မြေတောင်မြှောက်ပေးနိုင်စေရေးစသည်တို့ လိုအပ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

အလားတူ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ ခနော့ဖြူ မဲဆန္ဒနယ်မှ ဦးတင်လှ၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းအေး(ခ) ဦးစိုင်းထွန်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်နှင့် သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်တို့က ဆွေးနွေးကြသည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ ကျောင်းကောင်စီဖွဲ့စည်းခြင်း လက်စွဲစာအုပ်များကို ဖြန့်ဝေထားပြီး ၎င်းလက်စွဲစာအုပ်ပါလုပ်ငန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိ

ထို့နောက် အဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ မျိုးဆက်သစ်လူငယ်လူရွယ်များအား ဒီမိုကရေစီအလေ့အကျင့်ကောင်းများ ခိုင်မြဲစွာရရှိစေရန်နှင့် ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံပညာကျောင်းများတွင် အခြေခံအသင်းအဖွဲ့များ သတ်မှတ်ဖွဲ့စည်းပြီး အသင်းအဖွဲ့အလိုက် အတန်းကိုယ်စားလှယ်များ၊ ကျောင်းသားကိုယ်စားလှယ်များမှသည် ကျောင်းကောင်စီအထိ ဒီမိုကရေစီနည်းကျကျ အဆင့်ဆင့်ရွေးချယ်ဖွဲ့စည်းပြီး ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်သည့် ဒီမိုကရေစီစနစ်တစ်ရပ်ကို ၂၀၁၃–၂၀၁၄ ပညာသင်နှစ်မှစ၍ ကျောင်းကောင်စီဖွဲ့စည်းခြင်း လက်စွဲစာအုပ်များကို ဖြန့်ဝေထားပြီး ၎င်းလက်စွဲစာအုပ်ပါလုပ်ငန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ၂၀၁၃–၂၀၁၄ ပညာသင်နှစ်ကတည်းက ဆောင်ရွက်ခဲ့သည့် နည်းလမ်း၊ ကျင့်စဉ်များဖြစ်သဖြင့် အဆိုသည် ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ကိုက်ညီသည့်အတွက် အဆိုအား အတည်ပြုသင့်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏သဘောထားမေးမြန်းရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ဇူလိုင် ၁၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အေးအေးသန့်(သတင်းစဉ်)

○ စာမျက်နှာ ၆ မှ
၁၉၄၆ ခုနှစ် မတ်လ ၂၀ မှ ၂၈ ရက်အထိ ရှမ်းပြည်(တောင်ပိုင်း) ပင်လုံမြို့၌ တောင်တန်း တိုင်းရင်းသားခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲကျင်းပရာ ဖဆပလဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းကိုယ်စား သခင်နု၊ ဦးဘဂျမ်းတို့နှင့်အတူ ဖဆပလကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ ပင်လုံအစည်းအဝေးမတိုင်မီ ကြိုတင်ရောက်ရှိရာ ရှမ်းပြည်လူငယ်ခေါင်းဆောင် ကိုတင်အေး၊ ကိုဖေခင်တို့နှင့်တိုင်ပင်၍ ကရင်နီ(ကယား)နယ်သို့ သွားရောက်ခဲ့သည်။ ကရင်နီနယ်တွင် ကရင်နီခေါင်းဆောင်များနှင့် လွတ်လပ်ရေးကိစ္စများ တွေ့ဆုံဆွေးနွေး၍ ဖဆပလလုပ်ငန်းစဉ်များ ဟောပြောစည်းရုံးသည်။ မန်းဘခိုင်က “မိမိတို့ မြေညီကရင်များဟာ မြန်မာများနှင့်ပူးပေါင်းပြီး မြန်မာပြည် လွတ်လပ်ရေးအရယူမည့်အကြောင်း၊ တောင်တန်းသားများ ပြည်မနှင့်ပူးပေါင်းဖို့ အရေးကြီးလာပြီဖြစ်ကြောင်း” ဟောပြောစည်းရုံးသည်။

အလုပ်သမားနှင့် စက်မှုလက်မှုဝန်ကြီးအဖြစ် စတင်တာဝန်ထမ်းဆောင်

၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၆ ရက်တွင် ဖဆပလ ဗဟိုဦးစီးအဖွဲ့သည် ဘုရင်ခံ၏ အမှုဆောင်ကောင်စီ၌ ဝင်ရောက်ပြီး ယာယီအမျိုးသားအစိုးရရာထူးလက်ခံရန် ဆုံးဖြတ်ရာ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးဘဘေ၊ ပျော်ဘွယ်ဦးမြ၊ ဦးဘအုန်း(မျိုးချစ်)၊ သခင်မြ၊ ဦးရာဇတ်၊ ကိုညိုထွန်း(ရခိုင်)၊ ကိုသိန်းဖေ(မြင့်)၊ ဦးအေး(မျိုးချစ်)တို့နှင့်အတူ မန်းဘခိုင် ရွေးချယ်ခံရသည်။ ၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၆ ရက်တွင် မန်းဘခိုင်သည် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ယာယီအမျိုးသားအစိုးရအဖွဲ့၌ အလုပ်သမားနှင့် စက်မှုလက်မှုဝန်ကြီးအဖြစ် စတင်တာဝန်ထမ်းဆောင်သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်တွင် ယာယီအမျိုးသားအစိုးရအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းရာ အလုပ်သမားနှင့် စက်မှုလက်မှုဝန်ကြီးအဖြစ် ဆက်လက်တာဝန်ပေးအပ်ခံရသည်။

၁၉၄၇ ခုနှစ် ဧပြီလ ၆ ရက်တွင် ကရင်ဗဟိုအဖွဲ့ချုပ် (ကေစီအို) ကရင်လူငယ်များအစည်းအရုံး(ကေယူအို)၊ ကရင်အမျိုးသားအစည်းအရုံး ခေါ်ဒေါကလူအဖွဲ့(ကေအင်န်အေ) တို့ပေါင်း၍ ကရင်အမျိုးသားအဖွဲ့ချုပ် (ကေအင်န်ယူ) တည်ထောင်ရာ မန်းဘခိုင်သည် အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရသည်။ ဥက္ကဋ္ဌမှာ စောစံဖိုးသင်၊ အတွင်းရေးမှူးမှာ သရာသာထိုဖြစ်သည်။ ကေအင်န်ယူအတွင်း ကရင်ပြည်နယ်နှင့်ပတ်သက်၍ သဘောကွဲလွဲရာ စောစံဖိုးသင်၊ မန်းဝင်းမောင်၊ စောကျော်စိန်၊ စောစိန်တင်တို့နှင့်အတူ မန်းဘခိုင်သည် ကေအင်န်ယူမှ ထွက်ခဲ့သည်။ ကေအင်န်ယူမှာ စောဘဦးကြီး၏ ဦးဆောင်မှုနှင့် ကျန်ရစ်သည်။ ကေအင်န်ယူသည် ၁၉၄၇ ခုနှစ် ဧပြီ ၉ ရက်တွင် ကျင်းပသော တိုင်းပြုပြည်ပြုရွေးကောက်ပွဲကို သပိတ်မှောက်၍ ကေဝိုင်အိုက ဝင်ရောက်ယှဉ်ပြိုင်ရာ မန်းဘခိုင်သည် ဟသ်ာတကရင်သီးသန့်မဲဆန္ဒနယ်က တိုင်းပြု ပြည်ပြု လွှတ်တော်အမတ်အဖြစ် ရွေးချယ်ခံရသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်စနေနေ့ နံနက်တွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး၌ ဗိုလ်ချုပ်ဦးဆောင်၍ ဝန်ကြီးများ အစည်းအဝေးကျင်းပနေစဉ် ၁၀ နာရီ ၃၇ မိနစ်၌ မသမာသူ လူသတ်သမားတစ်စု၏ လုပ်ကြံမှုဖြင့် ဝန်ကြီးမန်းဘခိုင်သည် ဗိုလ်ချုပ်အပါအဝင် ဝန်ကြီး ၆ ဦးနှင့်အတူ တိုင်းပြည်အတွက် အသက်ပေးခဲ့ရပါသည်။

ဝန်ကြီး မန်းဘခိုင် ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်အေးလုံနှင့် သားသမီးရှစ်ဦး(စချစ် ခင်ခိုင်၊ နန့်ခင်ရီခိုင်၊ စချစ်တင်ခိုင်၊ နန့်ခင်စီခိုင်၊ စချစ်ရင်ခိုင်၊ စချစ်ရှင်ခိုင်၊ စချစ်ဌေးခိုင်၊ နန့်ခင်ဌေးရီခိုင်)။ ဇနီး မခင်နီနှင့် သားသမီးနှစ်ဦး(မြင့်မြင့်ခိုင်၊ မောင်စိန်ခိုင်) တို့ ကျန်ရစ်သည်။ ။

၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်း ပြည်တွင်းအလုပ်နေရာ ၁၈၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

နေပြည်တော် ဇူလိုင် ၁၄

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

လုပ်ဆောင်လျက်ရှိ

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမား လုံလောက်စွာခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအခြေအနေမှာ အစိုးရအလုပ်အကိုင်အနေဖြင့် ၇၃၃ ဦး၊ ပုဂ္ဂလိကအလုပ်အကိုင်အနေဖြင့် ၁၇၆၁၉ ဦး စုစုပေါင်း ၁၈၃၅၂ ဦး ရှိကြောင်း သိရသည်။

သတင်းစဉ်

၂၀၁၆ ခုနှစ်တွင် ခေတ်ပြတိုက်စာပေမှထုတ်ဝေသော ယမင်းမြတ်အေး တွေ့ဆုံမေးမြန်းသည့် ကိုယ်တွေ့ဗိုလ်ချုပ်အောင်ဆန်းစာအုပ်မှ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး (ဗိုလ်ချုပ်ကြီးဟောင်း)နှင့် တွေ့ဆုံမေးမြန်းခြင်းကို စာရေးသူ၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး(ဗိုလ်ချုပ်ကြီးဟောင်း)နှင့် တွေ့ဆုံမေးမြန်းခြင်း

ဖက်ဆစ်တော်လှန်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများတွင် ဆယ်ကျော်သက်လူငယ်တစ်ဦးအဖြစ် ပါဝင်ခဲ့ပြီး ယနေ့အသက် ၉၀ အရွယ်၌လည်း ဒီမိုကရေစီ အရေးတော်ပုံတွင် ထိပ်ဆုံးမှ တက်တက်ကြွကြွပါဝင်နေသူ ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဦးတင်ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။ ဦးတင်ဦးသည် ၂၀၁၅ ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရရှိခဲ့သော ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နာယကကြီးတစ်ဦးလည်း ဖြစ်ပါသည်။

တွေ့ဆုံမေးမြန်း
ယမင်းမြတ်အေး

မေး။ ။ ဘဘက တပ်မတော်ရဲ့ ကာကွယ်ရေးဦးစီးချုပ်ဟောင်းလည်း ဖြစ်တယ်။ နောက် ဗိုလ်ချုပ်ကိုလည်း ကိုယ်တိုင်တွေ့ခဲ့ကြုံခဲ့ရတယ်ဆိုတော့ ဘယ်လိုဘယ်ပုံစပြီးတွေ့ကြတယ်ဆိုတာ ပြောပေးပါဦး။

ဖြေ။ ။ တွေ့တာလား။ အမယ်လေး၊ အဲဒီတုန်းက ရိုးရိုးသာမန် တပ်သားပဲရှိသေးတယ်။ အဲဒီတုန်းက သူက ကာကွယ်ရေး ခေါင်းဆောင်ပေါ့။ ဒါပေမဲ့ အင်မတန်မှပဲ ဩဇာအရှိန်အဝါကြီးမားတဲ့ တပ်မတော်ရဲ့ အကြီးအကဲပေါ့လေ။ ပြည်သူလူထုအပေါ်မှာလည်း ဩဇာညောင်းသလို ပြည်သူရဲ့ အင်မတန်ချစ်ခင်လေးစားမှုကိုခံရတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်နေပြီ။ ဒီတုန်းကလည်း ကျွန်တော်နဲ့ အလှမ်းသိပ်ဝေးပါတယ်။ ဟိုတုန်းကတော့ ကာကွယ်ရေးဝန်ကြီးကို စစ်ဝန်ကြီးခေါ်တာပေါ့။ ကာကွယ်ရေး ဦးစီးချုပ်ကိုတော့ စစ်သေနာပတိလို့ခေါ်တယ်။ စစ်သေနာပတိချုပ်ကတော့ ဒေါက်တာဘမော်ပေါ့။ ဗိုလ်ချုပ်ကတော့ စစ်ဝန်ကြီးလို့ခေါ်တယ်။ အဲဒီတော့မှ ကျွန်တော်တို့က စစ်ထဲကိုဝင်ခဲ့တာ။ တပ်သားပေါ့။ ဟိုတုန်းက တပ်သား၊ တပ်သားကြီး အဲဒီလိုခေါ်တယ်။ တစ်ပွင့်ဆိုရင် တပ်သားပေါ့။ နှစ်ပွင့်ဆိုရင်တော့ တပ်သားကြီး။ သုံးပွင့်ဆိုရင် တပ်သားကျော်ပေါ့။ အဲဒီလိုခေါ်ဝေါ်ကြတယ်။ ဒါပေမဲ့ ဒါက ဂျပန်အခေါ်အဝေါ်ပါပဲ။

ကျွန်တော်တို့က သင်တန်းတက်ပြီးတော့ ဗိုလ်သင်တန်းကျောင်းဖြေတာပေါ့ဗျာ။ ဗိုလ်သင်တန်းကျောင်းပထမဖြေတော့ အင်တာဗျူးတွေ ဘာတွေလုပ်တော့၊ လုပ်တော့လည်း စစ်ဝန်ကြီးရုံးမှာပဲ လုပ်တာပါပဲ။ မေးတဲ့ ပုဂ္ဂိုလ်ကတော့ အဲဒီတုန်းက ဗိုလ်မှူးဇေယျပေါ့။ ရဲဘော်သုံးကျိပ်အဖွဲ့ဝင်ပေါ့။ တောထဲမှာ ကျသွားတာ။ နောက်တော့ ကွန်မြူနစ်ပါတီရဲ့ ဗဟိုကော်မတီဝင်၊ ဗိုလ်သင်တန်းကျောင်းဖြေတော့ ကျောင်းပြီးစပေါ့။ တပ်ထဲရောက်လာပြီးတော့ ရန်ကုန်မှာ စစ်ဝန်ကြီးရုံးမှာ လေ့ကျင့်ရေးတပ်က ဘယ်မှာလဲဆိုတော့ ပဒုမ္မာကွင်းထဲမှာပေါ့။ အဲဒီကွင်းကလည်း တော်တော်ကြီးကျယ်ခမ်းနားတဲ့ ကွင်းပါပဲ။ ကျွန်တော်တို့ အဲဒီမှာပြဇာတ်ရုံတွေရော၊ ဈေးဆိုင်တွေရော ရှိတယ်။ အဲဒီလိုနဲ့ ကျွန်တော်တို့ ဗိုလ်သင်တန်းကျောင်းသွားဖြေရတယ်။ တတိယပတ် ဗိုလ်သင်တန်းကျောင်းပေါ့။ အဲဒီ တတိယပတ် ဗိုလ်သင်တန်းကျောင်းက ပထမပတ်ဗိုလ်သင်တန်းကျောင်း၊ ဒုတိယပတ် ဗိုလ်သင်တန်းကျောင်းတွေနဲ့ မတူဘူး။ ကျောင်းသားလူငယ်တွေ တော်တော်များများပါလာကြတယ်။ ပညာတတ်လေးတွေ ပါလာကြတယ်။ နောက်ပြီးတော့ တပ်ထဲက ကျွန်တော်တို့ ကောလိပ်ကျောင်း သင်ဖူးတဲ့သူတွေဘာတွေ အကုန်လုံးပါတော့ တော်တော်လေးကို ပညာတတ်လေးတွေ ပါလာတာပေါ့။

ကျောင်းတက်တဲ့အချိန်ကျတော့ ကျောင်းမှာအလေ့အထရှိတာက ကျောင်းအုပ်ကြီးက စနေနေ့ကျလို့ရှိရင် သူကစိတ်ဓာတ်စစ်ဆင်ရေးပြောတယ်ပေါ့နော်။ လွတ်လပ်ရေးရပြီဆိုတော့ ဗမာ့တပ်မတော်က တော်လှန်ရေး တပ်မတော်ဖြစ်သွားပြီဆိုတော့ ဂျပန်ဘက်က အကြံပေးအရာရှိချုပ်တွေနဲ့ လုပ်ကြတာပေါ့။ ဒါပေမယ်လို့ တပ်အကြီးအကဲကတော့ ဗိုလ်ချုပ်ပေါ့။ ကျောင်းမှာလာပြီးတော့ ကြည့်တဲ့အခါကျတော့ အထူးသဖြင့်ကတော့ စနေနေ့ စိတ်ဓာတ်ရေးရာနဲ့ပတ်သက်ပြီး စကားပြောတဲ့အခါ ကျောင်းအုပ်ကြီး ပြောတဲ့အခါလည်းရှိတယ်။ စစ်အကြံပေးပုဂ္ဂိုလ် သူက ဂျပန်၊ သူပြောတာလည်းရှိတယ်။ ကျွန်တော်တို့ရဲ့ တပ်မှူးပေါ့။ နောက် တစ်ခါတလေ ဗိုလ်ချုပ်အောင်ဆန်း ကလာပြီး စကားပြောဖူးတယ်။ ခဏခဏ လာစကားမပြောပေမယ့် ဗိုလ်သင်တန်းကျောင်းနဲ့ပတ်သက်တာကိုတော့ ဗိုလ်ချုပ်အောင်ဆန်းက

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး(ဗိုလ်ချုပ်ကြီးဟောင်း)နှင့် တွေ့ဆုံမေးမြန်းခြင်း

စိတ်ပါဝင်စားပါတယ်။ နောင်ထူထောင်မယ့်တပ်တွေမှာ တပ်မှူးတွေ ဖြစ်လာမယ့် သူတွေကိုး။ ဒါကြောင့် လာလာကြည့်တယ်။

သူလာကြည့်တဲ့အခါ ကျွန်တော်တို့သင်ထားတဲ့စာတွေ၊ ပညာတွေကို ပြရတယ်။ ကျန်းမာရေးလေ့ကျင့်ခန်းလုပ်တာက အစပေါ့။ ဗိုလ်ချုပ်က လာစစ်တာ၊ အဝေးကမြင်ရတာပေါ့ဗျာ။ ခပ်လှမ်းလှမ်းကတောင် မဟုတ်ဘူး။ အဲဒီမှာ ဂျပန်အကြံပေးအရာရှိတွေ ဘာတွေလည်းခြံရံပြီး ပါလာတာပေါ့။ အဲဒီအထဲမှာ ဂျပန်ပြန် ရဲဘော်သုံးကျိပ်အဖွဲ့ဝင်တွေလည်း ပါကြတာပေါ့။ ကျွန်တော်တို့ အကုန်လုံးကိုမသိဘူး။ ဒါပေမဲ့ ဗိုလ်ချုပ်အောင်ဆန်းကိုတော့ သိတယ်။

ဗိုလ်ချုပ်က စစ်ဝတ်စစ်စားနဲ့ အင်မတန်ခန့်ညားပါတယ်။ ဟိုတုန်းက စစ်ဦးထုပ်ပေါ့နော်။ ဒါပေမဲ့ ဗမာ့တပ်မတော်က သီးခြားဆိုတော့ အဝါပတ်ကလေးပါပြီးတော့ ထိပ်မှာတော့ သတ္တုနဲ့လုပ်ထားတဲ့ ကဒေါင်းရုပ်ပေါ့။ ကဒေါင်းရုပ်ဆိုတာက အခုလို ခွပ်ဒေါင်းပုံမဟုတ်ဘူး။ တစ်ဆက်တည်း တစ်ပေါင်းတည်း တည့်တည့်ဖြစ်နေတဲ့ ကဒေါင်းခေါ်မှာပေါ့။ နောက်ပြီးတော့ သူ့တံဆိပ်ကတော့ ဟိုတုန်းက ပြောင်းလိုက်ပြီပေါ့နော်။ ပြောင်းလိုက်တော့ Silver plate three stars ပေါ့။ အောက်ကအခံက တံဆိပ်က အင်မတန်လှပတဲ့အစိမ်းရောင်နုနု။ အင်မတန်အသားကောင်းတဲ့ ပိုးသားပြင်ပေါ်မှာ ချုပ်ထားတာပေါ့။ ငွေပြားပေါ်မှာ အပွင့်သုံးပွင့်နဲ့ ဒီဘက်မှာတော့ ထိုးထားတဲ့ ကဒေါင်းရုပ်ပေါ့။ နောက်ပြီးတော့ စစ်သားတစ်ယောက်ရဲ့ အဆောင်အယောင် အကုန်လုံးပါတာပေါ့ဗျာ။ ခါးပါတယ်။ မြင်းစီးဖိနပ်ပေါ့။ သူလာတဲ့အခါတော့ ကားနဲ့ လာတာများပါတယ်။ အလံတွေနဲ့ပေါ့။ အလံက အဝါရောင်။ ဗိုလ်မှူး

> **သူလာကြည့်တဲ့အခါ ကျွန်တော်တို့သင်ထားတဲ့ စာတွေ၊ ပညာတွေကို ပြရတယ်။ ကျန်းမာရေးလေ့ကျင့်ခန်း လုပ်တာက အစပေါ့။ ဗိုလ်ချုပ်က လာစစ်တာ၊ အဝေးကမြင်ရတာပေါ့ဗျာ။ ခပ်လှမ်းလှမ်းကတောင် မဟုတ်ဘူး။ အဲဒီမှာ ဂျပန်အကြံပေးအရာရှိတွေ ဘာတွေလည်း ခြံရံပြီး ပါလာတာပေါ့။ အဲဒီအထဲမှာ ဂျပန်ပြန် ရဲဘော်သုံးကျိပ်အဖွဲ့ဝင်တွေလည်း ပါကြတာပေါ့။ ကျွန်တော်တို့ အကုန်လုံးကိုမသိဘူး။ ဒါပေမဲ့ ဗိုလ်ချုပ်အောင်ဆန်းကိုတော့ သိတယ်။ ဗိုလ်ချုပ်က စစ်ဝတ်စစ်စားနဲ့ အင်မတန်ခန့်ညား ပါတယ်။**

အဆင့်တွေကတော့ အလံနီ။ အရာရှိငယ်အဆင့်တွေကတော့ အလံပြာပေါ့။ အဲလိုလာတာ။ ခန့်ခန့်ညားညားလာကြတာ။ အခြံအရံနဲ့ပေါ့။ လျှောက်ကြည့်ကြတယ်။ ကျောင်းကိုစစ်ပြီးရင် ရိပ်သာမှာခဏနားပြီးတော့ ပြန်သွားတာမျိုး။ အဲလိုဟာမျိုးပဲမြင်ဖူးတာပါ။

မေး။ ။ နောက်ပိုင်းမှာ နီးနီးကပ်ကပ်မြင်ဖူးတာမျိုးတွေရှိရင် ပြောပြပါဦး။

ဖြေ။ ။ အင်းဘယ်နေရာမှာ နီးနီးကပ်ကပ်မြင်ဖူးလဲဆိုတော့ ၁၉၄၄ ခုနှစ် ဗိုလ်သင်တန်းကျောင်းတက်တဲ့အခါ။ ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်မှာ မြန်မာနိုင်ငံက အတုအယောင်လွတ်လပ်ရေး (ရွှေရည်စိမ်လွတ်လပ်ရေး) ရတယ်။ အဲဒီလို အတုအယောင်ရတဲ့ နှစ်ပတ်လည်နေ့မှာ ကျွန်တော်တို့အခု ကန်တော်မင်ကြီးပေါ့။ အဲဒီတုန်းကတော့ အခုလို အဆောက်အအုံတွေ ဘာတွေသိပ်မရှိဘူး။ တောင်ကုန်းလေးတွေ၊ မြက်ခင်းလေးတွေနဲ့ ကွင်းပြင်ကြီးပေါ့။ အဲဒီမှ ပြဇာတ်ရုံရှိတယ်၊ ပထမမြို့င် ပြဇာတ်ရုံ၊ နောက် သူနဲ့မရေးမနှောင်းပေါ်လာတာကတော့ နေသူရိန်ပေါ့။ အဲဒီရှေ့မှာ ကွင်းပြင်ကြီးရှိတယ်။ အခုလိုသစ်ပင်တွေ ဘာတွေနဲ့မရှုပ်ဘူး။ အဲဒါစစ်ရေးပြကွင်းပေါ့။ အဲဒီကိုလာရတယ်၊ လာတော့ ကားနဲ့လာတယ်။ စစ်ဝန်ကြီးရုံးမှာ ဆင်းရတယ်။ အဲဒီကနေပြီးတော့ စစ်ချီသီချင်းတွေနဲ့ ကျွန်တော်တို့အစောကြီးချီတက်လာတာပေါ့။ ၁၉၄၃ ခုနှစ်ကရတဲ့ လွတ်လပ်ရေးတစ်နှစ်ပြည့်တဲ့ ၁၉၄၄ ခုနှစ် ဩဂုတ်လ ၁ ရက် လွတ်လပ်ရေးနေ့အခမ်းအနား၊ စစ်ရေးပြအခမ်းအနားပေါ့။ အဲဒီတုန်းက စစ်ရေးပြအခမ်းအနားဆိုတာက အခုခေတ်လို ချီတက်တာမျိုး မဟုတ်ဘူး၊ တပ်မှူးလာတဲ့အခါ ညီညီညာညာ တန်းစီပြီးတော့ သေနတ်မြှောက်အလေးပြုရတာ၊ ကျွန်တော်တို့ ဒါဂုဏ်ပြုတာပေါ့ဗျာ။ ကျွန်တော်တို့ရဲ့ တတိယပတ် ဗိုလ်သင်တန်းကျောင်းက အဲဒီဩဂုတ်လဆိုတော့ ကျောင်းတက်တုန်းက ဧပြီလကုန် သကြံန်ပြီးလောက်ကတက်တော့ တော်တော်လေး အသားကျသွားတော့ ဗိုလ်လောင်းနံ့လေးတော့ရနေပြီပေါ့ဗျာ။ အဝတ်အစားကလည်း အပြင်ထွက်တဲ့အခါဝတ်ဖို့ ထုတ်ပေးထားတာရှိတယ်။ ကြယ်နဲ့ပေါ့လေ။ ဒါဆိုရင် ဗိုလ်လောင်းကျောင်းသားဆိုတာ သိသာတယ်၊ ပြီးတော့မှ သူနဲ့ပတ်သက်တဲ့ နာမည်။ နံပါတ်။ ထင်ထင်ရှားရှားပေါ့။ အင်္ကျီကကျတော့ ဗိုလ်လောင်းအင်္ကျီ၊ ဗိုလ်လောင်းဘောင်းဘီနဲ့ပေါ့။ ဖိနပ်ကလည်း အခုလို ပြောင်လက်နေတာတော့ မဟုတ်ဘူးပေါ့ဗျာ။ ရိုးရိုးသားရေကို ချုပ်ထားတဲ့ ဖိနပ်ပဲ။ ဒါပေမဲ့ ကောင်းပါတယ်။ သေနတ်တွေဘာတွေ ထမ်းပြီးလာရတာပေါ့၊ အားလုံးပေါင်းဆိုရင် ကျွန်တော် မှတ်မိသလောက် တပ်ခွဲတစ်ခွဲလုံးလာတာဗျ။ လူ ၁၅၀ လောက်လာကြတာ။ သင်တန်းဆင်းတာတော့ ၂၀၀ ကျော်တယ်။ အဲဒီသင်တန်းက လူအများဆုံးပဲ။ သွားကြတာပေါ့။

အလေးပြုစင်ရှေ့ကစောင့်နေတဲ့အခါ စစ်သေနာပတိကြွလာပြီဆိုပြီး ကားနဲ့ ဝင်လာတယ်။ ဝင်လာတဲ့အခါကျတော့ အဲဒီမှာ ဗိုလ်ချုပ်အောင်ဆန်း လာတာ မြင်ဖူးတယ်၊ စစ်ဝတ်စုံအပြည့်နဲ့ပေါ့။ ဓားပါပါတယ်။ Top Boot နဲ့ ဘာနဲ့လာတဲ့ အခါကျတော့ ခန့်ညားတာပေါ့ဗျာ။ အခြံအရံတွေနဲ့။ ဘယ်လို ခြံရံလဲဆိုတော့ မှတ်မိသလောက် ဗိုလ်ရန်အောင်တို့၊ ဗိုလ်ဇေယျတို့၊ ဗိုလ်ချုပ်ကျော်ဇောတို့၊ ဗိုလ်မှူးဇေယျတို့၊ ဗိုလ်မှူးရန်နိုင်တို့ ရဲဘော်သုံးကျိပ်ဝင်တွေ ပါတယ်၊ ဒါပေမဲ့ အကုန်လုံးတော့ မဟုတ်ဘူး၊ ဒီအထဲမှာ အကုန်လုံး ဗိုလ်မှူးမဖြစ်ဘူး။ တချို့ ဗိုလ်ကြီးတွေဖြစ်တယ်။ ကျွန်တော်တို့က အကုန်လုံးကို သိလည်းမသိဘူး။ သိတာထင်ရှားတာကတော့ ဗိုလ်ရန်အောင်က မုတ်ဆိတ်ကြီးနဲ့ ဘေးမှာ အဆောင်အယောင်တွေနဲ့လာတော့ ထင်ရှားတယ်ပေါ့၊ ဗိုလ်ချုပ် ကျော်ဇောကတော့ ရိုးရိုးပါပဲ။ သူကတော့ လေးလိုင်း တစ်ပွင့်ပေါ့။ လေးလိုင်း နှစ်ပွင့်က ဒု-ဗိုလ်မှူးပေါ့။ လေးလိုင်း သုံးပွင့်ကတော့ ဗိုလ်မှူးကြီးပေါ့။ ဗိုလ်ချုပ်ကတော့ Gold Plate အပြည့်ပေါ့။ နောက်တော့ သူစင်ပေါ်တက်တယ်။ စင်ဆိုတာကလည်း အခုလို စင်ကြီးတွေ ဘာတွေ မဟုတ်ပါဘူး။ မြေကို မြှင့်တင်ပြီးတော့ မြှင့်အောင်လုပ်ထားပြီးတော့ လှေကားထစ်လေး ဘာလေးနဲ့လုပ်ထားတဲ့ စင်မြင့်မှာ သူအလေးပြုခံတယ်။ အဲဒီအချိန်မှာ ကျွန်တော်က တပ်စု (၁)က ဆိုတော့ ရှေ့ဆုံးတန်းကပေါ့။ သိပ်မလှမ်းဘူး။ မြင်ရတာ။ အနီးကပ်မြင်ရတော့ သူကအသားလတ်တယ်ဗျ၊ တည်ကြည်တယ်ပေါ့ဗျာ။ စစ်သေနာပတိဆိုတော့ စစ်သေနာပတိ အဆောင်အယောင်နဲ့ အင်မတန် မျက်နှာထားတည်တယ်။ ခန့်ခန့်ညားညားနဲ့ ခပ်တောင့်တောင့်နဲ့ သွားတာလာတာကိုက စစ်ရိပ်စစ်သွေး နဲ့။ ဝတ်စားထားတာလည်း ဂျာမန်ဂျင်နရယ်တွေ ဝတ်ထားတာမျိုးပဲ၊ ဟိုတုန်းက ဂျပန်ကလည်း ဒီအဝတ်အစားပဲလေ။ ကျူးနစ်တွေ ဘာတွေကလည်း အကောင်းစားတွေပေါ့လေ။

စာမျက်နှာ ၉ သို့

■ စာမျက်နှာ ၈ မှ

မေး။ ။ အဲဒီလို အလေးပြုခံပြီးတဲ့အခါ မိန့်ခွန်းပြောသေးလား။ ဗိုလ်ချုပ်က အဲဒီမှာ ဘာတွေများပြောပါသလဲ။

ဖြေ။ ။ မိန့်ခွန်းကတော့ သူအရှည်ကြီးမပြောဘူး၊ မနှစ်က လွတ်လပ်ရေးရခဲ့တယ်၊ ဒါပေမဲ့လည်း စစ်မှန်တဲ့ လွတ်လပ်ရေး ရအောင် လုပ်ရဦးမယ်။ ကျောင်းသားတွေနဲ့ပတ်သက်ပြီးတော့ ကြိုးစားကြလို့ ပြောတယ်။ စစ်မြေပြင်မှာ သွားပြီးတော့ တွန်းလှန်တဲ့အခါမှာ မင်းတို့အချင်းချင်းပဲ အသက်ပေးကာကွယ်စောင့်ရှောက်ရင်း တိုင်းပြည်ကို ကာကွယ်ရမယ်ပေါ့။ ဆရာဝန်ဆိုတာလည်းမရှိဘူး။ ဆေးဆိုတာလည်းမရှိဘူး၊ ကိုယ့်ဟာ ကိုယ်ပြုစုရမယ်။ ကိုယ့်ဟာကိုယ်ကာကွယ်ရမယ်၊ နောက်ပြီး အထူးသဖြင့် ရဲဘော်တွေအပေါ်မှာ နမူနာကောင်းပြနိုင်ရမယ်။ သူပြောတဲ့ စကားတစ်ခွန်း ရှိတယ်။ ဒါကတော့ ပြောလေ့ပြောထပါ။ ခဏခဏကို ပြောတယ်။ **“ငါ့တပ်မတော်မှာ ဘယ်ခါကြည့်ကြည့် စစ်သည်ဆိုးမရှိဘူး။ အရာရှိဆိုးပဲ ရှိတယ်”**လို့ ခဏခဏကို ပြောတာ၊ အဓိပ္ပာယ်ကတော့ မင်းတို့ဟာ အရာရှိ ဖြစ်မယ့်သူတွေ၊ အဲဒီသူတွေက အရာရှိကောင်းဖြစ်ပြီးတော့ မင်းတို့အောက်က စစ်သည်တော်တွေကို ကောင်းအောင်လုပ်ကြဖို့၊ ဒါကိုသူက အဓိပ္ပာယ်ပေါ်အောင် ငါ့တပ်မတော်မှာ စစ်သည်ဆိုးဆိုတာမရှိဘူး။ အရာရှိဆိုးဆိုတာ ရှိလာနိုင် တယ်လို့ ပြောလေ့ရှိတယ်။ တိုတိုတုတ်တုတ်ပဲ ပြောတာပဲ။ ပြောပြီးတော့ ဟိုတုန်းက သေနတ်မြှောက် အလေးပြုတယ်ဆိုတာက အခုလို မြှောက်ပြီးတော့ ပြုတာမဟုတ်ဘူး။ ခါးနဲ့ဘာနဲ့အကျအန၊ သေနတ်မြှောက် အလေးပြုတဲ့နေရာမှာ သူ့မျက်နှာမျက်လုံးနှစ်လုံးနဲ့ သူ့မျက်လုံးတည့်တည့်ကို ကြည့်ရတယ်။ သူက လည်း ပြန်ကြည့်တယ်၊ ဟိုတုန်းကအလေးပြုတာ အခုလို လျှောက်သွားပြီး လက်ကလေးတင်ပြီး အသာလေးပြုတာမျိုးမဟုတ်ဘူး။ စစ်သားတစ်ယောက် ချင်း၊ တစ်ယောက်ချင်းအကြည့်ကို ကြည့်ပြီးတော့ သွားတာ။ ကျန်တဲ့ရဲဘော် စစ်သားတွေကလည်း သူ့ကိုလိုက်ကြည့်ရတယ်။ တွေ့ဖူးမှာပေါ့။ တစ်ခါတလေ တရုတ်စစ်သားတွေ ဘာတွေအလေးပြုရင် မျက်နှာလိုက်ကြည့်တာမျိုး၊ အဲဒီတော့ အဲဒီတုန်းက ဗိုလ်ချုပ်ကို သေချာမြင်ရတာပေါ့။ အနီးကပ်မြင်ဖူးရုံပဲ၊ စကားမပြောဖူးသေးဘူး။ ဒါတို့ရဲ့စစ်ဝန်ကြီး၊ ဒါတို့ရဲ့စစ်သေနာပတိဆိုပြီးတော့ ပေါ့လေ။ မင်္ဂလာဒုံကျောင်းကို လာလာစစ်တာကတော့ အဝေးကပဲ လှမ်းမြင် ရတာပါ။

တစ်ခါတော့ ဘယ်လိုဖြစ်လဲဆိုတော့ ကျောင်းမှာဂျပန်နိုင်ငံက မင်းမျိုး မင်းနွယ်ထဲက စစ်ဗိုလ်တစ်ယောက်က ဗိုလ်သင်တန်းကျောင်းကို လာမယ်။ ကြည့်မယ်ဆိုတော့ အဲဒီတုန်းက ပင်ပန်းတယ်ဗျ။ သူ့ရှေ့မှာ ကျွန်တော်တို့က စစ်ရေးပြတာတွေလုပ်ရမှာ၊ သင်ထားတာတွေကို ပြန်လုပ်ပြရတာပေါ့။ ကျွန်တော်တို့ကို သင်တန်းပေးတယ်ဆိုတာလည်း ထူးချွန်တဲ့ သင်တန်းမှူး တွေက လာသင်တာကိုးဗျ။ စစ်မြေပြင်အတွေ့အကြုံရှိတဲ့ တပ်မှူးတွေ၊ ဂျပန်က စစ်ကျောင်းမှာ တော်တဲ့သူတွေက လာသင်တာကိုး။ လာသင်တော့ အကောင်းဆုံးဖြစ်အောင် ပြရမယ်ဆိုတော့ ပင်ပန်းတာပေါ့။ ကျွန်တော်တို့ ကတော့ ရင်ဆိုင်တိုက်ပွဲ ဆိုတာကို ပြရတယ်။ ရင်ဆိုင်တိုက်ပွဲဆိုတာက ကုန်းအနိမ့်ကွင်းမှာ ဟိုဘက်က ရန်သူနဲ့ ဒီဘက်ကကိုယ်နဲ့တွေ့ရတဲ့ စစ်ရေးပြပေါ့။ တစ်ဖက်ကတစ်ယောက်ကို နောက်တစ်ဖက်က တစ်ယောက်က မိမိတို့ စစ်ပညာနဲ့ချဉ်းကပ်ပြီးတော့ တစ်ယောက်ကိုတစ်ယောက် လှံစွပ်ထိုး တိုက်တာပေါ့။ အဲဒါကိုပြရတာ။ ဒါကို **ဆိုကိုဆင်** လို့ ခေါ်တယ်။ ကျန်တဲ့ သူတွေကလည်း သူတို့နဲ့ သက်ဆိုင်တဲ့ စစ်ရေးလေ့ကျင့်ခန်းတွေကို ပြရတယ်။ ဥပမာ ညတိုက်ပွဲလိုဟာမျိုး။ အဝတ်အစား တွေနဲ့ တိုက်ပြရတာတို့ဘာတို့။ သူ့ကဏ္ဍနဲ့သူပေါ့ဗျာ။ အဲဒီလိုပြရတယ်။ ကွင်းကြီးထဲမှာပြရတာ။ ကျွန်တော်တို့က ရင်ဆိုင်တိုက်ပွဲကို ပြရတော့ နည်းနည်းတော့ နီးတာပေါ့။ အဲဒီအခါမှာလည်း မြင်ဖူးတယ်။

ဒါကဟိုတုန်းက မြင်ဖူးတာထက် နည်းနည်းဝေးတယ်။ သို့သော်လည်း မှန်းလို့တော့ရနေတယ်။ ဗိုလ်ချုပ်ဆိုတာ။ အဲဒီတုန်းကလည်းဗျာ ဂျပန် မင်းမျိုး မင်းနွယ် လာကြည့်တာဆိုတော့ ကျွန်တော်တို့ ကျောင်းသားတွေမှာ ပင်ပန်း လိုက်တာ။ စစ်ရေးပြလို့ ပင်ပန်းတာတင်မကဘူး၊ ဘုရင်မျိုး၊ ဘုရင်နွယ်လာမယ် ဆိုတော့ ဘုရင်မျိုး၊ ဘုရင်နွယ်ကို ကြိုဆိုဖို့ဟာက သိပ်ပင်ပန်းတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့လာမယ့် ကားဆိုက်မယ့်နေရာ၊ ကြည့်မယ့် နေရာတွေ အားလုံးကို မြေကြီးတွေကို ပြန်ညှိရတယ်။ ကျောင်းသားတွေက။ ညှိလို့ညီသွားရင် တစ်ခါပြန်ထုရတယ်။ လုပ်ကိုင်ပြီးတော့ အဲဒီအပေါ်မှာ မျဉ်းလေးသားပေးထားတယ်၊ အဲဒီအပေါ်မှာ အနုဆုံး သဲအဖြူလေးတွေကို ဘုရားကြီးတို့ ဘာတို့ဘက်က သွားပြီးတော့ ကားနဲ့သယ်လာပြီးတော့ သဲဖြူလေးတွေကို ဆန်ခါနဲ့ချပြီးတော့။ အဲဒီပေါ်မှာ ဖြူးရတယ်။ ကြည့်လိုက်ရင် ဖွေးနေတာပေါ့။ သဲဖြူခင်းရာဇမတ်ကာ ဆိုတာမျိုးပေါ့။ သူက မင်းမျိုးမင်းနွယ်၊ ဘုရင်ရဲ့ညီ ဆိုလား။ ထားပါတော့။ အဲလိုလာတာဆိုတော့ ကိုယ့်ဘက်က အကောင်းဆုံး ကြိုဆိုရမယ်ဆိုပြီးတော့ ကြိုရတာပေါ့ဗျာ။ အဲဒီမှာ တွေ့ဖူး လိုက်တယ်ပေါ့။ အဲဒီအချိန်မှာတော့ သူကတော့ ဗမာ့တပ်မတော်ရဲ့ ကိုယ်စားပြု စစ်သေနာပတိ ဆိုတော့ ဂျပန်ဘုရင့်ဆွေတော်မျိုးတော်နဲ့ တန်းတူညီတူပဲ လျှောက်လာကြတာ။ အဲဒီမှာ တစ်ခါတွေ့လိုက်ရတယ်။

မေး။ ။ နောက်ပိုင်းရော ထပ်တွေ့သေးရဲ့လား ဘာဘာ။

ဖြေ။ ။ တွေ့တယ်။ အဲဒါပြီးတော့ ကျွန်တော်လည်း အရာရှိဖြစ်လာတယ်။ နောက်ပိုင်း ကျွန်တော် မန္တလေးသွားတယ်။ ဗိုလ်ဗထူးတို့နဲ့ ရောက်သွားတဲ့အခါကျတော့ မှတ်မိသေးတယ်။ ကလေးတွေပေါ့နော်။ ဗိုလ်သင်တန်းကျောင်းက ဆင်းလာတဲ့အခါကျတော့ လာရတာလည်း ပင်ပန်းတယ်ဆိုတော့ ဒီကလေးတွေ ကောင်းကောင်းမွန်မွန် ကျွေးပါမွေးပါ ဆိုတော့ မန္တလေးမှာကျမှ ကျွန်တော်တို့ကောင်းကောင်းစားရတာ။ အဲဒီတော့မှ ငါးဟင်းတို့၊ ပုစွန်တို့ ဘာတို့ ဟင်းကောင်းစားရတာ။ တစ်လမ်းလုံးမှာတော့ မြေပဲကြော်ရယ်၊ ထန်းလျက်ရယ်၊ ကြံသကာရယ်၊ ထမင်းရယ်ပေါ့ဗျာ။ အဲဒါပဲ ထည်လဲစားရတာ။ ဆန်တော့ ပေါပါတယ်။

အဲဒီတုန်းကဆန်ကလည်း အပြင်သိပ်မရောင်းရတော့ ထမင်းကတော့ ရှိတယ်။ ဟင်းဆိုတာကတော့ သိပ်မရှိဘူးလေ။ ကျွန်တော်တို့က ပျဉ်းမနား အထိတော့ ရထားနဲ့လာလို့ရတယ်။ ပျဉ်းမနား ဒီဘက်ကိုကျတော့ ရထားက တွန်းလာရတာ။ ရထားကမီးပေါင်ကျတော့ တွန်းရတာပေါ့။ မီးပေါင်လေး တက်လာပြီဆိုရင် ပြန်တက်၊ မီးပေါင်ကျသွားရင် ပြန်ဆင်းပြီးတွန်းရတယ်။ ယုံတောင်ယုံမယ်မထင်ဘူး။ ရထားကို စီးရတယ်မရှိဘူး။ တွန်းရတာ။ သစ်သားတုံး အစိမ်းတွေနဲ့ မီးသွေးထည့်တော့ သူက မီးပေါင်ကျတော့ ရထားကမထွက်ဘူး။ ဒါကြောင့် တွန်းရတာ။ တွန်းရင်းနဲ့မီးပေါင်က တက်လာတော့ အရှိန်ပြန်ရလာရော၊ တစ်ခါပြန်တက်ပေါ့။ နောက်တစ်မိုင် နှစ်မိုင်လောက်ကျသွားရင် မီးပေါင်ကျသွားပြန်ရော။ တစ်ခါပြန်ခုန်ဆင်းပေါ့။ အဲဒီလိုနဲ့ ပဲခူးပြန်လာရတာပေါ့။ ပဲခူးပြန်လာတော့ ရွှေတောင်ရိုးစခန်းမှာ နေရတယ်။ ကျွန်တော်က စခန်းမှူးရုံးမှာနေတယ်။ ကျွန်တော့် စခန်းမှူးက ရဲဘော်သုံးကျိပ် ဗိုလ်ကြီးဗလပေါ့။ ကျွန်တော်တို့နဲ့ အတူနေရတယ်။ ကျွန်တော်တို့က တပ်ထဲမှာပဲနေရတယ်။ ရုံဖန်ရုံခါလာစစ်တာကတော့ ဗိုလ်ဇေယျက လာစစ်တယ်။

ဒါပေမယ်လို့ မတ်လအလယ်လောက်ကျတော့ ကျွန်တော်တို့တပ်မှူးက ကျွန်တော့်ကိုလာပြောတယ်။ တောထဲသွားရမယ်ပေါ့။ အဆင်သင့် ပြင်ထားပေါ့။ မင်းနဲ့အတူ တပ်စိတ်တစ်စိတ်ပါမယ်ပေါ့။ ပြောရမယ့် အချိန်ကျမှပြောမယ်ပေါ့။ အဆင်သင့်လုပ်ထားဆိုတော့ ဘာမှန်းတော့ မသိဘူး။ လုပ်ထားဆိုတော့လည်း လုပ်ထားတာပါ။ အဲဒီနေ့က အဲလို ပြောပြီးတော့ လေးငါးရက်လောက်ကြာတော့ အဲဒီမှာ ပွဲလုပ်မယ်။ ဗိုလ်ချုပ်အောင်ဆန်းလာမယ်။ ထမင်းစားပွဲကျင်းပမယ်။ အဲဒီတုန်းက မတ်လအလယ်လောက်ပေါ့။ ရက်တော့မမှတ်မိဘူး။ ဒါပေမဲ့ ဖက်ဆစ် တော်လှန်ရေးက မတ်လ ၂၇ ရက်ဆိုတော့ မှန်းကြည့်ရတာပေါ့။ အဲဒီမှာ ဗိုလ်ချုပ်အောင်ဆန်းလာမယ်။ ရဲဘော်တွေနဲ့အတူ ထမင်းစားမယ်။ ညဘက်မှာ အိုက်တင်သောင်းအငြိမ့်ကမယ်။ မာယာသောင်းလို့လည်း ခေါ်တယ်သူ့ကို။ မင်းသမီးကနာမည်ကြီး။ ပဲခူးက။ အဲဒီအငြိမ့်ကမယ်တဲ့ ဆိုတော့ အရာရှိငယ်တွေအကုန်လုံးလာရမယ်ပေါ့။ ထမင်းစားဖို့ဆိုတော့ သွားကြရတာပေါ့။ သွားတော့ကံအားလျော်စွာပဲ၊ ဗိုလ်ချုပ်က သူ့ရဲ့ တောင်းဆိုချက်ပဲ ဆိုပါတော့ဗျာ။ တပ်မှူးငယ်လေးတွေ။ ကျောင်းဆင်း ဗိုလ်လောင်းလေးတွေနဲ့ တွေ့ချင်တယ်ထင်ပါတယ်။ စီစဉ်တော့ ခနိတဲကြီး ထဲမှာ ထမင်းစားပွဲ လုပ်တာပေါ့။ ပျဉ်တွေဘာတွေတောင်မရှိပါဘူး။

သူပြောတဲ့ စကားတစ်ခွန်းရှိတယ်။ ဒါကတော့ ပြောလေ့ပြောထပါ။ ခဏခဏကို ပြောတယ်။ “ငါ့တပ်မတော်မှာ ဘယ်ခါကြည့်ကြည့် စစ်သည်ဆိုးမရှိဘူး။ အရာရှိဆိုးပဲ ရှိတယ်”လို့ ခဏခဏကို ပြောတာ၊ အဓိပ္ပာယ်ကတော့ မင်းတို့ဟာ အရာရှိဖြစ်မယ့်သူတွေ၊ အဲဒီသူတွေက အရာရှိကောင်းဖြစ်ပြီးတော့ မင်းတို့အောက်က စစ်သည်တော်တွေကို ကောင်းအောင်လုပ်ကြဖို့၊ ဒါကိုသူက အဓိပ္ပာယ်ပေါ်အောင် ငါ့တပ်မတော်မှာ စစ်သည်ဆိုးဆိုတာမရှိဘူး။ အရာရှိဆိုးဆိုတာ ရှိလာနိုင်တယ်လို့ ပြောလေ့ရှိတယ်။

တွေ့ရတယ်။ သူတို့ ကိစ္စဝိစ္စတွေပြီးပြီလားတော့မသိဘူး။ ကျွန်တော်လည်း မသိနိုင်ဘူးလေ။ ဗိုလ်မှူးလှဟန်က ဒီကလေးတွေကို ပြန်ခေါ်သွားဖို့ပြောတယ်။ ပြောရဦးမယ်။ ဗိုလ်ဗထူးကတော့ ပိန်ပိန်သွယ်သွယ်။ စိတ်ဓာတ်အင်မတန် ပြင်းထန်တယ်။ ငယ်သားတွေအပေါ်မှာ ကြင်နာတယ်။ သူက ကျွန်တော်တို့ ဝါးခြမ်းတွေနဲ့ခွဲခွဲပြီး လုပ်ထားတာ။ ထိုင်ရတာလည်းဝါးတန်းပေါ့။ သူက လည်း အဲလိုပဲတစ်ဖက်က ထိုင်ရတာပေါ့။ ထိုင်ရတဲ့အခါကျတော့ ကံအား လျော်စွာပဲ ကျွန်တော်နဲ့ တည့်တည့်လာကျတယ်။ အဲဒီမှာ အသေအချာမြင်ဖူး လိုက်တယ်။ စကားပြောဖူးလိုက်တယ်။ (ဆက်လက်ဖော်ပြပါမည်)

(၇၃)နှစ်မြောက် အာဇာနည်နေ့တွင် အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုကြမည့် မိဘပြည်သူများအား ကြိုတင်အသိပေးအကြောင်းကြားခြင်း

(၇၃) နှစ်မြောက် အာဇာနည်နေ့တွင် အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုကြမည့် မိဘပြည်သူများအနေဖြင့် အောက်ပါအချက်များ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်-

(က) လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူး အမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် ကော်ပိုက်/သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့် မပြုပါ။

(ခ) အာဇာနည်ဗိမာန်သို့ ဝင်ရောက်ရာလမ်းဖြစ်သော လင့်လမ်းနှင့် အနောက်ရွှေဂုံတိုင် လမ်းဆုံတို့တွင် COVID-19 ရောဂါကာကွယ်ရေးအတွက် ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်း ပြုလုပ်သွားမည်ဖြစ်ပြီး ရောဂါဖြစ်ပွားသူတွေ့ရှိပါက Contact Person ဆက်စပ်စုံစမ်းနိုင်ရေးအတွက် အမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်များ ပြည့်စုံမှန်ကန်စွာ စာရင်းပေးရမည်ဖြစ်ပါသည်။

(ဂ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ COVID-19 ရောဂါကာကွယ်ရေးအတွက် Social Distancing အရ သတ်မှတ်ထားသော (၆)ပေ အကွာအဝေးအတိုင်း အာဇာနည်ဗိမာန်အတွင်းသို့ တန်းစီဝင်ရောက် ရမည်ဖြစ်ပြီး အာဇာနည်ဗိမာန်ရင်ပြင်တွင်လည်း တစ်ကြိမ်လျှင် (၁၂)ဦးခန့်သာ ဂါရဝပြုခွင့်ပေးမည် ဖြစ်ပါသည်။

(ဃ) အာဇာနည်ခေါင်းဆောင်ကြီးများအား ဂါရဝပြုမှုပြီးဆုံးပါက သတ်မှတ်ပေးထားသော လမ်းကြောင်းအတိုင်း အာဇာနည်ဗိမာန်ဝင်းအတွင်းမှ ပြန်လည်ထွက်ခွာရမည်ဖြစ်ပြီး သွားလာခွင့်မပြုထားသည့်နေရာများ အား သွားရောက်ခွင့်ပြုမည် မဟုတ်ပါ။

(င) အာဇာနည်ဗိမာန်ဝင်းအတွင်းမှ ပြန်လည်ထွက်ခွာပြီးပါက အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်နှင့် ရွှေတိဂုံဘုရားတောင်ဘက်မုခ်ဘက်သို့ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

(စ) အများပြည်သူလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့များမှ စစ်ဆေးခြင်းကို ကြည်ဖြူစွာ ခံယူပြီး မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုကူညီရေးပရဟိတအဖွဲ့များ၏ လမ်းညွှန်မှုအတိုင်း လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

(၇၃)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရေး
စည်းကမ်းထိန်းသိမ်းရေးကော်မတီ

တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများ ဆေးရုံသုံးပစ္စည်းများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၄

တပ်မတော်(ကြည်း၊ ရေ၊ လေ)က ယမန်နေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ စဝ်စံထွန်းဆေးရုံကြီးသို့ Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်းများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။

တက်ရောက်

အဆိုပါ လှူဒါန်းပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ စဝ်စံထွန်းဆေးရုံအုပ်ကြီး ဒေါက်တာမြင့်သိန်းနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စဝ်စံထွန်းဆေးရုံကြီးအတွက် Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများနှင့် ဆေးရုံသုံးပစ္စည်းများဖြစ်သည့် Surgical Masks အခု ၃၀၀၀၀၊ N 95 Mask အခု ၁၂၀၀၊ Face Shield အခု ၃၀၀၊ Sodium Hypochloride (20L) ခြောက်ပုံး၊ Personal Protective Equipment (PPE) အစုံ ၇၅၀၊ Examination Glove အခု ၁၅၀၀၊ Hand Gel ဘူး ၃၅၀၊ Hand Sanitizer ဘူး ၃၅၀၊ OT Gown ဘူး ၅၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်သိန်းက လက်ခံရယူသည်။

ဆက်လက်၍ ဆေးရုံတက်လူနာများနှင့် ဆေးရုံဝန်ထမ်းများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများဖြစ်သည့် ကြက်ဥ ၈၀၈ လုံး၊ ရွှေဖီဦး ၈၀၈ ထုပ်နှင့် နန်းမြိုင်ကော်ဖီ ၈၀၈ ထုပ်တို့ကို စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းက ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် အင်းလေးဒေသတို့မှ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့ဝင်များအား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ပင်လုံရိပ်သာခန်းမ၌ ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသဦးစီးဥက္ကဋ္ဌ ဦးခွန်စံလွင်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊ အင်းသားစာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးတက်ထွန်း၊ ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့နာယက ဦးစိုင်းနွံအောင်တို့နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းရင်းသားကိုယ်စားလှယ်အဖွဲ့များအတွက် အဖွဲ့တစ်ဖွဲ့လျှင် Surgical Mask အခု ၂၀၀၀၀၊ N 95 Mask အခု ၅၀၀၊ Face Shield အခု ၂၅၀၊ Sodium Hypochloride(20L) ငါးပုံး၊ Examination Glove အခု ၁၀၀၀၊ Hand Gel ဘူး ၂၅၀၊ Hand Sanitizer ဘူး ၂၅၀ နှင့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းရာ တိုင်းရင်းသား ကိုယ်စားလှယ်ခေါင်းဆောင်များက လက်ခံရယူသည်။

ထို့နောက် တိုင်းရင်းသားကိုယ်စားလှယ်အဖွဲ့များကိုယ်စား ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသဦးစီးဥက္ကဋ္ဌ ဦးခွန်စံလွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ညှိနှိုင်းဆောင်ရွက်

ဆက်လက်ပြီး ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များက ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှ လက်ရှိအချိန်ထိ တွေ့ကြုံရသည့် အခက်အခဲများ၊ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများအား ဆွေးနွေးတင်ပြကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲစာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ မှန်ကန်စွာဖြည့်သွင်းနိုင်ရေး ညှိနှိုင်းရှင်းလင်းဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၄

ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ရှိ ရေဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ရှင်းလင်းဆွေးနွေး

တွေ့ဆုံစဉ် ရေဝတီတိုင်းဒေသကြီးအတွင်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်ရေးအတွက် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တင်ပြထားသည့် မဲစာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖြည့်သွင်းနိုင်ခြင်း မရှိသေးသည့် စာရင်း၊ ယင်းစာရင်းများအား ပြန်လည်စိစစ်ဆောင်ရွက်ကာ ရရှိလာသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ပြန်လည်ဖြည့်သွင်းနေမှုနှင့် မှန်ကန်သောစာရင်းများရရှိစေရေးအတွက် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြညှိနှိုင်းဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံကာ မဲပေးခွင့်ရှိသည့် လူဦးရေစာရင်းများအရ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် မဖြည့်သွင်းရသေးသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဝန်ထမ်းများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှန်တကယ် ရရှိကိုင်ဆောင်ခြင်းမရှိသေးသည့် အသက် (၁၈) နှစ်ပြည့်ပြီးသူ တိုင်းရင်းသားများအား ကွင်းဆင်းဆောင်ရွက်ပေးနိုင်ရေး၊ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ညှိနှိုင်းပူးပေါင်းကာ မဲစာရင်းများ မှန်ကန်စေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းပြောကြားသည်။

သစ္စာစီမံချက်

ထို့နောက် တိုင်းဒေသကြီးဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများက ယခုအစိုးရအဖွဲ့ စတင်တာဝန်ယူစဉ်မှစ၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဝန်ထမ်းများက သစ္စာစီမံချက်ဖြင့် ရေဝတီတိုင်းဒေသကြီးအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းထုတ်ပေးဆောင်ရွက်ရာတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှု အခြေအနေများ၊ မဲပေးခွင့်ရှိသူစာရင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များဖြည့်သွင်းရန် ကျန်ရှိနိုင်သည့် အကြောင်းရင်းများ၊ ယင်းအကြောင်းရင်းများအရ ပြန်လည်ဖြည့်သွင်းဆောင်ရွက်မည့် အစီအစဉ်နှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့ နံနက် ၈ နာရီတွင် ရေဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရောရွှေဝါခန်းမ၌ တွေ့ဆုံကာ ရေဝတီတိုင်းဒေသကြီးအတွင်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူလူဦးရေစာရင်း၊ ယင်းစာရင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖြည့်သွင်းရန် ကျန်ရှိသည့် စာရင်းများအနက် ကတ်ပြားထုတ်ပေးပြီးဖြစ်သော်လည်း ပျက်စီး/ပျောက်ဆုံးသူများနှင့် ကတ်ပြားအမှတ် မမှတ်မိသူများပါရှိမှု၊ မဲစာရင်းတွင် အမည်စာရင်းပါသူအား ရှာဖွေမေးမြန်းနိုင်ခြင်းမရှိမှု၊ မိသားစုအလိုက် ပြောင်းရွှေ့သွားလာမှု စသည့်အခြေအနေများကြောင့် လည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအား အမှန်တကယ် လျှောက်ထားရရှိမှု မရှိခြင်းကြောင့်လည်းကောင်း၊ ကတ်ပြားအမှတ်များ ဖြည့်သွင်းနိုင်မှုမရှိသည့် အခြေအနေ၊ ယင်းအခြေအနေများကို ခြုံငုံသုံးသပ်ကာ မဲစာရင်းတွင် ပါရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ မှန်ကန်ပြည့်စုံစွာ ဖြည့်သွင်းနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နိုင်ရေး ရှင်းလင်းပြောကြားသည်။

နိုင်ငံသားစိစစ်ရေးကတ် ရရှိရေး

ယင်းနောက် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မြင့်က တိုင်းဒေသကြီးအတွင်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ဆန္ဒမဲပေးခွင့်ရှိသူ လူဦးရေစာရင်း ကွင်းဆင်းကောက်ယူဆောင်ရွက်မှုနှင့် မဲစာရင်းပြုစုမှုအခြေအနေ၊ ယင်းမဲစာရင်းများတွင် အချက်အလက်များ ကောက်ယူဖြည့်သွင်းရာ၌ တွေ့ကြုံရသည့် အခက်အခဲများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ဖော်ပြနိုင်ခြင်းမရှိသည့် အခြေအနေနှင့် ကတ်ပြားအမှတ်ရရှိရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုနှင့် လုပ်ငန်းဆိုင်ရာ အခက်အခဲများ၊ မဲစာရင်းကြေညာပြီးနောက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက မဲစာရင်းပြုစုရာတွင် အချက်အလက်မှန်ကန်ပြည့်စုံစွာ ဖြည့်သွင်းနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ရှင်းလင်းဆွေးနွေးမှုများအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး မဲပေးခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် လိုအပ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ အချိန်မီ ပြုစုဖြည့်သွင်းပေးနိုင်ရေးအတွက် အားလုံးတက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေးကိစ္စတို့ကို ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အသိပေးကြေညာချက်

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၅ ရက်

၁။ နိုင်ငံခြားသုံးငွေအား စီမံခန့်ခွဲရန်အတွက် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့တွင်လည်းကောင်း၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင်လည်းကောင်း ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

၂။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၉ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်းကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

၃။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေနှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်းတို့အား အများပြည်သူ လေ့လာနိုင်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် ယင်းဥပဒေနှင့် စည်းမျဉ်းများ ပြဋ္ဌာန်း/ထုတ်ပြန်ပြီးချိန်မှစ၍ ဖော်ပြထားပြီးဖြစ်ပါသည်။

၄။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်နှင့် ပြည်ပနိုင်ငံများအကြား နိုင်ငံခြားငွေ ငွေသား၊ ပေးချေမှုစာချုပ်စာတမ်းများနှင့် ငွေချေးသက်သေခံလက်မှတ်များအား လက်ရောက်လွှဲပြောင်းခြင်းမှအပ နိုင်ငံခြားငွေဖြင့် ပေးချေခြင်းနှင့် လွှဲပြောင်းမှုများကို နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူများမှတစ်ဆင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ ပုဒ်မ ၃၈-ခ တွင် "မည်သူမျှ ပို့ကုန်ရငွေ အားလုံးကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန် ပျက်ကွက်ခြင်းမရှိစေရ"ဟု ပြဋ္ဌာန်းထားပါသည်။

၅။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်း အပိုဒ် ၃၅ တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည် -

"နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူသည် ပို့ကုန် အမှန်တကယ် တင်ပို့ခဲ့သည့် ပို့ကုန်တင်ပို့သည့် အထောက်အထားများအရ ကုန်စည်များကို သင်္ဘောတင်သည့်နေ့မှ ခြောက်လအတွင်း ပို့ကုန်တင်ပို့သူများက ပို့ကုန်ရငွေများ လက်ခံရရှိခြင်း ရှိ/မရှိ ကို စိစစ်ရမည်။"

၆။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်း အပိုဒ် ၃၆ တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည် -

"နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူသည် ပို့ကုန်ရငွေများ လက်ခံရရှိခြင်း ရှိ/မရှိ ကို အောက်ပါတို့ဖြင့် စိစစ်စစ်ဆေးရမည်-

(က) ကုန်စည်တင်ပို့သူ၏ မှန်ကန်ကြောင်း အတည်ပြုထားသည့် အမှန်တကယ်တင်ပို့သည့် ကုန်စည်တန်ဖိုးနှင့် ကုန်စည်တင်ပို့သည့်အချိန်ကာလပါ ပို့ကုန်တင်ပို့သူက တင်ပြသည့် ကုန်စည်တင်ပို့သည့် ကြေညာချက်၊

(ခ) ပို့ကုန်ရငွေ လက်ခံရရှိရမည့်ရက်စွဲ။"

၇။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်း အပိုဒ် ၃၇ တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည် -

"နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူသည်-

(က) ပို့ကုန်တင်ပို့သူများထံမှ ယင်းတို့တင်ပို့သည့် ကုန်စည်တန်ဖိုးနှင့် အချိန်ကာလ မှန်ကန်ကြောင်းကို အကောက်ခွန်ဦးစီးဌာနက အတည်ပြုထားသည့် ကုန်စည်တင်ပို့သည့် ကြေညာချက်ကို တောင်းယူရမည်၊

(ခ) မိမိခွင့်ပြုခဲ့သည့် နိုင်ငံခြားငွေလွှဲပြောင်းလက်ခံမှု မှန်/မမှန် ကို အကောက်ခွန်ဦးစီးဌာနက အတည်ပြုထားသည့် ကုန်စည်တင်ပို့သည့် ကြေညာချက်မူရင်းနှင့် အမှန်တကယ်လက်ခံရရှိသည့် ပို့ကုန်ရငွေများဖြင့် တိုက်ဆိုင်စိစစ်ရမည်။"

၈။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်း အပိုဒ် ၃၈ တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည် -

"နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူသည် ကုန်စည်တင်ပို့သူက သတ်မှတ်ရက်အတွင်း ပို့ကုန်ရငွေများ လက်ခံရရှိခြင်းမရှိသည့် ကုန်စည်တင်ပို့သည့် ကြေညာချက်အား စစ်ဆေးသုံးသပ်ချက်နှင့်အတူ ဗဟိုဘဏ်သို့ ဆောလျင်စွာ အစီရင်ခံတင်ပြရမည်။"

၉။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်း အပိုဒ် ၃၉ တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည် -

"ဗဟိုဘဏ်၏ ခွင့်ပြုကာလကုန်ဆုံးသည်အထိ ပို့ကုန်ရငွေများ လက်ခံရရှိခြင်း မရှိသည့် ကုန်စည်တင်ပို့သည့်ကိစ္စနှင့်စပ်လျဉ်း၍ ဆက်လက်စိစစ်စစ်ဆေးမှုများ ပြုလုပ်နိုင်ရန်အတွက် ဗဟိုဘဏ်သို့ ပေးပို့ရန်၊ ဗဟိုဘဏ်သည် သက်ဆိုင်ရာအစိုးရဌာနများနှင့် တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများသို့ အမှုတွဲအား လွှဲပြောင်းပေးပို့ရမည်။"

၁၀။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေနှင့်စည်းမျဉ်းတို့အား ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် အောက်ပါ Link များတွင် လေ့လာနိုင်ပါသည် -

(က) https://www.cbm.gov.mm/sites/default/files/feml-revised.pdf

(ခ) https://www.cbm.gov.mm/sites/default/files/regulate_launder/fem_regulations_website_final_version__29-9-2014_-5_myan.pdf

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်သို့ တိုင်တန်းချက်များအပေါ် စိစစ်ဆောင်ရွက်မှုအခြေအနေနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်

သတင်းထုတ်ပြန်ချက်အမှတ် (၁၀/ ၂၀၂၀)

၁။ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်မှုဆိုင်ရာ ပါရီအခြေခံမူများတွင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများသည် လူ့အခွင့်အရေးချိုးဖောက်ခံရသည့် အခြေအနေများ၌ ဝင်ရောက်ကိုင်တွယ်ဆောင်ရွက်ရန်ဟု ပြဋ္ဌာန်းထားပါသည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေတွင်လည်း လူ့အခွင့်အရေး ဖောက်ဖျက်ကြောင်း တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်များနှင့်စပ်လျဉ်း၍ စိစစ်ပြီး စုံစမ်းစစ်ဆေးရန်၊ ဖောက်ဖျက်မှုဖြစ်ပွားကြောင်း သိရှိရသည့်နေရာသို့ သွားရောက်စစ်ဆေးရန် အခွင့်အာဏာကို ပေးအပ်ထားပါသည်။ အဆိုပါတာဝန်သည် ကော်မရှင်၏ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအတွက် အဓိကကျသည့် လုပ်ငန်းတာဝန်တစ်ရပ် ဖြစ်ပါသည်။ လက်ရှိကာလတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကန့်သတ်ချက်များအရ အကျဉ်းထောင်များသို့ သွားရောက်စစ်ဆေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ လူ့အခွင့်အရေးသင်ခန်းစာများ ပို့ချခြင်းကဲ့သို့သော လုပ်ငန်းတာဝန်များကို ခေတ္တဆိုင်းငံ့ထားရသော်လည်း လူ့အခွင့်အရေး ဖောက်ဖျက်ခံရမှုများနှင့်ပတ်သက်သည့် တိုင်တန်းချက်များကိုမူ လက်ခံရရှိလျက်ရှိပါသည်။

၂။ ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် လက်ခံရရှိခဲ့သော တိုင်တန်းချက် ၂၅၄ မှု၊ ဖေဖော်ဝါရီလ လက်ကျန်တိုင်တန်းချက် ၃၇၁ မှု၊ စုစုပေါင်း တိုင်တန်းချက် ၆၂၅ မှုရှိခဲ့ပါသည်။ ယင်းတို့အနက် ကွင်းဆင်းစစ်ဆေးမှု ၁ မှု အပါအဝင် ၇၃ မှုကို သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများက လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရန် အကြောင်းကြားပေးပို့ခဲ့ပါသည်။ ၂၀ မှုကိုမူ အကြံပြုချက်များနှင့်အတူ တိုင်တန်းသူများထံသို့ အကြောင်းပြန်ကြားခဲ့ပါသည်။ ၁၉၃ မှုမှာ တရားရုံးတစ်ခုခုရှေ့မှောက်တွင် စစ်ဆေးကြားနာဆဲအမှုများ၊ တရားရုံးတစ်ခုခု၏ ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်မှု သို့မဟုတ် အယူခံမှု ဝင်ရောက်ဆဲ အမှုများ၊ တရားရုံးတစ်ခုခုမှ အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသော အမှုများ၊ ယခင်က အရေးယူဆောင်ရွက်ပြီးဖြစ်သည့် အမှုဟောင်းများ၊ ကော်မရှင်ဥပဒေအရ စုံစမ်းစစ်ဆေးရန် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော တိုင်တန်းချက်များဖြစ်သဖြင့် စနစ်တကျ မှတ်တမ်းအဖြစ် ထားရှိခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် မတ်လ လက်ကျန် ၃၃၉ မှု ကျန်ရှိပါသည်။

၃။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် လက်ခံရရှိခဲ့သော တိုင်တန်းချက် ၇၈ မှု၊ မတ်လ လက်ကျန် တိုင်တန်းချက် ၃၃၉ မှု၊ စုစုပေါင်း တိုင်တန်းချက် ၄၁၇ မှုရှိခဲ့ပါသည်။ ယင်းတို့ အနက် ၃၆၇ မှုကို အပြည့်အဝ စိစစ်စစ်ဆေးဆောင်ရွက်နိုင်ခဲ့ပြီး ၁၀၆ မှုကို သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများက လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရန် အကြောင်းကြားပေးပို့ခဲ့ပါသည်။ ၁၉ မှု ကိုမူ အကြံပြုချက်များနှင့်အတူ တိုင်တန်းသူများထံသို့ အကြောင်းပြန်ကြားခဲ့ပါသည်။ ၂၄၂ မှုမှာ တရားရုံးတစ်ခုခုရှေ့မှောက်တွင် စစ်ဆေးကြားနာဆဲအမှုများ၊ တရားရုံးတစ်ခုခု၏ ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်မှု သို့မဟုတ် အယူခံမှု ဝင်ရောက်ဆဲအမှုများ၊ တရားရုံးတစ်ခုခုမှ အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသော အမှုများ၊ ယခင်က အရေးယူဆောင်ရွက်ပြီးဖြစ်သည့် အမှုဟောင်းများ၊ ကော်မရှင်ဥပဒေအရ စုံစမ်းစစ်ဆေးရန် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော တိုင်တန်းချက်များဖြစ်သဖြင့် စနစ်တကျ မှတ်တမ်းအဖြစ်ထားရှိခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် ဧပြီလ လက်ကျန် ၅၀ မှု ကျန်ရှိပါသည်။

၄။ မေလအတွင်းတွင် ကော်မရှင်အနေဖြင့်တိုင်တန်းချက် ၁၅၀ မှု လက်ခံရရှိခဲ့ပြီး ယခင် စိစစ်ရန် ကျန်ရှိနေသေးသည့် ၅၀ မှု၊ စုစုပေါင်း ၂၀၀ မှုကို စိစစ်ဆောင်ရွက်ခဲ့ပါသည်။ ယင်းတို့အနက် ၅၃ မှု ကို သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများက လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရန် အကြောင်းကြားပေးပို့ခဲ့ပါသည်။ ၁၆ မှုကိုမူ အကြံပြုချက်များနှင့်အတူ တိုင်တန်းသူများထံသို့ အကြောင်းပြန်ကြားခဲ့ပါသည်။ ၁၃၁ မှုမှာ တရားရုံးတစ်ခုခု ရှေ့မှောက်တွင် စစ်ဆေးကြားနာဆဲ အမှုများ၊ တရားရုံးတစ်ခုခု၏ ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်မှု သို့မဟုတ် အယူခံမှု ဝင်ရောက်ဆဲ အမှုများ၊ တရားရုံးတစ်ခုခုမှ အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသော အမှုများ၊ ယခင်က အရေးယူဆောင်ရွက်ပြီးဖြစ်သည့် အမှုဟောင်းများ၊ ကော်မရှင်ဥပဒေအရ စုံစမ်းစစ်ဆေးရန် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော တိုင်တန်းချက်များဖြစ်သဖြင့် စနစ်တကျ မှတ်တမ်းအဖြစ် ထားရှိခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် မေလ လက်ကျန်မရှိပါ။

၅။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ မေလအထိ ယခင်ကော်မရှင်က စိစစ်ဆောင်ရွက်ရန် ကျန်ရှိသော တိုင်တန်းချက် ၃၁၆ မှု အပါအဝင် စုစုပေါင်း တိုင်တန်းချက် ၁၁၇၇ မှုကို ကော်မရှင်က လက်ခံရရှိခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအထိ တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ လက်ခံရရှိသည့် တိုင်တန်းချက်များကို စိစစ်စစ်ဆေးခဲ့ရာတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ တိုင်တန်းချက် အများဆုံးလက်ခံရရှိပြီး ကျန်တိုင်းနှင့် ပြည်နယ်များမှ တိုင်တန်းချက် နည်းပါးသည်ကို တွေ့ရှိရပါသည်။ ကယားပြည်နယ်မှ တိုင်တန်းချက် လက်ခံရရှိခြင်းမရှိပါ။ ၎င်းကော်မရှင်က လက်ခံရရှိခဲ့သည့် တိုင်တန်းချက်များ၏ အများစုမှာ မြေယာပြဿနာရပ်များဖြစ်ပြီး ဒုတိယအများစုမှာ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဝန်ထမ်းများကို တိုင်တန်းသော ပြဿနာရပ်များဖြစ်သည်ကို တွေ့ရှိရပါသည်။

၆။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက အရေးယူဆောင်ရွက်ရန် လိုအပ်သော အမှုများကို ကော်မရှင်၏ စုံစမ်းတွေ့ရှိချက်၊ အကြံပြုတိုက်တွန်းချက်နှင့်အတူ လွှဲပြောင်းပေးပို့ခဲ့ပါသည်။ ထိုသို့ ပေးပို့ထားသော အမှုများအား ရက်ပေါင်း (၃၀) အတွင်း အရေးယူဆောင်ရွက်ထားရှိမှုကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက ပြန်ကြားရမည်ဖြစ်သော်လည်း အချို့သောဌာန၊ အဖွဲ့အစည်းများမှာ ပူးပေါင်းဆောင်ရွက်မှု အားနည်းနေသေးကြောင်း တွေ့ရှိရပါသည်။ နိုင်ငံအတွင်း လူ့အခွင့်အရေးဖောက်ဖျက်မှုများ လျော့နည်းသွားစေရန်နှင့် ပြည်သူလူထုအားလုံး၏ လူ့အခွင့်အရေး ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၄ ရက်

ကိုဗစ်-၁၉ ကပ်ရောဂါအဆုံးသတ်ချိန်တွင် ကလေးငယ် ၁၀ သန်း လုံးဝကျောင်းတက်ရဖွယ်မရှိဟုဆို

လန်ဒန် ဇူလိုင် ၁၄

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါသည် မကြုံစဖူးသော ပညာရေးဆိုင်ရာ အရေးပေါ် အခြေအနေတစ်ရပ်ကို ဖြစ်ပေါ်စေခဲ့ပြီး ကျောင်းများပိတ်ထားခဲ့ခြင်း၏ဆိုးကျိုးနှင့် ကြုံတွေ့ခဲ့ရသည့် ကလေးငယ် ၉ ဒသမ ၇ သန်းကျော်သည် ကျောင်း လုံးဝပြန်လည်တက်ရောက်ရဖွယ်မရှိမှုနှင့် ရင်ဆိုင်နေရကြောင်း Save the Children က ယမန်နေ့က သတိပေးပြောကြားခဲ့သည်။

လူငယ် ၁ ဒသမ ၆ ဘီလီယံသည် ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်ရေး အစီအမံများကြောင့် ကျောင်းများနှင့် တက္ကသိုလ်များမှ ထွက်ခွာခဲ့ရကြောင်း ဧပြီလအတွင်းက ဖော်ပြထားသော ယူနက်စကို၏ အချက်အလက်များကို ကိုးကားလျက် ဗြိတိန်ပရဟိတ လုပ်ငန်းတစ်ခုဖြစ်သည့် Save the Children က ဖော်ပြထားသည်။

လူ့သမိုင်း တစ်လျှောက်တွင် ကမ္ဘာလုံးဆိုင်ရာ ကလေးငယ်မျိုးဆက်သစ်အားလုံး၏ ပညာရေးကို ပထမဆုံးအကြိမ်အဖြစ် အနှောင့်အယှက်ဖြစ်စေမှုရှိခဲ့ကြောင်း Save our Education ဟု အမည်ပေးထားသည့် ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုမှ တစ်ဆင့် စီးပွားရေးကျဆင်းမှုကြောင့် ကလေးငယ် သန်း ၉၀ ကျော်မှသည် ၁၁၇ သန်းအထိ ဆင်းရဲနွမ်းပါးမှုဒဏ် ခံရနိုင်ကြောင်း ယင်းထုတ်ပြန်ချက်က ဖော်ပြထားသည်။ လူငယ်အများအပြားသည် အလုပ်လုပ်ရန် လိုအပ်လာခြင်း သို့မဟုတ် အမျိုးသမီးငယ်များသည် ၎င်းတို့၏မိသားစုများကို ထောက်ပံ့ကူညီရန် စောစီးစွာအိမ်ထောင်ပြုမှုဖြစ်လာစေခြင်းနှင့်အတူ ကလေးငယ် ခုနစ်သန်းနှင့် ၉ ဒသမ ၇ သန်းအကြားသည်လည်း ကျောင်းလုံးဝ ထွက်ရသည်အထိ ဖြစ်လာနိုင်ဖွယ်ရှိကြောင်းလည်း ဖော်ပြထားသည်။

တစ်ချိန်တည်းမှာပင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၁ ခုနှစ်ကုန်တွင် ဝင်ငွေနည်းသော၊ ဝင်ငွေအလယ်အလတ်ရှိသောနိုင်ငံများ၏ ပညာရေးဘတ်ဂျက်များသည်လည်း အမေရိကန်ဒေါ်လာ ၇၇ ဘီလီယံအထိ လျော့ကျနိုင်ဖွယ်ရှိကြောင်း Save the Children က သတိပေးပြောကြားထားသည်။

ကလေးငယ် ၁၀ သန်းခန့် ကျောင်းလုံးဝ ပြန်လည်တက်ရောက်ရဖွယ်မရှိခြင်းသည် မကြုံစဖူးသော ပညာရေးဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်ကြောင်းနှင့် အစိုးရအဖွဲ့အစည်းများအနေဖြင့်လည်း ပညာရေးကဏ္ဍတွင် အရေးပေါ်ရင်းနှီးမြှုပ်နှံရမည်ဖြစ်ကြောင်း Save the Children အမှုဆောင်ချုပ် အင်ဂါအက်ရှင်က ပြောကြားခဲ့သည်။

ဘေးကင်းလုံခြုံမှုရှိသည့် အချိန်တွင် ကလေးငယ်များကျောင်းပြန်လည်တက်ရောက်နိုင်ရေး အကူအညီပေးရန် ကမ္ဘာလုံးဆိုင်ရာ ပညာရေး အစီအစဉ်သစ်တစ်ရပ်အတွက် ရန်ပုံငွေအများအပြားရင်းနှီးမြှုပ်နှံရန်လည်း Save the Children က အစိုးရများနှင့် အလှူရှင်များအား တိုက်တွန်းပြောကြားခဲ့သည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-အလင်းသစ်

ကိုဗစ်-၁၉ ရောဂါကူးစက်ပြီး ပြန်လည်ကျန်းမာလာသူများ ခုခံစွမ်းအား လအနည်းငယ်အတွင်း ဆုံးရှုံးရဖွယ်ရှိနေ

ပါရီ ဇူလိုင် ၁၄

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှုမှ ပြန်လည်ကျန်းမာလာသူများသည် ထပ်မံကူးစက်မှုဒဏ်ကို ခံနိုင်မည် မဟုတ်ဘဲ ၎င်းတို့၏ ခုခံစွမ်းအားများသည် လအနည်းငယ်အတွင်း ဆုံးရှုံးရဖွယ် ရှိနေကြောင်းနှင့် ကျွမ်းကျင်သူများ ပြောကြားထားသည့် ခုခံအားဆုံးရှုံးမှုဖြစ်စဉ်သည် အစိုးရများ၏ ကိုဗစ်-၁၉ ကပ်ရောဂါကို စီမံဆောင်ရွက်မှုအပေါ် သိသာထင်ရှားသည့် အကျိုးသက်ရောက်မှု တစ်ရပ်ရှိနိုင်ကြောင်း ယမန်နေ့က ထုတ်ပြန်သည့် လေ့လာမှုတစ်ခုအရ သိရသည်။

ပထမလေ့လာမှု တစ်ရပ်တွင် လန်ဒန်မြို့အခြေစိုက် ဗြိတိန်နိုင်ငံ၏ ထိပ်တန်းစာရင်းဝင် ကင်းကောလိပ်မှ သုတေသနပညာရှင်များ ဦးဆောင်သောအဖွဲ့တစ်ခုက ဗိုင်းရပ်စ်ကူးစက်ခံရသည့် အတည်ပြုလူနာ ၉၀ ကျော်၏ ပဋိပစ္စည်းအဆင့်များနှင့် အဆိုပါ ပဋိပစ္စည်းများ အချိန်ကြာလာသည်နှင့်အမျှ မည်သို့ပြောင်းလဲလာပုံတို့ကို ဆန်းစစ်ခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါလက္ခဏာ အနည်းငယ်သာ ပြသူများသည် ဗိုင်းရပ်စ်ကိုတုံ့ပြန်သော ခုခံစွမ်းအား မြင့်တက်လာကြောင်း သွေးစစ်ဆေးမှုများက ဖော်ပြခဲ့သည်။ လေ့လာသူအဖွဲ့၏အဆိုအရ ကူးစက်ခံရသူများ၏ ၆၀ ရာခိုင်နှုန်းသည် ကူးစက်ခံရပြီးနောက် ပထမရက်သတ္တပတ်အတွင်း မှာသာ ဗိုင်းရပ်စ်တုံ့ပြန်နိုင်မှု အလားအလာရှိကြောင်း ဖော်ပြထားသည်။

သို့ရာတွင် သုံးလကြာပြီးနောက် ၁၆ ဒသမ ၇ ရာခိုင်နှုန်းကသာလျှင် ကိုဗစ်-၁၉ ရောဂါကို ကာကွယ်နိုင်သည့် ပဋိပစ္စည်းများ၏ အဆင့်အမြင့်ဆုံးအခြေအနေ ရှိနေခဲ့ကြောင်းနှင့် ရက်ပေါင်း ၉၀ ကြာပြီးနောက်ပိုင်း ကူးစက်ခံရသူ အများအပြားသည် ၎င်းတို့၏ သွေးကြောထဲတွင် မြင်သာသည့် ပဋိပစ္စည်းများမရှိတော့ကြောင်း သိရသည်။

လူ့ခန္ဓာကိုယ်သည် ဗိုင်းရပ်စ်ကဲ့သို့သော ပြင်ပအန္တရာယ်နှင့် ရင်ဆိုင်ဆုံတွေ့သည့် အခါ အဆိုပါဗိုင်းရပ်စ်ကို ခြေရာခံရန်နှင့် သေဆုံးစေရန် ယင်းခန္ဓာကိုယ်က ဆဲလ်များကို စုစည်းပေးသည်။ လုံလောက်သော ပဋိပစ္စည်းများရှိသော လူတစ်ဦးသည် ဗိုင်းရပ်စ်ဆိုင်ရာ ခုခံစွမ်းအား ရှိခြင်းကြောင့် ကူးစက်မှုအသစ်များကို ချေဖျက်နိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတွေ့ရှိချက်များက အစိုးရအဖွဲ့အစည်းများ၏ ကာကွယ်ဆေး သုတေသနနှင့် ကာကွယ်ဆေး ထုတ်လုပ်နိုင်မှုအတွက် ငွေကြေးထောက်ပံ့မှုနှင့် ကူးစက်မှု နောက်အဆင့်အတွက် စီစဉ်ထားမှုတို့ကို ပြောင်းလဲရဖွယ်ရှိကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-အလင်းသစ်

ကိုဗစ်-၁၉ လူနာနှင့် ထိတွေ့ခဲ့ပြီးနောက် ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးနှင့် စစ်ဦးစီးချုပ်တို့ သီးခြားခွဲ၍နေ

မနီလာ ဇူလိုင် ၁၄

ဖိလစ်ပိုင် ကာကွယ်ရေးဝန်ကြီး ဒယ်လ်ဖင်လိုရင်ဇာနာနှင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဖယ်လီမွန် ဆန်တော့စ်တို့သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော စစ်ဘက်ဆိုင်ရာ လက်ထောက်တစ်ဦးနှင့် ထိတွေ့ခဲ့ပြီးနောက် သီးခြားခွဲ၍နေကြရန် ယနေ့ ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

လိုရင်ဇာနာနှင့် ဆန်တော့စ်တို့သည် ယမန်နေ့က ဖိလစ်ပိုင်တောင်ဘက် ဆူလူပြည်နယ်ရှိ တပ်စခန်းတစ်ခုသို့ ဖိလစ်ပိုင်သမ္မတ ဒူတာတေး သွားရောက်လည်ပတ်စဉ် လိုက်ပါသွားကြသည်။ ဆူလူပြည်နယ် ခရီးစဉ်အတောအတွင်း လိုရင်ဇာနာနှင့် ဆန်တော့စ်တို့နှင့်အတူ လိုက်ပါသွားသော စစ်ဘက်ဆိုင်ရာ လက်ထောက်တစ်ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့ကြောင်း ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

စစ်ဘက်လက်ထောက်တစ်ဦးသည် ဆူလူပြည်နယ်သို့ ရောက်ရှိခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရခြင်းဖြစ်ပြီး ချက်ချင်းသီးခြားခွဲ၍ ထားရကြောင်း သိရသည်။

“ကျွန်တော့်မှာ ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ သလိပ်နမူနာကို ဒီနေ့နံနက်ပိုင်းမှာ ကိုယ်တိုင်သွားရောက်စစ်ဆေးပြီး ဆေးအဖြေရသည်အထိ ကိုယ်တိုင်သီးခြားခွဲပြီး နေရမယ်” ဟု ကာကွယ်ရေးဝန်ကြီး လိုရင်ဇာနာက ပြောကြားသည်။

ထို့အပြင် စစ်ဦးစီးချုပ် ဆန်တော့စ်သည်လည်း စစ်ဘက်လက်ထောက်တစ်ဦးနှင့် ထိတွေ့ဆက်ဆံခဲ့ပြီးနောက် သီးခြားခွဲ၍နေရန် ဆရာဝန်က ညွှန်ကြားထားကြောင်း ဖိလစ်ပိုင်တပ်မတော် ပြောရေးဆိုခွင့်ရှိသူ အက်ဂ့ါဒ်အရီဗာလိုက ယနေ့ ပြောကြားသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော စစ်ဘက်ဆိုင်ရာ လက်ထောက်တစ်ဦးသည် ဆူလူပြည်နယ် ခရီးစဉ်အတောအတွင်း သမ္မတအနားတွင် မရှိကြောင်း လိုရင်ဇာနာက ရှင်းလင်းပြောကြားသည်။

ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးသည် ပြီးခဲ့သည့် မတ်လက ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော စစ်ဦးစီးချုပ် ဆန်တော့စ်နှင့် ထိတွေ့ဆက်ဆံခဲ့ပြီးနောက် သီးခြားခွဲ၍နေရပြီး ယခုဆိုလျှင် ဒုတိယအကြိမ်မြောက် သီးခြားခွဲ၍နေခြင်းဖြစ်ကြောင်း သိရသည်။

သို့သော် ထိုစဉ်က လိုရင်ဇာနာမှာ ကိုဗစ်-၁၉ ရောဂါ အနုတ်လက္ခဏာ ပြသထားပြီး ဆန်တော့စ်မှာလည်း ကိုဗစ်-၁၉ ရောဂါကင်းစင်သွားကြောင်း သိရသည်။

လက်ရှိအချိန်အထိ ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅၇၀၀၆ ဦးရှိလာပြီး ၎င်းတို့အနက် ၁၅၉၉ ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၂၀၃၇၁ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာသွားကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – ဂျေတီ

ဟူသီသူပုန်တို့ ပစ်လွှတ်ခဲ့သည့် ဒုံးကျည်နှင့် မောင်းသူမဲ့လေယာဉ်များအား ကြားဖြတ်ဟန့်တားခဲ့ဟု ဆော်ဒီဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့ပြောကြား

ရီယာ့ဒ် ဇူလိုင် ၁၄

ဆော်ဒီအာရေဗျနိုင်ငံတွင်းရှိ ပစ်မှတ်များသို့ ဦးတည်ပစ်လွှတ်ခဲ့သည့် ယီမင်သူပုန်တပ်ဖွဲ့၏ ဒုံးကျည်လေးစင်းနှင့် မောင်းသူမဲ့လေယာဉ်ခုနစ်စင်းတို့ကို ယမန်နေ့က ကြားဖြတ်ဟန့်တားခဲ့ကြောင်း ယီမင်ပြည်တွင်းစစ်ပွဲအတွင်း ဝင်ရောက်ဆင်နွှဲနေသည့် ဆော်ဒီအာရေဗျနိုင်ငံက ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့က ပြောကြားသည်ဟု ဆော်ဒီအာရေဗျသတင်းဌာနက ဖော်ပြသည်။

ဟူသီသူပုန်များက ဆော်ဒီအာရေဗျနိုင်ငံတွင်းရှိ နိုင်ငံသားများနှင့် ၎င်းတို့နေထိုင်ရာဒေသများကို ပစ်ခတ်ခဲ့မှုများအား ကြားဖြတ်ဟန့်တားတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း ဆော်ဒီအာရေဗျဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ တာကီအယ်လ်မဲလ်ကီက ပြောကြားသည်။

ယီမင်နိုင်ငံအခြေစိုက် ဟူသီသူပုန်များသည် လွန်ခဲ့သည့် ငါးနှစ်အတွင်း၌ ဆော်ဒီအာရေဗျနိုင်ငံအား တိုက်ခိုက်မှု ၁၆၅၉ ကြိမ်ပြုလုပ်ခဲ့ကြောင်း၊ ယင်းအထဲတွင် ပဲ့ထိန်းဒုံးကျည်များဖြင့် ပစ်ခတ်မှု ၃၁၈ ကြိမ်၊ မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်မှု ၃၇၁ ကြိမ်၊ ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသည့် ရေယာဉ်များဖြင့် တိုက်ခိုက်မှု ၆၄ ကြိမ်နှင့် ရေမြှုပ်မိုင်းဖြင့် တိုက်ခိုက်မှု ၁၅၃ ကြိမ်တို့ပါဝင်ကြောင်း ယခုလအစောပိုင်းက ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ဆော်ဒီအာရေဗျနိုင်ငံခြားရေးဝန်ကြီး အာဒယ်လ်အယ်လ်ဂျူဘီယာက ပြောကြားခဲ့သည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – ဇော်ဝင်း

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ	၁၃၂၇၃၅၉၃	ဦး
သေဆုံးသူ	၅၇၆၄၉၆	ဦး
ပြန်လည်ကျန်းမာလာသူ	၇၇၄၆၇၇၃	ဦး

ကိုရိုနာဗိုင်းရပ်စ်ကာကွယ်သည့် နှာခေါင်းစည်းများနှင့်လက်အိတ်များက ဥရောပတိုက်ရှိ မြစ်များကို ညစ်ညမ်းစေကြောင်း သိပ္ပံပညာရှင်များ ပြောကြား

ပါရီ ဇူလိုင် ၁၄

ဥရောပတိုက်ရှိ အဓိကမြစ်ကြီးများတွင် စွန့်ပစ်ထားသော ကိုရိုနာဗိုင်းရပ်စ်ကာကွယ်သည့် နှာခေါင်းစည်းများနှင့် လက်အိတ်များဖြင့် ပြန့်ကျဲနေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ထိုစွန့်ပစ်အမှိုက်များသည် မြစ်များထဲတွင်ရှိနေသော ပလတ်စတစ်စွန့်ပစ်ပစ္စည်းများနှင့် ပေါင်းစည်းသွားပြီး ဥရောပတိုက်၏ မြစ်ကြီးများရှိ ရေလမ်းကြောင်းများကို ပိတ်ဆို့စေခဲ့ကြောင်း ဇူလိုင် ၁၂ ရက်တွင် သုတေသနဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့် Tara Ocean Foundation က France Inter radio မှ ပြောကြားခဲ့သည်။

တွေ့ရှိ

ယင်းအဖွဲ့အစည်းမှ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအကြီးအကဲ ရိုမီဟန်တင်ဂျာက သုတေသနပညာရှင်များအနေဖြင့် ဥရောပတိုက်ရှိ မြစ်ကြီးများ၏ ကမ်းပါးများတွင် နှာခေါင်းစည်းများနှင့် လက်အိတ်များကို တွေ့ရှိခဲ့ရသည်ဟု ပြောကြားသည်။

"ဒါဟာ စိုးရိမ်စရာအချက်ဖြစ်ပါတယ်။ အခြားကျန်တဲ့ နှာခေါင်းစည်းတွေနဲ့ လက်အိတ်တွေဟာလည်း သမုဒ္ဒရာတွေထဲကိုပဲ ရောက်သွားနိုင်ပါတယ်"ဟု ၎င်းက ပြောကြားသည်။

"ဒီစွန့်ပစ်ရောဂါကာကွယ်ရေးဝတ်စုံတွေကို ပိုလီပရိုပိုင်လနင်းဆိုတဲ့ ပလတ်စတစ်နဲ့ပြုလုပ်ထားပြီး သမုဒ္ဒရာထဲကို ရောက်သွားတဲ့အခါ အမြန်ပြိုကွဲပြီး ပြန်လည်ရှာဖွေဖို့မဖြစ်နိုင်ပါဘူး"ဟု ပြောကြားသည်။ တာရာဖောင်ဒေးရှင်းက ဥရောပတိုက်၏ အဓိကမြစ်ကြီးများဖြစ်သော အယ်ဘီ၊ ရိုင်း၊ ဆိုင်နီ၊ ရုန်း၊ ဂါရိုနီလော၊ ရီတီဘာ၊ သိမ်းနှင့် အက်ဘရိုမြစ်များအတွင်းရှိ ပလတ်စတစ် အမှုန်အမွှားများ ပါဝင်မှုကို စစ်ဆေးခဲ့သည်။

၂၀၁၉ ခုနှစ် မေလမှ နိုဝင်ဘာလအတွင်း ထိုအဖွဲ့မှ စုဆောင်းထားသော ရေနမူနာများကို စမ်းသပ်ချက်များအရ အမှုန်အမွှားများသည် ပင်လယ်ထဲသို့မရောက်မီ ပြိုကွဲသွားကြောင်း တွေ့ရှိရသည်။ မိမိတို့အနေဖြင့် သိပ္ပံပညာရှင်များရရှိလာမည့် အဖြေကို စောင့်ဆိုင်းနေကြောင်း

ဟန်တင်ဂျာက ပြောကြားသည်။

အဆိုပါ သမုဒ္ဒရာအတွင်းရှိ ပလတ်စတစ်များမှာ ခရမ်းလွန်ရောင်ခြည်နှင့်ဆားများကြောင့် မပြိုကွဲနိုင်ဟူသော ယခင်ကယူဆချက်မှာ ယခုတွေ့ရှိချက်နှင့် ကွဲပြားနေသည်။

နှစ်စဉ်နှစ်တိုင်း ကမ္ဘာပေါ်ရှိ သမုဒ္ဒရာများတွင် ပလတ်စတစ် တန်ချိန် ၈ သန်းခန့်ကို စွန့်ပစ်နေကြောင်း သိရသည်။ **ကိုးကား–အေအက်ဖ်ပီ၊ ဘာသာပြန်–စိုးသူရ**

ဂူလ်ဂဲကုမ္ပဏီက အိန္ဒိယနိုင်ငံ၌ ဒေါ်လာ ၁၀ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် စီစဉ်

နယူးဒေလီ ဇူလိုင် ၁၄

လူဦးရေ သန်းတစ်ထောင်ကျော်နေထိုင်ရာ အိန္ဒိယနိုင်ငံ၌ ပြည်သူများ အင်တာနက် ကျယ်ပြန့်စွာအသုံးပြုနိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဟု ဂူလ်ဂဲကုမ္ပဏီက ကြေညာခဲ့သည်။



ရင်းနှီးမြှုပ်နှံမည်

"အိန္ဒိယနိုင်ငံရဲ့ အနာဂတ်နဲ့ ဒစ်ဂျစ်တယ်စီးပွားရေးမှာ ကျွန်တော်တို့ရဲ့ ယုံကြည်မှုကို ထင်ဟပ်စေတဲ့ ရင်းနှီးမြှုပ်နှံမှု ဖြစ်ပါတယ်" ဟု ဂူလ်ဂဲ အမှုဆောင်အရာရှိချုပ် ဆန်ဒါပီချိုင်းက ဇူလိုင် ၁၃ ရက်တွင် ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။ လာမည့်ငါးနှစ်မှ ခုနစ်နှစ်အတွင်း ဂူလ်ဂဲကုမ္ပဏီ၏ India Digitization Fund ခေါ် ရန်ပုံငွေမှတစ်ဆင့် သုံးစွဲမည့်အဆိုပါငွေကြေးကို အိန္ဒိယနိုင်ငံ၏ နည်းပညာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ "တန်းတူညီမျှမှုရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ၊ မိတ်ဖက်ဆောင်ရွက်မှု၊ အခြေခံအဆောက်အအုံနဲ့ ဇီဝစနစ် ရင်းနှီးမြှုပ်နှံမှုတွေကတစ်ဆင့် ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှာဖြစ်ပါတယ်" ဟု ပီချိုင်းက ပြောသည်။ ရင်းနှီးမြှုပ်နှံမှုက အိန္ဒိယနိုင်ငံအပေါ် ဂူလ်ဂဲကုမ္ပဏီ၏ အကြီးမားဆုံး ကတိကဝတ်ကို ပြသခြင်းဖြစ်သည်။

အသုံးပြုရန် မျှော်လင့်

ယခု ဂူလ်ဂဲ၏ ရင်းနှီးမြှုပ်နှံမှုများက အိန္ဒိယနိုင်ငံတစ်ဝန်း အင်တာနက် ကျယ်ပြန့်စွာ အသုံးပြုနိုင်ရေးသာမက အွန်လိုင်းမှတစ်ဆင့် လုပ်ငန်းဆောင်ရွက်ရန် ကြိုးပမ်းနေသော စီးပွားရေးလုပ်ငန်းများအား ပံ့ပိုးကူညီမည်ဖြစ်သည်။ အင်္ဂလိပ်ဘာသာအပြင် အိန္ဒိယနိုင်ငံတစ်ဝန်း ဒေသန္တရဘာသာစကားများဖြင့် အင်တာနက် အသုံးပြုမှု တိုးချဲ့သွားရန် ဂူလ်ဂဲကုမ္ပဏီက ရည်ရွယ်သည့်အပြင် ရင်းနှီးမြှုပ်နှံမှုများကို ပြည်သူလူထု၏အကျိုးအတွက် ပညာရေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ကျန်းမာရေးကဏ္ဍတို့တွင် အသုံးပြုရန် မျှော်လင့်သည်။

"ဝန်ကြီးချုပ် မိုဒီ၊ အိန္ဒိယအစိုးရတို့အပြင် အိန္ဒိယစီးပွားရေးလုပ်ငန်းတွေအားလုံးနဲ့ လက်တွဲဆောင်ရွက်ရဖို့ ကျွန်တော်တို့ မျှော်လင့်သလို ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ကတီထွင်ဆန်းသစ်မှု လှိုင်းသစ်ကနေ အိန္ဒိယနိုင်ငံက အကျိုးရရှိရုံသာမက ဦးဆောင်ဖို့လည်း ဖြစ်ပါတယ်" ဟု ပီချိုင်းက ပြောသည်။

**ကိုးကား– ဗွီအိုအေ
ဘာသာပြန်–ကျော်ထိုက်စိုး**

စီးပွားရေးထက် ကိုဗစ်-၁၉ တိုက်ဖျက်ရေးကို ဦးစားပေးရန် ဂျပန်ပြည်သူ ၇၀ ရာခိုင်နှုန်းခန့် လိုလားနေ

တိုကျို ဇူလိုင် ၁၄

ဂျပန်နိုင်ငံအတွင်းရှိပြည်သူ ၇၀ ရာခိုင်နှုန်းခန့်က စီးပွားရေးထက် ကိုဗစ်–၁၉ ရောဂါတိုက်ဖျက်ရေးအပေါ်တွင် အစိုးရက ဦးစားပေးလုပ်ဆောင်ရန် လိုလားနေကြောင်း အင်န်အိတ်ချ်ကေက ကောက်ယူရရှိခဲ့သည့် စစ်တမ်းတစ်ရပ်တွင် ဖော်ပြသည်။

တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းကောက်ယူခဲ့သည့် ယင်းစစ်တမ်းကောက်ယူမှုကို လွန်ခဲ့သည့် ရက်သတ္တပတ်အကုန် စနေနှင့် တနင်္ဂနွေနေ့များတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လူပေါင်း ၁၂၀၀ ကျော်က ဖြေကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ စစ်တမ်းတွင် ကိုဗစ်–၁၉ ရောဂါကူးစက်မှု တားဆီးရေးလုပ်ငန်းစဉ်နှင့် စီးပွားရေးတို့တွင် မည်သည့်အချက်ကို အစိုးရအနေဖြင့် ပိုမိုဦးစားပေးသင့်သည်ဆိုသည့် မေးခွန်းကို မေးမြန်းခဲ့ခြင်းဖြစ်သည်။

ကိုဗစ်–၁၉ ကူးစက်မှုအား တားဆီးသင့်သည် သို့မဟုတ် တစ်မျိုးကိုပဲ ရွေးချယ်ရမည်ဆိုလျှင် ကိုဗစ်–၁၉ ကူးစက်မှု တားဆီးရေးကို ပိုမိုဦးစားပေးသင့်ကြောင်း ပြန်လည်ပြောကြားသူ ၆၇ ရာခိုင်နှုန်းရှိသည်ဟု သတင်းတွင် ဖော်ပြသည်။

စီးပွားရေးကိုသာ ဦးစားပေးသင့်သည် သို့မဟုတ် တစ်မျိုးတည်းကိုသာ ရွေးချယ်ရမည်ဆိုပါက စီးပွားရေးကိုသာ ဦးစားပေးသင့်သည်ဟု ဖြေဆိုကြသူ နှုန်းမှာ ၂၅ ရာခိုင်နှုန်းရှိသည်။

ကျူးရှူး၊ ဂီဖုနှင့် နာဂါနိုခရိုင်များ အပါအဝင် ဂျပန်နိုင်ငံအတွင်းရှိ နေရာအချို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် ယင်းစစ်တမ်းကောက်ယူမှုကို ပြုလုပ်ခြင်းဖြစ်သည်။

အဆိုပါစစ်တမ်း၌ သဘာဝဘေးအန္တရာယ်ကြောင့် တိမ်းရှောင်ခိုလှုံရမည့် ယာယီစခန်းများ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုနှင့် ထိတွေ့မည့်အန္တရာယ်များနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှု မည်မျှရှိကြောင်းကိုလည်း မေးမြန်းခဲ့သည်။

ယင်းမေးမြန်းမှုနှင့်ပတ်သက်၍ အသင့်အတင့်စိုးရိမ်ကြောင်း ပြန်လည်ဖြေကြားသူ ၈၂ ရာခိုင်နှုန်းရှိပြီး လုံးဝမစိုးရိမ်ကြောင်း ပြန်လည်ဖြေကြားသူ ၁၂ ရာခိုင်နှုန်းရှိသည်။

ကိုးကား– အင်န်အိတ်ချ်ကေ၊ ဘာသာပြန်–ဇော်ဝင်း

စီးပွားရေးမြှင့်တင်မည့် စီမံကိန်းများအတွက် ဒေါ်လာ ၁၃၂ ဘီလီယံ တောင်ကိုရီးယား သုံးစွဲမည်

ဆိုးလ် ဇူလိုင် ၁၄

အလုပ်အကိုင်များ ဖန်တီးရန်နှင့် ကိုရိုနာဗိုင်းရပ်စ်ဘေးသင့် နိုင်ငံ၏ စီးပွားရေး ပြန်လည်နာလန်ထူရန် အမေရိကန်ဒေါ်လာ ၁၃၂ ဘီလီယံနှင့်ညီမျှသော ဝမ် ၁၁၄ ဒသမ ၁ ထရီလီယံ သုံးစွဲမည့် "အစိမ်းရောင်သဘောတူညီချက်သစ်" စီမံချက်တစ်ခုကို တောင်ကိုရီးယားအစိုးရက ယနေ့ ကြေညာလိုက်ကြောင်း သမ္မတမွန်ဂျေအင်းက ပြောကြားသည်။

ယခုစီမံချက်ကြောင့် အာရှတိုက်၏ စတုတ္ထစီးပွားရေးအင်အားကြီး တောင်ကိုရီးယားနိုင်ငံက ကျောက်ဖြစ်လောင်စာများအပေါ် ကြီးမားစွာ မှီခိုနေရမှုကို လျှော့ချမည်ဖြစ်ကာ လျှပ်စစ်နှင့် ဟိုက်ဒရိုဂျင်ကားများ၊ စမတ်ခေတ်အားလိုင်းများနှင့် ဆေးပညာအပါအဝင် ဒစ်ဂျစ်တယ်နည်းပညာများကဲ့သို့ ပတ်ဝန်းကျင်နှင့် သဟဇာတရှိသော လုပ်ငန်းများကို မြှင့်တင်ပေးမည်ဖြစ်သည်။ စီမံကိန်းသစ်များက ၂၀၂၅ ခုနှစ်အထိ အလုပ်အကိုင်နေရာပေါင်း ၁ ဒသမ ၉ သန်းခန့် ဖန်တီးပေးမည်ဟုမျှော်မှန်းရကြောင်း သမ္မတမွန်ဂျေအင်းက မိန့်ခွန်းတစ်ခုအတွင်း ပြောကြားသည်။

၂၀၂၅ ခုနှစ်မတိုင်မီ လျှပ်စစ်ကား ၁ ဒသမ ၁၃ သန်းနှင့် ဟိုက်ဒရိုဂျင်ကား ၂၀၀၀၀၀ အထိရှိလာစေရန် တောင်ကိုရီးယားနိုင်ငံက ရည်မှန်းခဲ့ပြီး ၂၀၁၉ ခုနှစ်ကုန်ကရှိခဲ့သည့် လျှပ်စစ်ကား ၉၁၀၀၀ နှင့် ဟိုက်ဒရိုဂျင်ကား ၅၀၀၀ ထက် ပိုများလာမည်ဖြစ်ကြောင်း၊ အစိုးရက မော်တော်ကားအားဖြည့်သွင်း စခန်းများ တိုးချဲ့မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။ ယခုစီမံချက်က ဝေးလံသောဒေသမှ ကျန်းမာရေးစောင့်ရှောက်မှုစင်တာများနှင့် 5G ကွန်ရက်များ အခြေခံစီးပွားရေး လုပ်ငန်းများ၊ အွန်လိုင်းမှသင်ကြားသော စာသင်ကျောင်းများအတွက် နေအိမ်မှ လုပ်ကိုင်သည့် မူဝါဒကို အားပေးမည်ဖြစ်သည်။

လျှပ်စစ်ဓာတ်အားကို ပို၍ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်မည့် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း စမတ်ဓာတ်အားလိုင်းများ တပ်ဆင်ရန် အစိုးရက ဝမ် ၂၄ ဒသမ ၃ ထရီလီယံ ရင်းနှီးမြှုပ်နှံမည်ဟု ၎င်းက ဆိုသည်။

**ကိုးကား–သည်စထရိတ်တိုင်းမ်
ဘာသာပြန်–ကျော်ထိုက်စိုး**

✻ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှ

၂၀၁၈ ခုနှစ် ဇူလိုင် ၁၁ ရက်မှ ၁၆ ရက်အထိ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ တတိယအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပြီးသည့်နောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် တရားဝင်အစည်းအဝေးများ ရပ်ဆိုင်းသွားခဲ့ရပါကြောင်း၊ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် (၂)နှစ်တာကာလအတွင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ပြန်လည်ကျင်းပနိုင်ရေးအတွက် အစိုးရအစုအဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့များအကြား တရားဝင်အစည်းအဝေးများနှင့် အလွတ်သဘော တွေ့ဆုံမှုပေါင်းများစွာကို အရှိန်အဟုန်မြှင့်ပြီး ဆွေးနွေးညှိနှိုင်းခဲ့ရခြင်းဖြစ်ပါကြောင်း။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၈ ရက်က နေပြည်တော် NRPC ၌ ကျင်းပပြုလုပ်ခဲ့သည့် (၈)ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် ပူးတွဲအကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM)မှ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်း ပထမလေးလတာ ကာလအတွင်း ကျင်းပသွားရန်ဆိုသည်ကို သဘောတူဆုံးဖြတ်ခဲ့ပါကြောင်း။

ကြိုးပမ်းဆောင်ရွက်ခဲ့

(၈)ကြိမ်မြောက် JICM အစည်းအဝေး ဆုံးဖြတ်ချက်အတိုင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဧပြီလဆန်းပိုင်း မဟာသင်္ကြန်ပွဲတော်မတိုင်မီကာလကို နောက်ဆုံးထားရှိပြီး ကျင်းပနိုင်ရန်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ညီလာခံ ကျင်းပရာတွင် အဓိက အရေးကြီးဆုံးဖြစ်သည့် ပြည်ထောင်စုသဘောတူစာချုပ်၊ အစိတ်အပိုင်း(၃)မှာ ပါဝင်မည့်အချက်များကို သဘောတူညီမှုရရှိရန်လည်း တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများ ဆက်တိုက်ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ဆွေးနွေးညှိနှိုင်းမှုများ အရှိန်အဟုန် ကောင်းကောင်းဖြင့် ဆောင်ရွက်နေချိန်တွင် မမျှော်လင့်ဘဲ ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း၌ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ COVID-19 ကူးစက်ပျံ့နှံ့မှုများ ကမ္ဘာနှင့်အဝန်း ဖြစ်ပွားလာခဲ့သည့်အတွက် ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ခရီးသွားလာမှု၊ လူစုဝေးမှု အစရှိသည့် ကျန်းမာရေးဆိုင်ရာ ကန့်သတ်ပိတ်ပင်မှု စည်းမျဉ်းစည်းကမ်းများ ချမှတ်ခဲ့ရပါကြောင်း။

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် စည်းမျဉ်းကန့်သတ်ချက်များ မဖြစ်မနေ ဆောင်ရွက်ရချိန်တွင် အရှိန်အဟုန် ကောင်းစွာ ရရှိနေပြီဖြစ်သည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများမှာလည်း အရှိန်အဟုန် လျော့ကျခဲ့ရပါကြောင်း၊ သို့သော် ဆွေးနွေးညှိနှိုင်းမှုများတွင် ပါဝင်နေကြသည့် ကိုယ်စားလှယ်များ၏ စိတ်ရင်းစေတနာ၊ ကြိုးပမ်းအားထုတ်မှုများကြောင့် အခက်အခဲ အမျိုးမျိုးကြားမှ ဆွေးနွေးညှိနှိုင်းမှုများ ပြန်လည်စတင်နိုင်ခဲ့ပါကြောင်း။

COVID-19 ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကာလမှာပင် နှစ်ဖက်အလုပ်အဖွဲ့များ၏ အခက်အခဲကြားက ကြိုးပမ်းအားထုတ်မှုများကြောင့် ပြီးခဲ့သည့် ဇူလိုင် ၂ ရက်နှင့် ၄ ရက်တို့က ရန်ကုန်မြို့ NRPC ၌ ကျင်းပခဲ့သည့် နိုင်ငံတော်အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ နှစ်ဖက်အလုပ်အဖွဲ့ အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို လာမည့် ဩဂုတ်လ ဒုတိယပတ်အတွင်း ကျင်းပရန် အချိန်ဇယားကို လျာထား သတ်မှတ်ခဲ့ပါကြောင်း၊ နှစ်ဦးနှစ်ဖက် သက်ဆိုင်ရာ ခေါင်းဆောင်များထံ ပြန်လည်တင်ပြပြီး အတည်ပြုကြရန် သဘောတူညီခဲ့ကြပါကြောင်း၊ မူလက ဇူလိုင်လအတွင်း ညီလာခံကျင်းပရန် အစိုးရဘက်က အဆိုပြုခဲ့ခြင်းဖြစ်ပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဘက်က အစုအဖွဲ့အတွင်း ပြန်လည်ဆွေးနွေးညှိနှိုင်းပြီး ဩဂုတ်လ ဒုတိယပတ် ၁၂၊ ၁၃၊ ၁၄ ရက်ကို ပြန်လည်အဆိုပြုခဲ့ခြင်း ဖြစ်ပါကြောင်း။

အပြုသဘောထားများ

ညီလာခံကျင်းပမည့် အချိန်ဇယားနှင့်ပတ်သက်၍ ဇူလိုင် ၁၀ ရက်က ကျင်းပပြုလုပ်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့(PPST) အစည်းအဝေးတွင် သဘောတူညီချက်ရယူနိုင်ခဲ့ခြင်းအား အစိုးရဘက်ကို တရားဝင်အသိပေးပြန်ကြားထားပြီးဖြစ်ပါကြောင်း၊ အစိုးရအစုအဖွဲ့တွင် ပါဝင်သော အစိုးရနှင့် လွှတ်တော်အစုအဖွဲ့အနေဖြင့်လည်း ညီလာခံကျင်းပမည့်ရက် လျာထားချက်ကို သဘောတူထားပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) နိုင်ငံရေးပါတီ အစုအဖွဲ့ဝင်များကို အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ UPDJC အတွင်းရေးမှူးအဖွဲ့ဝင်များက ညီလာခံကျင်းပရန် ကြိုးပမ်းဆောင်ရွက်နေသည့် အခြေအနေများကို အလွတ်သဘော တွေ့ဆုံရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ရာတွင် အများစု ယေဘုယျအားဖြင့် အပြုသဘောထားများ ထုတ်ဖော်ပြသထားကြပြီးလည်း ဖြစ်ပါကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ကျင်းပရာတွင် အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်တို့ပါဝင်သည့် အစိုးရအစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့၊ နိုင်ငံရေးပါတီများအစုအဖွဲ့တို့က သုံးပွင့်ဆိုင် ဖော်ဆောင်ကြရခြင်း ဖြစ်သည့်အတွက် လာမည့် စတုတ္ထအစည်းအဝေးကို သတ်မှတ်လျာထားချက်အတိုင်း ကျင်းပနိုင်ရေး ကျန်ရှိနေသော သက်ဆိုင်ရာအစုအဖွဲ့များကလည်း အချိန်မီ သဘောတူညီကြရန် နိုင်ငံတော်အစိုးရအနေဖြင့် မျှော်လင့်ထားပါကြောင်း၊ မကြာမီကျင်းပမည့် (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးသည် ငြိမ်းချမ်းရေးညီလာခံ သက်သက်မဟုတ်ဘဲ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်သည် ဆိုသည်ကို လက်တွေ့မှတ်ကျောက်တင်သက်သေပြမည့် နိုင်ငံရေးဆွေးနွေးပွဲဖြစ်သည့်အတွက် ဖြစ်ပါကြောင်း၊ ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခတွင် တိုက်ရိုက်ပါဝင် ရင်ဆိုင်နေကြရသည့် တပ်မတော်ခေါင်းဆောင်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ခေါင်းဆောင်များကလည်း "ငြိမ်းချမ်းရေးကို အလိုချင်ဆုံးဟာ လက်တွေ့တိုက်ပွဲတွေမှာ ကိုယ်တိုင်ပါဝင်တိုက်ခိုက်နေကြရတဲ့ နှစ်ဖက်လက်နက်ကိုင်အဖွဲ့အစည်းများဖြစ်တယ်" ဟု ကြိမ်ဖန်များစွာ ပြောကြားထားခဲ့ကြပြီး ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေး၏ အနှစ်သာရကို လက်နက်ကိုင်တပ်ဖွဲ့ဝင်များက ပိုပြီးသိရှိ ခံစားနားလည်ကြသည်၊ တန်ဖိုးထားကြသည်မှာ ယုံမှားသံသယဖြစ်ဖွယ်ရာ မရှိပါကြောင်း။

ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းမှု စားပွဲဝိုင်းများတွင် လက်နက်ကိုင်ပဋိပက္ခ၏ ဇာစ်မြစ်ဖြစ်သည့် နိုင်ငံရေးပြဿနာများကို ညှိနှိုင်းဖြေရှင်းကြသည့်အခါ အနိမ့်-အမြင့်၊ အတက်-အကျများ များပြားတတ်ပါကြောင်း၊ ငြိမ်းချမ်းရေးရရှိရန် တစ်ရက်တာ နောက်ကျသွားသည်နှင့်အမျှ လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်ခံစားရမည့် ဆိုးကျိုးများက မနည်းပါကြောင်း၊ ပဋိပက္ခဒေသများတွင် ခက်ခက်ခဲခဲ ရှင်သန်နေထိုင်နေကြရသည့် တိုင်းရင်းသားပြည်သူများက (၂၁)ရာစုပင်လုံညီလာခံအပေါ် မျှော်လင့်တကြီး စောင့်စားနေကြသည်ကို ပြည်ထောင်စုအကျိုးမြော်တွေးပြီး အလေးအနက်ထားစေချင်ပါကြောင်း၊ ယခုကဲ့သို့ ညီလာခံကျင်းပနိုင်သည့်အခြေအနေ ရောက်ရှိလာအောင် ပြည်ထောင်စု ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များကို လမ်းကြောင်းမှန်ပေါ်သို့ ပြန်လည်ရရှိနိုင်အောင် အခက်အခဲအမျိုးမျိုးကြားမှ သက်ဆိုင်ပါဝင်သူအားလုံးက ကြိုးစားပမ်းစား၊ စေတနာထားပြီး ဆောင်ရွက်ခဲ့ကြသည့်အတွက် "ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ" (UPDJC)၏ (၁၈)ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် မတ် ၁၂ ရက်က နေပြည်တော်၌ ကျင်းပနိုင်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ တစ်ချိန်တည်းမှာပင် (၂)နှစ်နီးပါး ရပ်ဆိုင်းထားခဲ့ရသည့် "ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ" (JMC)၏ (၁၉)ကြိမ်မြောက် အစည်းအဝေးကို ဇူလိုင် ၇ ရက်နှင့် ၈ ရက်တို့တွင် နေပြည်တော်၌ ကျင်းပနိုင်ခဲ့ပါကြောင်း။

ထပ်ဆောင်းပြင်ဆင်

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အစိုးရက ဖွဲ့စည်းထားသည့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေးလုပ်ငန်းကော်မတီများအနေဖြင့် လာမည့် ဩဂုတ်လ ဒုတိယပတ် ၁၂၊ ၁၃၊ ၁၄ ရက်တို့တွင် ညီလာခံ ကျင်းပသွားမည်ဆိုသည့် လျာထားချက်နှင့်အညီ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလဖြစ်သည်နှင့်အညီ ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းသတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းကော်မတီအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ဖွယ်ရာရှိသည်များကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ဆောင်ရွက်ထားကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ လုပ်ငန်းကော်မတီများအနေဖြင့် ပြီးခဲ့သည့် ညီလာခံ(၃)ကြိမ်နှင့် NCA လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်အခမ်းအနားများကို တာဝန်ယူဆောင်ရွက်ခဲ့ကြသည့် အတွေ့အကြုံများရှိပြီးဖြစ်သည့်အတွက် COVID-19 ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီဖြစ်စေရန် ထပ်ဆောင်းပြင်ဆင်နိုင်ကြမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ဖိတ်ကြားရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးက ကြိုဆိုနေရာချထားရေး၊ တည်းခိုနေထိုင်ရေးလုပ်ငန်းများနှင့် ခန်းမအတွင်း နေရာချထားရေးလုပ်ငန်းအတွက် ကြိုတင်ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးက သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က အခမ်းအနား ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဧည့်ခံကျွေးမွေးရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးအောင်ဝင်းဦးက လုံခြုံရေးဆိုင်ရာလုပ်ငန်းများ ကြိုတင်ဆောင်ရွက်နေမှုနှင့် လုံခြုံရေးဆောင်ရွက်ရန် ပစ္စည်းလိုအပ်ချက်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အခမ်းအနားအား တိုက်ရိုက်ထုတ်လွှင့်နိုင်ရေး၊ သတင်းပြန်ကြားရေးနှင့် မှတ်တမ်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ပူးပေါင်းညှိနှိုင်းရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြရာ တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တက်ရောက်လာကြသူများက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌက လုပ်ငန်းကော်မတီများအနေဖြင့် ညီလာခံ ကျင်းပနိုင်ရေးအတွက် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ကြသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ လုပ်ငန်းလိုအပ်ချက်များရှိပါက ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်၍ရပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ရပ်ထား၍မရပါကြောင်း၊ ထို့အတွက် ကိုဗစ်ဖြစ်နေသည့်ကာလ၌ပင် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ယခုအခါ ကိုဗစ်နှင့် စပ်လျဉ်း၍ ဖြေလျှော့မှုများ လုပ်ဆောင်လျက်ရှိပါကြောင်း၊ မကြာမီ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပါကြောင်း၊ ကိုဗစ်၏ first wave အား အောင်အောင်မြင်မြင်ဖြင့် ကျော်လွှားနိုင်ခဲ့ပြီး second wave ကိုလည်း ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ကိုဗစ်သည် မည်သည့်အချိန်တွင် ပြီးဆုံးမည်ဟု ခန့်မှန်း၍မရပါကြောင်း၊ အနာဂတ်ကာလတွင် ကိုဗစ်နှင့်အတူ ယှဉ်တွဲနေထိုင်သွားရမည်ဟု သုံးသပ်ရပါကြောင်း၊ ကိုဗစ်ကာလပြီးမှ ငြိမ်းချမ်းရေးညီလာခံ ဆောင်ရွက်ရမည်ဆိုပါက မဖြစ်နိုင်ပါကြောင်း၊ ငြိမ်းချမ်းရေးဆိုသည်မှာ ပြည်သူများ တောင့်တနေသည့်ကိစ္စဖြစ်ပါကြောင်း၊ ဆွေးနွေးညှိနှိုင်းမှုတွင် နားလည်မှုများရရှိပြီး အရှိန်ရနေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုအချိန်တွင် ငြိမ်းချမ်းရေးညီလာခံ မဖြစ်မနေကျင်းပရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

သတင်းစဉ်

မြစ်ကြီးနား၊ ဝိုင်းမော်နှင့် ရွှေကူမြို့နယ်တို့၌ ရေကြီးရေလျှံမှုဖြစ်ပွား
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ကူညီလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၄

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့တို့၌ ဇူလိုင် ၁၁ရက် ညနေပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေမြင့်တက်ခဲ့ပြီး မြေနိမ့်ပိုင်းရပ်ကွက်များသို့ မြစ်ရေစတင် ဝင်ရောက်ခဲ့ရာ ဇူလိုင်၁၂ ရက်တွင် မြစ်ကြီးနားမြို့၊ ကယ်ဆယ်ရေးစခန်း ကိုးခုနှင့် ဝိုင်းမော်မြို့၊ ကယ်ဆယ်ရေးစခန်း တစ်ခုသို့ စုစုပေါင်း လူဦးရေ ၆၀၁ ဦးတို့ ခေတ္တပြောင်းရွှေ့ခိုလှုံလျက်ရှိသည်။ ဇူလိုင် ၁၃ ရက်တွင်လည်း ရွှေကူမြို့နယ်မှ လူဦးရေ ၇၀ တို့သည် ရေဘေးကယ်ဆယ်ရေးစခန်း သုံးခုသို့ လည်းကောင်း၊ ဆင်ဘိုမြို့မှ လူဦးရေ ၂၂ ဦးတို့သည် ဆွေမျိုးများနေအိမ်သို့ လည်းကောင်း ပြောင်းရွှေ့ခိုလှုံခဲ့သည်။ ၎င်းတို့အနက် ဝိုင်းမော်မြို့၊ ကယ်ဆယ်ရေးစခန်းမှ လူဦးရေ ၂၂ ဦးတို့သည် ရေများကျသွားသဖြင့် ဇူလိုင်၁၃ ရက်တွင် ၎င်းတို့၏ နေအိမ်များသို့ ပြန်သွားပြီးဖြစ်ကြောင်း သိရသည်။

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ကချင်ပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ရှိ ကယ်ဆယ်ရေးစခန်းကိုးခုမှ ရေဘေးရှောင်ပြည်သူများအတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၁၂၁၅၉၀၀ ကို ယမန်နေ့က သွားရောက်ထောက်ပံ့ခဲ့ပြီး ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးရှောင်ပြည်သူများအား ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ကြရန် အသိပညာပေး၍ အဝတ်နှင့်ခေါင်းစည်းနှင့် ဆပ်ပြာတို့အား ဆက်လက်ဝေငှလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၌ ရေကြီးရေလျှံမှုဖြစ်ပွား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၁၄

ကချင်ပြည်နယ်၌ ဇူလိုင် ၁၁ ရက်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ဧရာဝတီမြစ်ရေမြင့်တက်ခဲ့မှုကြောင့် ရပ်ကွက်/ကျေးရွာများအတွင်း ရေများဝင်ရောက်ခဲ့ရာ ယနေ့အထိ မြစ်ကြီးနား၊ ရွှေကူ၊ ဝိုင်းမော်၊ ဆင်ဘိုနှင့် ဗန်းမော်မြို့များတွင် စုစုပေါင်း ယာယီရေဘေးရှောင်စခန်း ၂၈ ခုသို့ အိမ်ထောင်စု ၆၃၀၊ လူဦးရေ ၂၈၄၇ ဦးတို့ ခေတ္တပြောင်းရွှေ့ခဲ့ရသည်။

ယင်းတို့အနက်မှ မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့တို့တွင် ရေများပြန်လည်ကျဆင်းပြီဖြစ်သဖြင့် ယာယီရေဘေးရှောင်စခန်း ၁၀ ခုမှ အိမ်ထောင်စု ၁၄၂ စု၊ လူဦးရေ ၆၀၁ ဦးတို့မှာ နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့သွားပြီ ဖြစ်သည်။

အလားတူ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌လည်း ရေကြီးရေလျှံမှုများကြောင့် ယာယီရေဘေးရှောင်စခန်း သုံးခုနှင့် နီးစပ်ရာဆွေမျိုးနေအိမ်တို့တွင် အိမ်ထောင်စု ၈၉ စု၊ လူဦးရေ ၄၅၃ ဦး ခေတ္တပြောင်းရွှေ့ခဲ့ရသည်။

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများအနေဖြင့် ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးရှောင်ပြည်သူများအား ဆန်ရိက္ခာဖိုးများ၊ အဝတ်နှာခေါင်းစည်းနှင့် ဆပ်ပြာတို့အား ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ယခင်ကထက် ပိုမို စည်းလုံးခိုင်မာတဲ့ နိုင်ငံဖြစ်လာဖို့ မျှော်လင့်

ဒီစိန်ခေါ်မှုကြီးကို ရင်ဆိုင်ကျော်လွှားနိုင်ရင် ယခုအတွက်သာမက နောင်မျိုးဆက်တွေအတွက်ပါ အောင်မြင်မှုကြီးဖြစ်ပါလိမ့်မယ်။ စာရေးဆရာမကြီးတစ်ဦးက ပြောဖူးပါတယ်၊ နိုင်ငံတစ်နိုင်ငံရဲ့ သမိုင်းမှာ ဂုဏ်ယူဖွယ်ရာ ဖြစ်ရပ်တွေဟာ ခေတ်အဆက်ဆက်မှာ ခက်ခဲတဲ့ကာလတွေကို ကျော်ဖြတ်ဖို့ အင်အားတွေ ဖြစ်စေပါတယ်။ ဒီ့တွေဟာ အခက်အခဲကြီးတွေကို ကျော်လွှားနိုင်စွမ်းရှိခဲ့တယ်၊ ခုလည်းကျော်လွှားနိုင်မှာပဲ ဆိုတဲ့ ယုံကြည်မှုစွမ်းအားပါ။

ပြည်သူတွေရဲ့စွမ်းအားနဲ့ Covid အလွန်ကာလမှာ ယခင်ကထက် ပိုမိုစည်းလုံးခိုင်မာတဲ့ နိုင်ငံဖြစ်လာဖို့ မျှော်လင့်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏
၁-၆-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၄-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၄-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၃၆၆)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၄၈) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၄၀) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၄၂) ခု၊

စုစုပေါင်း (၉၉၆)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁) ဦး တွေ့ရှိရပါသည်။

၂။ (၁၄-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃၃၇) ဦး ရှိပြီဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၂၆၁) ဦးရှိပြီး ၎င်းတို့အနက် (၂၄၉) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၃-၇-၂၀၂၀) ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီမှ (၁၄-၇-၂၀၂၀)ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၉) ဦး ရှိပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၁၄-၇-၂၀၂၀)ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၄-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၃၆၆) ခု
(၁၄-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၄၈) ခု
(၁၄-၇-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၄၀) ခု
(၁၄-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၄၂) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်)	(၁) ဦး

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှု အခြေအနေထုတ်ပြန်ချက်
(၁၄-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

	အသစ်	ယခုအထိ စုစုပေါင်း
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed)	(၁) ဦး	(၃၃၇) ဦး
ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered)	(၀) ဦး	(၂၆၁) ဦး
သေဆုံးလူနာ (death)	(၀) ဦး	(၆) ဦး

(၁၄-၇-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
ည (၈:၀၀)နာရီ

လူနာအမှတ်စဉ်	အသက်	ကျား/မ	နေရပ်လိပ်စာ	COVID-19 ရောဂါအတည်ပြုလူနာများနှင့်ထိတွေ့မှု	ပြည်ပသို့ သွားရောက်ခဲ့မှုရှိ/မရှိ	ဆေးကုသမှုခံယူနေသည့် ဆေးရုံ	COVID-19 ဓာတ်ခွဲအဖြေ	မှတ်ချက်
၃၃၇	၃၇ နှစ်	[illegible]	[illegible]	မရှိ	ရှိ ([illegible])	[illegible]	တွေ့ရှိ	[illegible]

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၄-၇-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၁၃-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၉၇)ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခု၊ စုစုပေါင်း (၃၅၃) ခုတွင်-
  - COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၁၄-၇-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာ (၃၃၆)ဦး ရှိပါသည်။

၃။ (၁၃-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၂၈၅) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၂၄) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၃၀၃) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၇၅) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခု
- စုစုပေါင်း (၁၁၄၃) ခုအား စစ်ဆေးခဲ့ပြီး ဖြစ်ပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ
(၁၄-၇-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီ

(၁၃-၇-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း	(၉၇) ခု
(၁၃-၇-၂၀၂၀) ရက်နေ့အတွက် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာပေါင်း	(၂၅၆) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive)	(၀) ဦး

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး ကြိုတင်ပြင်ဆင်မှုများဆိုင်ရာ ဗဟိုအဆင့်ညှိနှိုင်းမှုအစည်းအဝေး ကျင်းပ

နေပြည်တော်   ဇူလိုင် ၁၄

အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး ကြိုတင်ပြင်ဆင်မှုများဆိုင်ရာ ဗဟိုအဆင့်ညှိနှိုင်းမှုအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ရုံးအမှတ် (၄) ၌ ကျင်းပသည်။

အစည်းအဝေး၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မိမိတို့နိုင်ငံတွင် ယနေ့အထိ ကိုဗစ်-၁၉ ဖြစ်ပွားသူလူနာ ၃၃၆ ဦးရှိရာ လူနာများ၏ ၇၉ ရာခိုင်နှုန်းဖြစ်သော ၂၆၁ ဦးသည် ရောဂါပိုးကင်းစင်သွားခဲ့ပြီး ယခုလက်ရှိတွင် ဆေးရုံအသီးသီး၌ ကုသမှုခံယူနေသော ကိုဗစ်-၁၉ လူနာများ၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသမှု ခံယူနေရသူ တစ်ဦးမျှမရှိပါကြောင်း၊ ယခုအချိန်၌ ကိုဗစ်-၁၉ ဖြစ်ပွားမှုများကို ဆန်းစစ်ကြည့်ပါက ကူးစက်သူများ၏ ၅၂ ရာခိုင်နှုန်းသည် ပြည်ပမှဝင်ရောက်လာသူများ ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်မှစ၍ အထူးကြပ်မတ်ကုသမှုခံယူခဲ့ရသူ ၁၉ ဦးရှိပြီး အသက်ရှူစက် (ventilator) အသုံးပြုခဲ့ရသော လူနာမှာ ငါးဦးသာရှိပါကြောင်း။

ရောဂါလက္ခဏာမပြ

အခြေခံပညာအထက်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်၌ မိမိတို့သတိပြုရမည်မှာ လူနာအားလုံး၏ ၆၀ ရာခိုင်နှုန်းသည် မည်သည့်ရောဂါလက္ခဏာမျှမပြသဘဲ ရောဂါပိုးရှိနေသည် ဆိုသည့်အချက်ဖြစ်ပါကြောင်း၊ ဤအချက်ကိုနောက်ခံထား၍ မိမိတို့ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်းကာ အခြေခံပညာကျောင်းများဖွင့်ရာ၌ ရောဂါကူးစက်မှုမရှိရန်အတွက် ယခုကဲ့သို့ ထပ်မံတွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ ထိုသို့ ရောဂါပြန့်ပွားကူးစက်ခြင်းများ မရှိစေရန်အတွက် အခြေခံပညာကျောင်းများ ပြန်လည်မဖွင့်လှစ်မီတွင် ကိုဗစ်-၁၉ ကာကွယ်ရေးနည်းလမ်းများကို ဖြန့်ဝေထားရှိမှု၊ ကျောင်းအုပ်ကြီး၊ ဆရာ/ ဆရာမများ၊ မိဘများနှင့် ကျောင်းသား ကျောင်းသူများက အဆိုပါ လမ်းညွှန်ချက်များကို သိရှိလိုက်နာဆောင်ရွက်မှုနှင့် ကျောင်းအလိုက် ရောဂါကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများသည် အဆင်သင့်ဖြစ်နေရန် အရေးကြီးပါကြောင်း။

အခြေခံပညာကျောင်းများ၌ ရောဂါကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ကျောင်းများ မဖွင့်လှစ်မီတွင် ဝန်ကြီးဌာနနှစ်ခုမှ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ ပူးပေါင်းကာ ဆန်းစစ်မှုပုံစံများအသုံးပြု၍ ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့စစ်ဆေးရာတွင် ကြိုတင်ပြင်ဆင်မှုများပြည့်စုံရန်အတွက် ပံ့ပိုးရန်လိုအပ်နေသေးသည့် ကျောင်းများအား အမြန်ဆုံးပံ့ပိုးဖြည့်ဆည်းကာ ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တစ်လျှောက်လုံးတွင်လည်း ရောဂါကာကွယ်ရေးလုပ်ငန်းများနှင့် စည်းကမ်းလိုက်နာဆောင်ရွက်မှု အခြေအနေများကို ပုံမှန်နှင့် ရှောင်တခင် စစ်ဆေးခြင်းနှင့် စောင့်ကြည့်ဆန်းစစ် အကဲဖြတ်ခြင်းအား ဆန်းစစ်ခြင်းစာရင်းပုံစံများ အသုံးပြု၍ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ကျောင်းများ ပြန်လည်ဖွင့်လှစ်ပြီးနောက် ကိုဗစ်-၁၉ သံသယလက္ခဏာများရှိသူတစ်ဦးကို အတန်းတစ်ခုတွင် တွေ့ရှိပါက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်း တာဝန်ရှိသူများအားလုံးက သိရှိထားရမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းကာ ရေးဆွဲထားသည့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အသီးသီးတို့အတွက် နေအိမ်မှ ကျောင်းသို့လာချိန်၊ ကျောင်းစာသင်ခန်းသို့ သွားချိန်၊ စာသင်ကြားချိန်၊ နားနေချိန်နှင့် ကျောင်းဆင်းချိန်တို့တွင် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များနှင့် လမ်းညွှန်ချက်များအား အတိအကျလိုက်နာ ဆောင်ရွက်ရန်အတွက် ဆရာ၊ ဆရာမများသာမက မိဘများ၏ ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍသည်လည်း အရေးကြီးပါကြောင်း၊ သက်ဆိုင်ရာ အခြေခံပညာကျောင်းအလိုက် ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့် မိဘ ဆရာအသင်းဝင်များသည် မြို့နယ်ပညာရေးနှင့် ကျန်းမာရေးတာဝန်ရှိသူများ ပုံမှန်တွေ့ဆုံညှိနှိုင်းပြီး ဆက်လက်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

အဓိကစီစဉ်ထား

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် အခြေခံပညာအထက်တန်းအဆင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် သင်ယူမှုမဆုံးရှုံးရေး၊ ထိတွေ့မှုလျှော့ချခြင်း၊ လူအုပ်စုမဖြစ်ပေါ်ရေး အဓိကစီစဉ်ထားပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် အခြေခံပညာအထက်တန်းအဆင့် ကျောင်းစုစုပေါင်း ၅၆၃၃ကျောင်း ရှိပါကြောင်း၊ ပုံမှန်ဖွင့်နိုင်မည့် အထက်တန်းကျောင်း ၆၁၇ ကျောင်း၊ တစ်ပတ်ခြား အထက်တန်းကျောင်း ၂၄၇၁ ကျောင်း၊ တစ်ပတ်ခြား နှစ်သုတ်တက် အထက်တန်းကျောင်း ၂၄၀၁ ကျောင်း၊ တစ်ပတ်ခြားနှစ်သုတ်သုံးရက်ခြားတက် အထက်တန်းကျောင်း ၁၄၄ ကျောင်း စီစဉ်ထားရှိပါကြောင်း၊ ဘုန်းတော်ကြီးသင်အထက်တန်းကျောင်း သုံးကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်း ၁၀၀၀ ရှိပါကြောင်း၊ အထက်တန်းကျောင်းသား စုစုပေါင်း ၁ ဒသမ ၂ သန်းဝန်းကျင်ရှိပါကြောင်း၊ သို့သော် ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် ကျန်းမာရေးနှင့် ညီညွတ်သော ဝန်းကျင်ဖြစ်ရန်အတွက် စုစုပေါင်း မူ/ လယ်/ ထက် ကျောင်းသား ဦးရေနှင့် စာသင်ခန်း၊ စာသင်ခုံ၊ ဆရာဦးရေတို့အရ လည်းကောင်း၊ ကျောင်းသားတစ်ဦးလျှင် ၃၆ စတုရန်းပေအရလည်းကောင်း စာသင်ခန်းတစ်ခန်းတွင် ၂၀ ဦးအတွက်သာ ခုံစီထားပါသဖြင့် အများဆုံးပုံမှန်ဖွင့်သော ကျောင်းများ၊ တစ်ပတ်ခြားကျောင်းများ၊ တစ်ပတ်ခြား နှစ်သုတ်တက် ကျောင်းများ၊ တစ်ပတ်ခြား နှစ်သုတ် သုံးရက်တက်ကျောင်းများ စီစဉ်ထားရှိပါကြောင်း။

မူလတန်းပြ၊ အလယ်တန်းပြ၊ အထက်တန်းပြ ဆရာ ဆရာမများအားလုံး ၄၀၀၄၄၄ ဦးရှိ၍ သင်ရိုးသစ် သင်ကြားသင်ယူမှုနည်းလမ်းသင်တန်းများတွင် အွန်လိုင်းသင်တန်း၊ ကာလတို အရည်အသွေးမြှင့် မွမ်းမံသင်တန်းများ တက်ရောက်ခဲ့ကြသလို ကျန်းမာရေးအသိပညာပေး သင်တန်းများကိုလည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းပြုစုထားသော ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးနိုင်ရေး ဆရာ ဆရာမများ၊ မိဘများနှင့် ကျောင်းသား ကျောင်းသူများ လိုက်နာရမည့်အချက်များ၊ ကျောင်းအပ်နှံရေးနှင့် ကျောင်းများပြန်လည်ဖွင့်လှစ်ရေး စီမံချက်တို့ကိုလည်း တိကျစွာ လိုက်နာဆောင်ရွက်ရန်အတွက် ဖြန့်ဝေခြင်း၊ အင်တာနက်ဝက်ဆိုက်ဒ်တွင် အသိပေးထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ထားရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ထားရှိသော အကြံပြုချက်များ၊ လမ်းညွှန်ချက်များနှင့်အညီ တာဝန်ခွဲဝေဆောင်ရွက်ရန်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဦးဆောင်၍ နည်းပညာပိုင်းဆိုင်ရာ SOP/Guideline များ ထုတ်ပြန်ခြင်းနှင့် အဆင့်ဆင့်လမ်းညွှန်ခြင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ကျောင်းကျန်းမာ)နှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့အတွက်လည်း စီစဉ်ထားရှိပါကြောင်း၊ ကျောင်းသား၊ ဆရာများ အားလုံးတို့ကိုလည်း ပြန်လည်အသုံးပြု၍ရသည့် အဝတ်ဖြင့် ပြုလုပ်ထားသော ပါးစပ်နှင့်နှာခေါင်းစည်း နှစ်ခုနှင့် မျက်နှာကာတစ်ခုစီ အခမဲ့ဖြန့်ဝေပေးရန် စီစဉ်ထားရှိပါကြောင်း။

ကျောင်းမုန့်ဆိုင်များဖွင့်ခွင့်မပြု

အသက်ကြီးသူများ ကျောင်းပို့ကြို မပြုလုပ်ရန်၊ ကျောင်းပို့ကြိုသူတစ်ဦးသာသတ်မှတ်၍ ကျောင်းပို့ကြိုသူ၊ ကျောင်းကြိုပို့ယာဉ် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်သူတို့၏ နေရပ်လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်များ မှတ်တမ်းတင်ထားရှိရန်၊ ကျောင်းသို့ရောက်ရှိပါက ခြောက်ပေခြားတန်းစီ၍ ကိုယ်ပူချိန်တိုင်းတာရန် စီစဉ်ထားရှိပါကြောင်း၊ ကိုယ်ပူချိန်မြင့်သူ ရှိပါကလည်း အရန်ခန်းတွင် ခေတ္တထားရှိ၍ ကိုယ်ပူချိန်ပြန်လည်တိုင်းမည် ဖြစ်ပါကြောင်း၊ ကိုယ်ပူချိန်မြင့်မားသူ၊ ဖျားနာသူများကိုလည်း ခွင့်တိုင်ကြားရန်နှင့် ဆေးရုံတွင် ဆေးကုသမှုခံယူရန်လည်း စီစဉ်ထားရှိပါကြောင်း၊ ဆေးရုံ၊ ဆရာဝန်၊ သူနာပြုများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်များလည်း စီစဉ်ထားရှိမည် ဖြစ်ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေစီခြား၍ စနစ်တကျ ရေနှင့်ဆပ်ပြာဖြင့် လက်ဆေးခြင်း သို့မဟုတ် လက်ဆေးဂျယ်ဖြင့် လက်ဆေးခြင်း၊ တစ်ဦးနှင့် တစ်ဦး ခြောက်ပေစီခြား၍ စာသင်ခန်းအတွင်းသို့ ဝင်ရောက်၍ သတ်မှတ်နေရာယူခြင်းတို့ကိုလည်း စီစဉ်ထားရှိပါကြောင်း၊ ကျောင်းမုန့်ဆိုင်ခန်းများ ဖွင့်ခွင့်မပြုထားပါကြောင်း၊ ကျောင်းတွင် ခဲတံ၊ ပေတံ၊ ခဲဖျက်၊ စာအုပ်စသည့် ပစ္စည်းများ လဲလှယ်ခွင့်မပြုပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်မှု စိစစ်ခဲ့သော်လည်း ကျောင်းအလိုက် အသေးစိတ် ပြန်လည်သုံးသပ်ခြင်းတို့ကို စိစစ်မှုမရှိသေးသော်လည်း ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် ကျန်းမာရေးကဏ္ဍမှ ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြသည်။

အန္တရာယ်ကင်းစွာ ကျောင်းဖွင့်နိုင်ရေး

ယင်းနောက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်မောင်ဝင်းတို့က ကိုဗစ်-၁၉ အန္တရာယ်ကင်းရှင်းစွာဖြင့် စာသင်ကျောင်းများဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်၊ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးတို့က ကိုဗစ်-၁၉ အန္တရာယ်ကင်းရှင်းစွာဖြင့် စာသင်ကျောင်းများဖွင့်လှစ်နိုင်ရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်သည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေး နည်းပညာပံ့ပိုးမှုကော်မတီဝင်များက အထွေထွေဆွေးနွေးခြင်းနှင့် အကြံပြုခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး မစ္စတာ ခရစ္စတီယန် လရူရဗီက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို ရှေ့တန်းမှ ကြိုးပမ်းဆောင်ရွက်သော ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြုသောအားဖြင့် ပြင်သစ်နိုင်ငံအမျိုးသားနေ့တွင် ဂုဏ်ပြုနေ့လယ်စာ တည်ခင်းခြင်းအခမ်းအနားသို့ တက်ရောက်သည်။

သတင်းစဉ်

ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

နေပြည်တော်   ဇူလိုင် ၁၄

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် ကိုရီးယားသမ္မတနိုင်ငံရောက် မြန်မာနိုင်ငံသား ၃၆ ဦးနှင့် ပြင်သစ်၊ ဖြိတိန်၊ အီတလီ၊ ဘယ်လ်ဂျီယံ၊ ဂျပန်၊ အီဂျစ်၊ ဒိန်းမတ်၊ ဗီယက်နမ်၊ အီရတ်၊ ဟန်ဂေရီ၊ ဂျာမနီနှင့် အမေရိကန်ပြည်ထောင်စုတို့မှ မြန်မာနိုင်ငံသား ၅၇ ဦးနှင့် မြန်မာသင်္ဘောသား ၁၉ ဦး စုစုပေါင်း ၁၁၂ ဦးတို့အား အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း(MAI)ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဆုံရပ်နိုင်ငံ ဖြစ်သည့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်း အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ချိတ်ဆက်လျက် ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ကယ်ဆယ်ရေးလေယာဉ် ၁၃ ကြိမ်တိုင်တိုင် ပျံသန်းပြေးဆွဲလျက် မြန်မာနိုင်ငံသားစုစုပေါင်း ၁၆၇၅ ဦးအား မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် ပြည်ပနိုင်ငံများတွင် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဇူလိုင် ၂၇ ရက်တွင်လည်း ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ၁၄ ကြိမ်မြောက် ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ကိုဗစ် -၁၉ ရောဂါပိုးရှိသူတစ်ဦး ထပ်မံတွေ့ရှိ၊ စုစုပေါင်း ၃၃၇ ဦး ရှိသွားပြီ

နေပြည်တော် ဇူလိုင် ၁၄

ယနေ့တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ တစ်ဦးထပ်မံတွေ့ရှိသဖြင့် ရောဂါပိုးရှိသူ စုစုပေါင်း ၃၃၇ ဦးရှိပြီဖြစ်ကြောင်း၊ ပိုးတွေ့ရှိသူတစ်ဦးမှာ ယူအေအီးမှ ပြန်လည်ဝင်ရောက်လာသူဖြစ်ကြောင်း၊ ရောဂါပိုး တွေ့ရှိသူ ၃၃၇ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၂၆၁ ဦးရှိပြီး ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၂၄၉ ဦးရှိကြောင်းနှင့် ဇူလိုင် ၁၃ ရက် မွန်းတည့် ၁၂ နာရီမှ ဇူလိုင် ၁၄ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၉ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။ **သတင်းစဉ်**

မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း	ပိုးတွေ့လူနာပေါင်း
၈၄၈၇၂	၃၃၇
ရောဂါပိုးကင်းစင်သွားသူ	**သေဆုံးသူ**
၂၆၁	၆

စောင့်ကြည့်လူနာ စုစုပေါင်း - [illegible]

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၄၉ ဦး ([illegible])

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဇယားပြမှု

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	ပိုးတွေ့ရှိသူ	သေဆုံးသူ
၁	ရန်ကုန်	၂၆၂	၅
၂	ရခိုင်	၁၄	
၃	ချင်း	၁၁	
၄	စစ်ကိုင်း	၆	
၅	ပဲခူး	၉	၁
၆	မွန်	၆	
၇	ရှမ်း(တောင်)	၄	
၈	မန္တလေး	၃	
၉	ရှမ်း(ရှေ့)	၃	
၁၀	ရှမ်း(မြောက်)	၃	
၁၁	မကွေး	၃	
၁၂	ကရင်	၃	
၁၃	နေပြည်တော်	၂	
၁၄	ဧရာဝတီ	၂	
၁၅	ကချင်	၂	
၁၆	တနင်္သာရီ	၁	
စုစုပေါင်း		**၃၃၇**	**၆**

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၄-၇-၂၀၂၀ ရက်နေ့ ည (၈) နာရီ

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
အမေရိကန်	၃၄၈၀၀၉၇	၁၅၅၀၃၇၈	၁၃၈၂၇၃
ဘရာဇီး	၁၈၈၈၈၈၉	၁၂၁၃၅၁၂	၇၂၉၅၀
အိန္ဒိယ	၉၁၀၆၂၉	၅၇၃၉၅၃	၂၃၇၈၈
ရုရှား	၇၃၉၉၄၇	၅၁၂၈၂၅	၁၁၆၁၄
ပီရူး	၃၃၀၁၂၃	၂၂၁၀၀၈	၁၂၀၅၄
ချီလီ	၃၁၇၆၅၇	၂၈၆၅၅၆	၇၀၂၄
မက္ကဆီကို	၃၀၄၄၃၅	၁၈၉၀၆၃	၃၅၄၉၁
စပိန်	၃၀၃၀၃၃	စိစစ်ဆဲ	၂၈၄၀၆
ဗြိတိန်	၂၉၀၁၃၃	စိစစ်ဆဲ	၄၄၈၃၀
တောင်အာဖရိက	၂၈၇၇၉၆	၁၃၈၂၄၁	၄၁၇၂

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
အင်ဒိုနီးရှား	၇၈၅၇၂	၃၇၆၃၆	၃၇၁၀
ဖိလစ်ပိုင်	၅၇၅၄၅	၂၀၄၅၉	၁၆၀၃
စင်ကာပူ	၄၆၆၃၀	၄၂၅၄၁	၂၆
မလေးရှား	၈၇၂၉	၈၅၂၄	၁၂၂
ထိုင်း	၃၂၂၇	၃၀၉၁	၅၈
ဗီယက်နမ်	၃၇၃	၃၅၂	၀
မြန်မာ	၃၃၇	၂၆၁	၆
ကမ္ဘောဒီးယား	၁၆၅	၁၃၃	၀
ဘရူနိုင်း	၁၄၁	၁၃၈	၃
လာအို	၁၉	၁၉	၀

ကချင်ပြည်နယ်ရှိ IDP စခန်းများတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၁၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိ နမ့်မြစ် COC ဘုရားကျောင်း၊ နမ့်မြစ် ကက်သလစ် ဘုရားကျောင်း၊ နမ့်မြစ် နှစ်ခြင်းဘုရားကျောင်း၊ မော်ဝမ်းမူရင်း နှစ်ခြင်း၊ မော်ဝမ်းအေဂျီဘုရားကျောင်း၊ လုံးခင်းလယ်ပြင်ကုဋ္ဌေကျေးရွာ လုံးခင်းငြိမ်းချမ်းသာယာ COC ကျောင်း၊ လုံးချင်းငြိမ်းချမ်းသာယာ လီဆူနှစ်ခြင်း၊ လုံးခင်းရပ်ကွက်(၅) ကက်သလစ်၊ လုံးခင်း မော်စီစာနှစ်ခြင်းနှင့် လုံးခင်းမော်စီစာအေဂျီ စုစုပေါင်း IDP စခန်း ၁၁ ခုသို့ သွားရောက်၍ ထုံးအိတ် ၁၁၀ နှင့် ဆပ်ပြာ ၂၈၇၈ ခဲတို့ကို သွားရောက်ထောက်ပံ့ခဲ့သည်။

အလားတူ ယမန်နေ့က ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိ ဆိပ်မူယူမာနှစ်ခြင်း၊ ဆိပ်မူ ရဝမ်နှစ်ခြင်း၊ ဆိပ်မူလီဆူနှစ်ခြင်း၊ ဆိပ်မူဆိုင်းတောင်နှစ်ခြင်း၊ ဆိပ်မူရပ်ကွက်(၄) ချင်းနှစ်ခြင်းနှင့် ရွှေကူမြို့နယ်ရှိ နှစ်ခြင်းကျောင်းနှင့် ကက်သလစ်ကျောင်း စုစုပေါင်း IDP စခန်း ခုနစ်ခုသို့ သွားရောက်၍ ထုံးအိတ် ၇၀ နှင့် ဆပ်ပြာ ၉၀၉ ခဲတို့ကို သွားရောက်ထောက်ပံ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

တောင်ကြီးမြို့ပေါ် ရပ်ကွက်များရှိ အခြေခံပြည်သူများအား စားနပ်ရိက္ခာ ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဒုတိယအကြိမ် ဆက်လက်ထောက်ပံ့

တောင်ကြီး ဇူလိုင် ၁၄

ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီအနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း အခြေခံပြည်သူများအား ထောက်ပံ့ပေးနိုင်ရန် စီမံဆောင်ရွက်ထားသည့် ရိက္ခာ၊ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများအား ယနေ့နံနက် ၈ နာရီတွင် တောင်ကြီးမြို့ပေါ် ရပ်ကွက် (၃)ရပ်ကွက်မှ အခြေခံပြည်သူလူထုများအား ဒုတိယအကြိမ် လက်ဝယ်အရောက် ဆက်လက်ဖြန့်ဝေလှူဒါန်းလျက်ရှိသည်။

ယင်းသို့ ဖြန့်ဝေလှူဒါန်းရာသို့ ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်အောင်နှင့် ဦးသူရစောသိန်း၊ တောင်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်နှင့် တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့ဝင်များက တောင်ကြီးမြို့ ချမ်းမြသာစည်ရပ်ကွက်၊ ရတနာသီရိရပ်ကွက်နှင့် ညောင်ရွှေဟော်ကုန်းရပ်ကွက် သုံးခုရှိ အခြေခံပြည်သူအိမ်ထောင်စု ၇၂၀ တို့အား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ပါဝင်သည့် ရိက္ခာထုပ်ပေါင်း ၇၂၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

လှည်းကူးမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့် သီးနှံများအစား မျိုးစေ့များ အခမဲ့ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ယနေ့တွင် မိုးရာသီ သဘာဝဘေးအန္တရာယ်ကြောင့် (ရေကြီးနစ်မြုပ်၊ ရွှေခရုကိုက်၊ ကြွက်ဖျက်ဆီးခြင်း) ပျက်စီးခဲ့သည့် သီးနှံများအစားထိုးစိုက်ပျိုးနိုင်ရန် နိုင်ငံတော်မှ ထောက်ပံ့ငွေ

ပေးအပ်ခြင်းနှင့် ဟင်းသီးဟင်းရွက် မျိုးစေ့များအား အခမဲ့ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနား ကျင်းပခဲ့သည်။

ထောက်ပံ့ပေးအပ်

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြတ်မာလာထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးတို့က ရွှေခရုကိုက်ဖြတ်ခံရသည့် တောင်သူ ၁၅၉၆ ဦး၏ လယ်ဧက ၅၇၅၆ ဒသမ ၄၅ ဧက၊ ရေကြီးနစ်မြုပ်ခဲ့သည့် တောင်သူ ၃၄၂ ဦး၏ လယ်ဧက ၅၁၄ ဒသမ ၀၆ ဧက၊ ကြွက်ဖျက်ဆီးမှုခံရသည့် တောင်သူတစ်ဦး၏ လယ်တစ်ဧက စုစုပေါင်းတောင်သူ ၁၉၃၉ ဦး၏ လယ် ၆၂၇၁ ဧကတို့အတွက် တစ်ဧကလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ငွေကျပ် ၆၂၇၁၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့ပြင် စိုက်ပျိုးရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ကာလအတွင်း ကျေးရွာအလိုက် တောင်သူများ တစ်ပိုင်တစ်နိုင် စိုက်ပျိုးစားသောက်နိုင်စေရန် ပြောင်း၊ ငရုတ်၊ ခရမ်းချဉ်၊ တိုင်ထောင်ပဲ၊ သခွား၊ ရုံးပတီသီး မျိုးစေ့တို့ကို ပေးအပ်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံရယူပြီး ကျေးရွာအလိုက် သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံပျက်စီးဆုံးရှုံးခဲ့သည့် တောင်သူများထံ လက်ဝယ်အရောက် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဉာဏ်ဟိန်း

ကျောက်တန်းမြို့နယ်၌ မြစိမ်းရောင်ငါးကဏ္ဍာ ပဥ္စမနှစ်စက်ဝန်း ချေးငွေထုတ်ချေး

ကျောက်တန်း ဇူလိုင် ၁၄

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မီးပြကျေးရွာ မြစိမ်းရောင်ငါး ကဏ္ဍာကျေးရွာစီမံကိန်း ပဥ္စမနှစ်စက်ဝန်း ချေးငွေအရင်းကျပ် ၅၉၁၀၀၀၀၀ တိတိအား ချေးယူသူဦးရေ ၁၂၃ ဦးအား ပြန်လည်ပေးအပ်ချေးငှားခြင်းနှင့် ကော်မတီဝင်များအား မြစိမ်းရောင်ငါးကဏ္ဍာနှင့်ပတ်သက်သော စာရင်းဇယား များအား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မျိုးစေ့ထုတ်တောင်သူများအား နည်းပညာပေး ကွင်းဆင်းဆောင်ရွက်

ကသာ ဇူလိုင် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ကသာမြို့နယ် မြို့မနည်းပညာ ပြန့်ပွားရေးစင်တာနယ်မြေဖြစ်သော ပင်းမလွတ်ကျေးရွာ၌ ယနေ့နံနက် ၉ နာရီက မိုးစပါး ဆင်းရေး-၃ RS မျိုးသန့် မျိုးစေ့ထုတ်စံပြကွက်ကို ပျိုးသက် ၂၁ ရက်သားတွင် ချက်ချင်းနုတ်၊ ချက်ချင်းစိုက်စနစ်ဖြင့် ခြောက်တန်း တစ်တန်းလုပ် စိုက်ပျိုးခြင်းဆောင်ရွက်ရာ ကွင်းကြီးကြပ်ရေးတာဝန်ခံ ဒေါ်မိုရင်းဆိုင်းရာနှင့် ဦးမျိုးထက်ဇော်တို့က မျိုးစေ့ထုတ်နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်ရေး ရှေ့ဆက်လုပ်ဆောင်ရမည့် အပင်ပြုစုခြင်း၊ မျိုးကွဲပယ်ခြင်း၊ ပိုးမွှားရောဂါ ကင်းထောက်စစ်ဆေးခြင်းလုပ်ငန်းများကို မျိုးစေ့ထုတ်တောင်သူများအား နည်းပညာပေးကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အေးမြသက်ထား

ကိုဗစ်-၁၉ ရောဂါကြောင့် ယာယီပိတ်ထားခဲ့သည့် ဘိလပ်မြေစက်ရုံအတွက် လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ပေးအပ်

ဘားအံ ဇူလိုင် ၁၄

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ကိုဗစ်-၁၉ ရောဂါ ကြောင့် ယာယီပိတ်ထားခဲ့သည့် တန် ၉၀၀ ဘိလပ်မြေစက်ရုံအတွက် လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုး ခံစားခွင့် ၄၀ ရာခိုင်နှုန်းကို ယနေ့ နံနက် ၁၁ နာရီက အဆိုပါစက်ရုံ အစည်းအဝေးခန်းမ၌ ပေးအပ်ခဲ့သည်။

ရှေးဦးစွာ ကရင်ပြည်နယ် လူဝင်မှု ကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဝန်ကြီး ဦးမင်းကိုခိုင် က အဖွင့်အမှာစကားပြောကြားပြီး ကိုဗစ်-၁၉ ရောဂါကြောင့် ယာယီ ပိတ်ထားခဲ့သည့် တန် ၉၀၀ ဘိလပ်မြေစက်ရုံမှ အာမခံ အလုပ် သမား ၅၁၀ အတွက် လုပ်ခ လစာ၏ ၄၀ ရာခိုင်နှုန်းဖြစ်သော လူမှု ဖူလုံရေးထောက်ပံ့ကူညီမှု အကျိုး ခံစားခွင့် ငွေကျပ် ၁၈၃၄၆၁၃၃ ဒသမ ၃၃ ကို ပေးအပ်ရာ တန် ၉၀၀ ဘိလပ်မြေစက်ရုံမှ ဒုတိယစက်ရုံမှူး ဦးအောင်ဇော်လေးက လက်ခံရယူ သည်။

တန် ၉၀၀ ဘိလပ်မြေစက်ရုံ သည် ကိုဗစ်-၁၉ ရောဂါကြောင့် ဧပြီ ၂၀ ရက်တွင် ယာယီပိတ်ထားခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနမှ ထုတ်ပြန်သောစည်းကမ်းချက် များနှင့်အညီ စစ်ဆေးခဲ့ပြီး သတ်မှတ် ချက်နှင့် ညီညွတ်ကြောင်း တွေ့ရှိ သဖြင့် မေ ၅ ရက်တွင် ပြန်လည် ဖွင့်လှစ်ကာ ယာယီရပ်နားခဲ့သည့် ရက်ပေါင်း ၁၆ ရက်အတွက် ထည့်ဝင် ကြေးပေးသွင်းထားသည့် လုပ်ခလစာ ၏ ၄၀ ရာခိုင်နှုန်းကို ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်အဖြစ် ထုတ်ပေးခြင်း ဖြစ်သည်။

ကရင်ပြည်နယ်အတွင်း တန် ၉၀၀ ဘိလပ်မြေစက်ရုံအပါအဝင် စက်ရုံ အလုပ်ရုံ ခုနစ်ရုံမှ အလုပ်သမားဦးရေ ၁၈၉၀ အတွက် ငွေ ၆၁၄၃၈၃၀၈ ကျပ် ကို လူမှုဖူလုံရေးအကျိုးခံစားခွင့် အဖြစ် ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

လားရှိုးမြို့၌ အခြေခံလူတန်းစားများအတွက် ဆန်များ ထပ်မံလှူဒါန်း

လားရှိုး ဇူလိုင် ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တပုညနန္ဒ၏ ဩဝါဒကိုခံယူပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား ထောက်ပံ့ပေးနိုင်ရန် ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(လားရှိုး)နှင့်မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတို့က ဆန်အိတ် ၃၀ ကို ယနေ့ထပ်မံလာရောက်လှူဒါန်း ကြသည်။

အဆိုပါ ဆန်အိတ် ၃၀ ကို မန်ဆူရှမ်းကျောင်းတိုက်ဆရာတော်က ထောက်ပံ့ပေးသော ဆန်အိတ် ၂၀ စုစုပေါင်းဆန်အိတ် ၅၀ ကို ဆရာတော်၏ အစီအစဉ်ဖြင့် ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားများအား ဆက်လက် ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

သီပေါကိုလတ်

ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်များရှိ ဂရန်အင်းများ လေလံတင်ရောင်းချခြင်းနှင့် တင်ဒါချက်များ အိတ်ဖွင့်တင်ဒါရောင်းချခြင်းပြုလုပ်

ညောင်လေးပင် ဇူလိုင် ၁၄

ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏၂၀၂၀-၂၀၂၁ လုပ်ငန်း ရာသီနှစ်အတွက် ဂရန်အင်းများတတိယအကြိမ် လေလံတင်ရောင်းချခြင်းနှင့် တင်ဒါချက်များ ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါရောင်းချခြင်းအခမ်းအနားကို ယနေ့တွင် ညောင်လေးပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

လေလံပွဲသို့ တက်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် နှာခေါင်းစည်းများ တပ်ဆင်ဝင်ရောက်စေခြင်း၊ လက်ဆေးခြင်းနှင့် ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်းများကို မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး ဝန်ထမ်းများက ဆောင်ရွက်ခဲ့သည်။

ညောင်လေးပင်မြို့နယ်တွင် ယနေ့အထိ အင်းပေါင်း ၅၈ အင်းရောင်းချခဲ့ ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

(၂၁) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေးသို့ မြန်မာနိုင်ငံမှ Video Conferencing ဖြင့် ပါဝင်တက်ရောက်

နေပြည်တော် ဇူလိုင် ၁၄

(၂၁)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေး(21st ASEAN Sub-Committee Meeting on Information, 21st SCI Meeting) ကို ယနေ့ မြန်မာစံတော်ချိန် နံနက် ၈ နာရီခွဲတွင် စင်ကာပူနိုင်ငံမှ Video Conferencing စနစ်ဖြင့် ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် မြန်မာ-အာဆီယံ ပြန်ကြားရေးဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်များက နေပြည်တော်-တပ်ကုန်းနှင့် ရန်ကုန်ရှိ သက်ဆိုင်ရာရုံးများမှ ပါဝင်တက်ရောက်ဆွေးနွေးကြသည်။



တက်ရောက်

အခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိ ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်များ၊ စင်ကာပူနိုင်ငံမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အာဆီယံပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေးကို အာဆီယံဒေသတွင်း သတင်းပြန်ကြားရေးဆိုင်ရာလုပ်ငန်းများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန် နားလည်မှုနှင့် ယုံကြည်မှုတိုးပွားခိုင်မာလာစေရေး၊ အာဆီယံ စီမံကိန်းများအား အပြန်အလှန် အကောင်အထည်ဖော် ဆောင်ရွက်ကြစေရေးတို့အတွက် အဓိကရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

SCI အစည်းအဝေးများကို သက်ဆိုင်ရာ အာဆီယံနိုင်ငံအလိုက် ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိ ပြန်ကြားရေးဆပ်ကော်မတီဥက္ကဋ္ဌများအပါအဝင် ပြန်ကြားရေးကဏ္ဍဆိုင်ရာမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်လေ့ရှိပြီး Close Door Session ဖြင့် အစည်းအဝေးကို နှစ်ရက်ကြာကျင်းပပြုလုပ်လေ့ရှိရာ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် နိုင်ငံက သဘာပတိအဖြစ် ဆောင်ရွက်ပြီး နောက်တစ်ကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်နိုင်ငံက ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်သည်။

ဆွေးနွေးအဖြေရှာ

ယခုအစည်းအဝေးတွင် အဓိကအားဖြင့် အာဆီယံပြန်ကြားရေးကဏ္ဍဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအတွက် အာဆီယံယဉ်ကျေးမှုရန်ပုံငွေ ဘတ်ဂျက်လျာထားခြင်း၊ ပြန်ကြားရေးကဏ္ဍဆိုင်ရာ စီမံကိန်းများနှင့်စပ်လျဉ်းသည့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဆွေးနွေးညှိနှိုင်းကြခြင်း၊ စီမံကိန်းအသစ်များဆောင်ရွက်လိုသည့် နိုင်ငံများက အဆိုပြုစီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း၊ နောက်တစ်ကြိမ် SCI Meeting အလှည့်ကျ ကျင်းပမည့်နိုင်ငံ ရွေးချယ်အတည်ပြုခြင်းတို့အား တက်ရောက်သူများက ဝိုင်းဝန်းဆွေးနွေး အဖြေရှာကြသည်။

အာဆီယံပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေးများကို နိုင်ငံအက္ခရာစဉ်အလိုက် အလှည့်ကျကျင်းပလေ့ရှိပြီး မေလမှဇူလိုင်လအတွင်း၌ တစ်ကြိမ်၊ ယဉ်ကျေးမှုဆိုင်ရာဆပ်ကော်မတီ SCC (Sub-Committee on Culture) နှင့် ပူးတွဲကျင်းပလေ့ရှိသည့် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအစည်းအဝေး (ASEAN-COCI Meeting) ကျင်းပသည့် နိုဝင်ဘာလတွင်တစ်ကြိမ် စုစုပေါင်း တစ်နှစ်လျှင်နှစ်ကြိမ် ကျင်းပပြုလုပ်လေ့ရှိပြီး ယခုနှစ်တွင် ကမ္ဘာ့ကပ်ရောဂါဖြစ်သည့် COVID-19 ဖြစ်ပွားမှုကြောင့် အလှည့်ကျ အိမ်ရှင်ဖြစ်သည့် စင်ကာပူနိုင်ငံက Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့်လည်း အာဆီယံပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေးများကို ၂၀၀၇ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၈ ခုနှစ်တွင် တစ်ကြိမ် ပြန်ကြားရေးဝန်ကြီးဌာနက အိမ်ရှင်အဖြစ် တာဝန်ယူကျင်းပခဲ့သည်။

ပါဝင်ဆောင်ရွက်

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် အာဆီယံနိုင်ငံများနှင့်အတူ လက်ရှိပူးပေါင်းပါဝင် အကောင်အထည်ဖော်လျက်ရှိနေသည့် စီမံကိန်းများအနေဖြင့် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ASEAN Quiz (National Level)နှင့် (Regional Level) ခွဲပြီး နှစ်နှစ်တစ်ကြိမ် ကျင်းပသည့်စီမံကိန်း၊ အဖွဲ့ဝင်နိုင်ငံအချင်းချင်း ရေဒီယိုနှင့် ရုပ်သံအစီအစဉ်များ၊ သတင်းများ အပြန်အလှန်လဲလှယ်၍ သက်ဆိုင်ရာနိုင်ငံများရှိ ရေဒီယိုနှင့် TV တို့မှ ထုတ်လွှင့်ပြသသည့် ASEAN Awareness စီမံကိန်းများ၊ Voice of ASEAN –Beyond Boundaries (VOA-BB) Project၊ ASEAN Television Network (ATN) Project၊ ASEAN Digital Broadcasting Project များအပြင် ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် ဂျပန်၊ တရုတ်၊ ကိုရီးယားတို့နှင့် ပူးပေါင်းဆောင်ရွက်သည့် သတင်းမီဒီယာ ဝန်ထမ်းများ အပြန်အလှန် စေလွှတ်သည့် လေ့လာရေးခရီးစဉ်များ၊ သတင်းမီဒီယာကဏ္ဍဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ ဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်သည့် သင်တန်းများ၊ မီဒီယာအဖွဲ့အစည်းများအကြား ကွန်ရက်ချိတ်ဆက်ဆောင်ရွက်နေသည့် စီမံကိန်းများတွင် တက်တက်ကြွကြွဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

(၂၂)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေးကို ၂၀၂၁ ခုနှစ်တွင် ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရေဝတီမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိ

နေပြည်တော် ဇူလိုင် ၁၄

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်တစ်ရက်အတွင်း သုံးလက်မခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ ရွှေကူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

ကိုရိုနာဗိုင်းရပ်စ် (COVID- 19) ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

(ယမန်နေ့မှအဆက်)

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ကာလတို ၅ နှစ်စီမံကိန်း၌ ထည့်သွင်းရေးဆွဲပြီးမှ နှစ်စဉ်အမျိုးသားစီမံကိန်းတွင် ထည့်သွင်းဖော်ပြရမည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏ အကျိုးစီးပွားအတွက် အရေးကြီးလိုအပ်ချက်အရ ဆောင်ရွက်ရသည့် အထူးစီမံကိန်းများနှင့် စီမံကိန်းဘဏ်အတွင်း ထည့်သွင်းစိစစ်အတည်ပြုထားသည့် ဗျူဟာမြောက်စီမံကိန်းများကို ကာလတို ၅ နှစ် စီမံကိန်းတွင် မပါရှိသော်လည်း နှစ်စဉ်အမျိုးသားစီမံကိန်းတွင် ထည့်သွင်းဖော်ပြခွင့်ရှိသည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် လျာထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာ မဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရမည်။

၁၄။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း — ပူးတွဲ-၁

ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

(၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

အမှတ်စဉ်		ကဏ္ဍကြီး/ကဏ္ဍ	၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ)			၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)		
			တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)	တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)
၁		၂	၃	၄	၅	၆	၇	၈
၁		**လယ်ယာကဏ္ဍကြီး**	**၂၀,၄၂၇,၅၁၇.၅**	**၂၂.၀**	**၂.၈**	**၂၀,၉၆၁,၉၃၃.၁**	**၂၁.၃**	**၂.၆**
	၁	လယ်ယာ	၁၃,၂၃၇,၄၄၄.၃	၁၄.၂	၂.၇	၁၃,၅၃၃,၇၅၅.၁	၁၃.၇	၂.၂
	၂	သားငါး	၇,၁၂၆,၆၆၂.၉	၇.၇	၃.၂	၇,၃၇၁,၇၂၁.၃	၇.၅	၃.၄
	၃	သစ်တော	၆၃,၄၁၀.၃	၀.၁	-၁၁.၈	၅၆,၄၅၆.၇	၀.၁	-၁၁.၀
၂		**စက်မှုကဏ္ဍကြီး**	**၃၃,၅၂၄,၉၈၉.၆**	**၃၆.၁**	**၄.၄**	**၃၅,၇၁၉,၆၉၀.၈**	**၃၆.၂**	**၆.၅**
	၁	စွမ်းအင်	၃,၀၉၄,၇၃၆.၈	၃.၃	-၅.၃	၃,၁၀၅,၃၃၆.၈	၃.၁	၀.၃
	၂	သတ္တုနှင့်တွင်းထွက်ပစ္စည်း	၈၇၉,၇၁၁.၄	၁.၀	-၃.၈	၈၉၈,၃၄၆.၃	၀.၉	၂.၁
	၃	စက်မှုလက်မှု	၂၂,၁၆၀,၅၈၈.၀	၂၃.၈	၅.၈	၂၃,၇၃၉,၄၆၂.၇	၂၄.၁	၇.၁
	၄	လျှပ်စစ်ဓာတ်အား	၁,၄၅၆,၇၀၅.၁	၁.၆	၅.၆	၁,၆၄၁,၀၁၆.၆	၁.၇	၁၂.၇
	၅	ဆောက်လုပ်မှု	၅,၉၃၃,၂၄၈.၃	၆.၄	၅.၆	၆,၃၃၅,၅၂၈.၄	၆.၄	၆.၈
၃		**ဝန်ဆောင်မှုကဏ္ဍကြီး**	**၃၉,၀၅၀,၁၄၈.၀**	**၄၁.၉**	**၅.၁**	**၄၁,၉၂၈,၇၀၄.၈**	**၄၂.၅**	**၇.၄**
	၁	ပို့ဆောင်ရေး	၁၁,၂၂၁,၁၃၈.၃	၁၂.၁	၅.၀	၁၂,၁၁၂,၇၇၂.၆	၁၂.၃	၇.၉
	၂	ဆက်သွယ်ရေး	၂,၅၃၂,၃၃၁.၇	၂.၇	၉.၃	၂,၇၆၃,၇၇၂.၀	၂.၈	၉.၁
	၃	ငွေရေးကြေးရေး	၄၁၆,၄၁၅.၃	၀.၄	၆.၀	၄၅၂,၃၅၀.၇	၀.၄	၈.၆
	၄	လူမှုရေးနှင့်စီမံခန့်ခွဲရေး	၃,၂၈၂,၇၅၃.၆	၃.၅	၃.၅	၃,၄၀၇,၇၅၅.၄	၃.၅	၃.၈
	၅	အခြားဝန်ဆောင်မှု	၂,၈၉၉,၂၁၁.၆	၃.၁	၃.၄	၃,၁၇၀,၁၀၁.၂	၃.၂	၉.၃
	၆	ကုန်သွယ်မှု	၁၈,၆၉၈,၂၉၇.၅	၂၀.၁	၅.၂	၂၀,၀၂၁,၉၅၂.၉	၂၀.၃	၇.၁
၄		**စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)**	**၉၃,၀၀၂,၆၅၅.၁**	**၁၀၀.၀**	**၄.၃**	**၉၈,၆၁၀,၃၂၈.၇**	**၁၀၀.၀**	**၆.၀**

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း — ပူးတွဲ-၂

ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

(၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

အမှတ်စဉ်		ကဏ္ဍ	၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ)			၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)		
			တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)	တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)
၁		၂	၃	၄	၅	၆	၇	၈
၁		**ထုတ်လုပ်မှုတန်ဖိုး**	**၅၃,၉၅၂,၅၀၇.၁**	**၅၈.၁**	**၃.၈**	**၅၆,၆၈၁,၆၂၃.၉**	**၅၇.၅**	**၅.၁**
	၁	လယ်ယာ	၁၃,၂၃၇,၄၄၄.၃	၁၄.၂	၂.၇	၁၃,၅၃၃,၇၅၅.၁	၁၃.၇	၂.၂
	၂	သားငါး	၇,၁၂၆,၆၆၂.၉	၇.၇	၃.၂	၇,၃၇၁,၇၂၁.၃	၇.၅	၃.၄
	၃	သစ်တော	၆၃,၄၁၀.၃	၀.၁	-၁၁.၈	၅၆,၄၅၆.၇	၀.၁	-၁၁.၀
	၄	စွမ်းအင်	၃,၀၉၄,၇၃၆.၈	၃.၃	-၅.၃	၃,၁၀၅,၃၃၆.၈	၃.၁	၀.၃
	၅	သတ္တုနှင့်တွင်းထွက်ပစ္စည်း	၈၇၉,၇၁၁.၄	၁.၀	-၃.၈	၈၉၈,၃၄၆.၃	၀.၉	၂.၁
	၆	စက်မှုလက်မှု	၂၂,၁၆၀,၅၈၈.၀	၂၃.၈	၅.၈	၂၃,၇၃၉,၄၆၂.၇	၂၄.၁	၇.၁
	၇	လျှပ်စစ်ဓာတ်အား	၁,၄၅၆,၇၀၅.၁	၁.၆	၅.၆	၁,၆၄၁,၀၁၆.၆	၁.၇	၁၂.၇
	၈	ဆောက်လုပ်မှု	၅,၉၃၃,၂၄၈.၃	၆.၄	၅.၆	၆,၃၃၅,၅၂၈.၄	၆.၄	၆.၈
၂		**ဝန်ဆောင်မှုတန်ဖိုး**	**၂၀,၃၅၁,၈၅၀.၅**	**၂၁.၈**	**၅.၀**	**၂၁,၉၀၆,၇၅၁.၉**	**၂၂.၂**	**၇.၆**
	၁	ပို့ဆောင်ရေး	၁၁,၂၂၁,၁၃၈.၃	၁၂.၁	၅.၀	၁၂,၁၁၂,၇၇၂.၆	၁၂.၃	၇.၉
	၂	ဆက်သွယ်ရေး	၂,၅၃၂,၃၃၁.၇	၂.၇	၉.၃	၂,၇၆၃,၇၇၂.၀	၂.၈	၉.၁
	၃	ငွေရေးကြေးရေး	၄၁၆,၄၁၅.၃	၀.၄	၆.၀	၄၅၂,၃၅၀.၇	၀.၄	၈.၆
	၄	လူမှုရေးနှင့်စီမံခန့်ခွဲရေး	၃,၂၈၂,၇၅၃.၆	၃.၅	၃.၅	၃,၄၀၇,၇၅၅.၄	၃.၅	၃.၈
	၅	အခြားဝန်ဆောင်မှု	၂,၈၉၉,၂၁၁.၆	၃.၁	၃.၄	၃,၁၇၀,၁၀၁.၂	၃.၂	၉.၃
၃		**ကုန်သွယ်မှုတန်ဖိုး**	**၁၈,၆၉၈,၂၉၇.၅**	**၂၀.၁**	**၅.၂**	**၂၀,၀၂၁,၉၅၂.၉**	**၂၀.၃**	**၇.၁**
၄		**စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)**	**၉၃,၀၀၂,၆၅၅.၁**	**၁၀၀.၀**	**၄.၃**	**၉၈,၆၁၀,၃၂၈.၇**	**၁၀၀.၀**	**၆.၀**

(ဆက်လက်ဖော်ပြပါမည်)

YBS ယာဉ်လိုင်းများထံမှ စီမံခန့်ခွဲမှုရန်ပုံငွေကောက်ခံခြင်းကို ဇူလိုင်လကုန်ထိ ထပ်တိုးကင်းလွတ်ခွင့်ပြု

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) အနေဖြင့် YBS သယ်ယူပို့ဆောင်ရေးကုမ္ပဏီများနှင့် တာဝန်ခံယာဉ်လိုင်းများထံမှ စီမံခန့်ခွဲမှုရန်ပုံငွေကောက်ခံခြင်းကို ယခုနှစ် ဇွန် ၃၀ ရက်အထိ ယာယီကင်းလွတ်ခွင့်ပြုခဲ့ရာမှ ယခုအခါ ရက်ထပ်တိုးခွင့်ပြုခဲ့ကြောင်း သိရသည်။

YBS သယ်ယူပို့ဆောင်ရေး ကုမ္ပဏီများနှင့် တာဝန်ခံယာဉ်လိုင်းများအား ကူညီထောက်ပံ့သည့်အနေဖြင့် YRTA သို့ ပေးသွင်းရသည့် စီမံခန့်ခွဲမှုရန်ပုံငွေကျပ် ၄၀၀၀ ပေးသွင်းမှု ယာယီကင်းလွတ်ခွင့်ကို ယခုနှစ် မတ် ၂၇ ရက်မှစတင်၍ ဇွန် ၃၀ ရက်အထိ ကင်းလွတ်ခွင့်ပြုခဲ့ရာမှ ယခုအခါ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ထပ်တိုးကင်းလွတ်ခွင့် ပြုလိုက်ခြင်းဖြစ်သည်။

သို့သော် YBS ယာဉ်များပြေးဆွဲရာတွင် နေ့စဉ်ဆောင်ရွက်ရသည့် Way Bill များထုတ်ပေးခြင်း၊ Time Sheet များဖြင့် ပြေးဆွဲခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လိုက်နာရမည့်အချက်များကို ယခင်ဆောင်ရွက်နေသည့်ပုံမှန်အတိုင်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သည်ဟု အသိပေး အကြောင်းကြားထားကြောင်း YRTA ၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ရာမည

ကျောက်ဆည်သစ်တောဦးစီးဌာနမှ ပျိုးပင်များအခမဲ့ဖြန့်ဝေ

ကျောက်ဆည် ဇူလိုင် ၁၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ပြည်သူများ၊ ဌာနဆိုင်ရာများအတွက် မြို့နယ်သစ်တောဦးစီးဌာနမှ လူထုဖြန့်ဝေရန် ပျိုးပင်ပေါင်း ၅၀၀၀၀ စိုက်ပျိုးပြီး ဖြန့်ဝေလျက်ရှိရာ ပျိုးပင်ပေါင်း ၄၀၀၀၀ နီးပါး ဖြန့်ဝေပြီးဖြစ်ကြောင်း သိရသည်။

ဌာနအနေဖြင့် ဒေသတွင်းစိမ်းလန်းစိုပြည်ရေးနှင့် ရာသီဥတုကောင်းမွန် မျှတစေရန်အတွက် ပြည်သူများ၏နေအိမ်ခြံဝင်းများ၊ ဌာနဆိုင်ရာရုံးဝင်းနေရာများ၊ တပ်နယ်၊ တပ်တွင်းနေရာများတွင် စိုက်ပျိုးရန် ကျွန်း ၃၀၀၀၊ ပိတောက် ၁၀၀၀၊ လျှော်ဖြူ ၁၀၀၀၊ တမာ ၆၀၀၀၊ မဲဇလီ ၁၀၀၀၀၊ မည်စည် ၄၀၀၀၊ ရေတမာ ၈၀၀၀၊ ယူကလစ် ၁၀၀၀၊ စိန်ပန်း ၃၀၀၀၊ ကုက္ကို ၄၀၀၀၊ သစ်ဆိမ့် ၁၀၀၀၊ ပင်လယ်ကဗ္ဗီး ၁၀၀၀၊ ခရေ ၁၀၀၀နှင့် အာသောက ၄၀၀၀ စုစုပေါင်းပျိုးပင် ၅၀၀၀၀ ပျိုးထောင်ပြီး အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း၊ လက်ကျန်ပျိုးပင် ၁၀၀၀၀ ကျော်ကို ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးအရာရှိ ဦးညီဖြိုးက ပြောသည်။

သက်မောင်(ပြန်/ဆက်)

၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

(ယမန်နေ့မှအဆက်)

ခြွင်းချက်။ သို့ရာတွင် ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ကို ပြည်ပမှတင်သွင်းလာသည့် အထူးကုန်စည်နှင့် ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရန်အလို့ငှာ ပြည်တွင်းအခွန်များ ဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက တန်ဖိုးသတ်မှတ်ရာတွင် အလားတူ အထူးကုန်စည်အတွက် ပြည်ပမှတင်သွင်းရာတွင် သတ်မှတ်သည့် ကုန်းပေါ်ရောက်တန်ဖိုးနှင့် တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်ပေးရမည်။

(၃) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင် လည်းကောင်း။

စဉ်	အထူးကုန်စည် အမျိုးအစား	တန်ဖိုးအဆင့်	အခွန်နှုန်း
၁	(က)စီးကရက်အမျိုးမျိုး။	အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၆၀၀ ကျပ် အထိ အဆင့် ဖြစ်လျှင်	တစ်လိပ်လျှင် ၁၀ ကျပ်
	(ခ) စီးကရက်အမျိုးမျိုး။	အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၆၀၁ ကျပ် မှ ကျပ် ၈၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လိပ်လျှင် ၁၉ ကျပ်
	(ဂ) စီးကရက်အမျိုးမျိုး။	အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၈၀၁ ကျပ် မှ ကျပ် ၁၀၀၀ အထိအဆင့် ဖြစ်လျှင်	တစ်လိပ်လျှင် ၂၄ ကျပ်
	(ဃ)စီးကရက်အမျိုးမျိုး။	အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၁၀၀၁ ကျပ်နှင့် အထက်အဆင့် ဖြစ်လျှင်	တစ်လိပ်လျှင် ၂၇ ကျပ်
၂	ဆေးရွက်ကြီး။		၆၀ ရာခိုင်နှုန်း
၃	ဗာဂျီးနီးယား ပေါင်းတင်ပြီးဆေး။		၆၀ ရာခိုင်နှုန်း
၄	ဆေးပေါ့လိပ်။		တစ်လိပ်လျှင် ၁ ကျပ်
၅	ဆေးပြင်းလိပ်။		၈၀ ရာခိုင်နှုန်း
၆	ဆေးတံသောက် ဆေးများ။		၈၀ ရာခိုင်နှုန်း
၇	ကွမ်းစားဆေးအမျိုးမျိုး။		၈၀ ရာခိုင်နှုန်း
၈	(က) အရက်အမျိုးမျိုး။	တစ်လီတာတန်ဖိုး ၃၀၀ ကျပ် မှ ကျပ် ၁၀၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ၁၉၉ ကျပ်
	(ခ) အရက်အမျိုးမျိုး။	တစ်လီတာတန်ဖိုး ၁၀၀၁ ကျပ် မှ ကျပ် ၂၀၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ၄၅၈ ကျပ်
	(ဂ) အရက်အမျိုးမျိုး။	တစ်လီတာတန်ဖိုး ၂၀၀၁ ကျပ် မှ ကျပ် ၃၀၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ၇၆၄ ကျပ်
	(ဃ) အရက်အမျိုးမျိုး။	တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ် မှ ကျပ် ၄၀၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ၁၀၆၉ ကျပ်
	(င) အရက်အမျိုးမျိုး။	တစ်လီတာတန်ဖိုး ၄၀၀၁ ကျပ် မှ ကျပ် ၅၀၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ၁၃၇၅ ကျပ်
	(စ) အရက်အမျိုးမျိုး။	တစ်လီတာတန်ဖိုး ၅၀၀၁ ကျပ် မှ ကျပ် ၆၀၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ၁၆၇၉ ကျပ်
	(ဆ) အရက်အမျိုးမျိုး။	တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ် မှ ကျပ် ၇၀၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ၁၉၈၅ ကျပ်
	(ဇ) အရက်အမျိုးမျိုး။	တစ်လီတာတန်ဖိုး ၇၀၀၁ ကျပ် မှ ကျပ် ၈၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ၂၂၉၁ ကျပ်
	(ဈ) အရက်အမျိုးမျိုး။	တစ်လီတာတန်ဖိုး ၈၀၀၁ ကျပ် မှ ကျပ် ၉၀၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ၂၅၉၆ ကျပ်
	(ည) အရက်အမျိုးမျိုး။	တစ်လီတာတန်ဖိုး ၉၀၀၁ ကျပ် မှ ကျပ် ၁၀၀၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ၂၉၀၁ ကျပ်
	(ဋ) အရက်အမျိုးမျိုး။	တစ်လီတာတန်ဖိုး ၁၀၀၀၁ ကျပ် မှ ကျပ် ၁၁၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ၃၂၀၇ ကျပ်
	(ဌ) အရက်အမျိုးမျိုး။	တစ်လီတာတန်ဖိုး ၁၁၀၀၁ ကျပ် မှ ကျပ် ၁၂၀၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ၃၅၁၂ ကျပ်

(ဆက်လက်ဖော်ပြပါမည်)

၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

(ယမန်နေ့မှအဆက်)

(၁၂) **လုပ်ငန်းဆိုင်ရာဒြပ်မဲ့ရရန်ပိုင်ခွင့် (business intangible) ဆိုသည်မှာ အောက်ပါတစ်ခုခုကိုဆိုသည် –**

(ကက) စာပေအနုပညာမူပိုင်ခွင့် (copyright)၊ တီထွင်မှုမူပိုင်ခွင့် (patent)၊ ဒီဇိုင်း သို့မဟုတ် ပုံစံ (model)၊ လျာထားသည့်စီမံချက် (plan)၊ လျှို့ဝှက်ဖော်စပ်နည်း (secret formula) သို့မဟုတ် လုပ်ငန်းစဉ် (process)၊ ကုန်အမှတ်တံဆိပ် သို့မဟုတ် အသုံးဝင်မှုသက်တမ်း အကန့်အသတ်ရှိပြီး လုပ်ငန်းတစ်ခုမှ ဝင်ငွေရရှိရန် အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း အသုံးပြုသည့် အခြားအလားတူပစ္စည်း သို့မဟုတ် အခွင့်အရေး၊

(ခခ) ဖောက်သည်စာရင်း၊ ဖြန့်ဖြူးရေးလမ်းကြောင်း သို့မဟုတ် သီးသီးသန့်သန့်ဖြစ်သည့် အမည်၊ သင်္ကေတ သို့မဟုတ် ရုပ်ပုံ၊ သို့မဟုတ် အသုံးဝင်မှုသက်တမ်း အကန့်အသတ်ရှိပြီး လုပ်ငန်းတစ်ခုမှ ဝင်ငွေရရှိရန် အပြည့်အဝသော် လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော် လည်းကောင်း အသုံးပြုသည့် ဈေးကွက်မြှင့်တင်ရေးဆိုင်ရာ အခြားဒြပ်မဲ့ ရရန်ပိုင်ခွင့်၊

(ဂဂ) လုပ်ငန်းတစ်ခုမှ ဝင်ငွေရရှိရန် အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း အသုံးပြုပြီး သက်တမ်းကန့်သတ်ချက်ရှိသည့်အပြင် အနည်းဆုံးသက်တမ်း တစ်နှစ်ထက်လည်း ကျော်လွန်သည့် ပဋိညာဉ်ဆိုင်ရာ အခွင့်အရေးများ၊ ယင်းတွင် စရိတ်များကို ကြိုတင်ပေးချေထားခြင်းကြောင့် ပေါ်ပေါက်လာသည့် အခွင့်အရေးများလည်း ပါဝင်သည်၊

(ဃဃ) လုပ်ငန်းတစ်ခုမှ ဝင်ငွေရရှိရန် အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်း သော်လည်းကောင်း အသုံးပြုသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ကာလရှည်ငှားရမ်းမှု၊

(ငင) တစ်နှစ်ထက် ပိုမိုကြာမြင့်သည့် ကာလအတွက် အကျိုးကျေးဇူး သို့မဟုတ် အကျိုးခံစားခွင့်ဖြစ်ပေါ်စေသည့် ဝင်ငွေရရှိရန် လုပ်ငန်းတစ်ခုတွင် အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း ကျခံရသည့် အသုံးစရိတ်၊ ယင်းတွင် ဒြပ်ရှိပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သောပစ္စည်းတစ်ခုခု ရရှိစေရန် ကျခံရသည့် အသုံးစရိတ်များ မပါဝင်၊

(စစ) ကနဦးအသုံးစရိတ်။

(၁၃) **အခြေပစ္စည်းမှမြတ်စွန်းခွန်** ဆိုသည်မှာ ပုဒ်မ ၁၃ အရ စည်းကြပ်သည့် အခြေပစ္စည်းမှ မြတ်စွန်းခွန်ကို ဆိုသည်။

(၁၄) **အခွန်ကျသင့်သည့် ရရန်ပိုင်ခွင့်** ဆိုသည်မှာ ကင်းလွတ်ခွင့်ပြုထားသည့် ရရန်ပိုင်ခွင့်မဟုတ်သည့် မည်သည့် ရရန်ပိုင်ခွင့်မဆိုကို ဆိုသည်။

(၁၅) **ကုမ္ပဏီ** ဆိုသည်မှာ အောက်ပါတစ်ခုခုကိုဆိုသည် –

(ကက) မြန်မာနိုင်ငံအတွင်း၌ဖြစ်စေ၊အခြားနေရာ၌ဖြစ်စေ စုဝေးဖွဲ့စည်းထားသည့်အဖွဲ့၊ ဥပဒေအရဖွဲ့စည်းထားသည့်ကော်ပိုရေးရှင်း (statutory corporation)၊ ဖောင်ဒေးရှင်း၊ အစုစပ်လုပ်ငန်း၊ ယုံကြည်အပ်နှံမှု၊ လူမှုအဖွဲ့အစည်း၊ သို့မဟုတ် ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားခြင်း မဟုတ်သည့် အသင်းအဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်စု၊ ယင်းတွင် ပညာသည် အစုစပ်လုပ်ငန်း သို့မဟုတ် အမွေပုံပစ္စည်းတို့ မပါဝင်၊

(ခခ) နိုင်ငံခြားဥပဒေအရ တည်ထောင်ထားသည့် တရားဝင်ရပ်တည်မှုရှိသည့်ပုဂ္ဂိုလ်တစ်ခုသည် စုဝေးဖွဲ့စည်းထားသည့်အဖွဲ့၊ ဖောင်ဒေးရှင်း၊ အစုစပ်လုပ်ငန်း၊ ယုံကြည်အပ်နှံမှု သို့မဟုတ် လူမှုအဖွဲ့အစည်းတို့နှင့် ဥပဒေဆိုင်ရာ သွင်ပြင်လက္ခဏာများချင်း အခြေခံကျကျတူညီလျှင် ယင်းတရားဝင်ရပ်တည်မှုရှိသည့်ပုဂ္ဂိုလ်။

(၁၆) ရရန်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ **အဖိုးစားနား** ဆိုသည်မှာ ပုဒ်မ ၈၁ တွင် ဖော်ပြထားသော အဓိပ္ပာယ်ကို ဆိုသည်။

(၁၇) ရရန်ပိုင်ခွင့်တစ်ခုနှင့် စပ်လျဉ်း၍ **ကုန်ကျစရိတ်** ဆိုသည်မှာ ပုဒ်မ ၇၉ တွင် ဖော်ပြထားသောအဓိပ္ပာယ်ကို ဆိုသည်။

(၁၈) **ကြွေးမြီဆိုင်ရာတာဝန်** ဆိုသည်မှာ အခြားသူတစ်ဦးအား ငွေပေးချေရန်တာဝန်ကို ဆိုသည်။ ယင်းစကားရပ်တွင် ငွေပေးကတိ လက်မှတ်များ၊ ငွေလွှဲလက်မှတ်များနှင့် ကတိခံဝန်ချုပ်များအရ ပေါ်ပေါက်သည့် တာဝန်နှင့် ပေးရန်ရှိစာရင်းတို့လည်း ပါဝင်သည်။

(ဆက်လက်ဖော်ပြပါမည်)

Book Land
by
Myanmar Book Centre

ONLINE BOOK-BUFFET

20.07.2020 to 26.07.2020

အောက်ဖော်ပြပါ ဖုန်းနံပါတ်များကို ဆက်သွယ်ပေးပါရန်။

၀၉-၄၂၀၁၄၄၇၈၀၆၊ ၀၉-၅၀၇၀၈၂၅၊
၀၉-၄၂၀၀၅၁၀၂၄

အောက်ပါ Link ကိုဝင်ရောက်၍ Order မှာယူပေးပါရန်။

tinyurl.com/mbcbuffet

မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး ရွှေသားမျက်နှာကြက်တော် ပြုလုပ်တပ်ဆင်ပူဇော်ရေး လုပ်ငန်းကော်မတီ- ဇလွန်မြို့ မျက်နှာကြက်တော်ပုံစံ (Design) အဆိုပြုလွှာခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့ရှိ မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားကြီးတွင် အများပြည်သူ အလှူရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် ရွှေသားမျက်နှာကြက်တော်ကြီး ပြုလုပ်တပ်ဆင်ပူဇော်မည်ဖြစ်ပါသဖြင့် မျက်နှာကြက်တော်ပုံစံ(Design)ကို ယှဉ်ပြိုင်ရွေးချယ်နိုင်ရန် အဆိုပြုလွှာများအား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ခေါ်ယူမည်ဖြစ်ပါသည်။

(က) အဆိုပြုလွှာစတင်ရောင်းချမည့်ရက် - ၁၀-၇-၂၀၂၀ရက်
(ခ) အဆိုပြုလွှာအရောင်းပိတ်မည့်ရက် - ၁၆-၇-၂၀၂၀ရက်
(ဂ) အဆိုပြုလွှာပြန်လည်တင်သွင်းရမည့် နောက်ဆုံးရက် - ၁၆-၈-၂၀၂၀ရက်
(ဃ) အဆိုပြုလွှာဝယ်ယူရမည့်နေရာ - ဂေါပကအဖွဲ့ရုံး
(င) အဆိုပြုလွှာပြန်လည်တင်သွင်းရမည့် နေရာ - ဂေါပကအဖွဲ့ရုံး

၂။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားကြီး ဂေါပကအဖွဲ့ရုံး ဇလွန်မြို့၊ ဖုန်း ၀၄၄-၃၅၀၈၆၊ ၀၄၄-၃၅၄၆၈၊ ၀၉-၂၅၀၁၂၀၁၁၅၊ ၀၉-၄၂၂၄၅၆၅၉၉၊ ၀၉-၂၆၄၆၆၉၆၅၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ရဲဝတ်ပစ္စည်း ၇ မျိုးအား မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ စတင်ရောင်းချမည့်ရက်မှာ ၁၅-၇-၂၀၂၀ ရက်နေ့မှ ၂၈-၇-၂၀၂၀ ရက်နေ့အထိ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ ပြန်လည်တင်သွင်းရမည့်ရက်မှာ ၂၉-၇-၂၀၂၀ ရက်နေ့ ၁၄:၀၀ နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၄။ တင်ဒါပုံစံများအား မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲထောက်ပံ့ရေးဌာနကြီး၊ ဖြည့်တင်း/ထောက်ပံ့ရေးဌာနခွဲ၊ ရုံးအမှတ်(၄၅)တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိလိုပါက တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၁၂၅၁၂ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဈေးပြိုင်ဝယ်ယူရေးအဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉-B)၊ မြေကွက်အမှတ်(၅၈၉)၊ အကျယ်အဝန်း(၄၀ ပေ x ၆၀ ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ်(၁၉)၊ သမာဓိ(၄)လမ်း၊ (၃၉-B)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ဟုခေါ်တွင်သော နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပါက်သူ ဦးထွန်းလှထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆင့်ဆင့်အရ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်လာပြီး၊ ၎င်းကိုယ်တိုင် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဟုဝန်ခံကတိပြုသူ ဦးမောင်မောင်(၁၄/မအပ (နိုင်) ၁၅၁၇၂၂)ထံမှ ဒေါ်မေဆုမွန် (၉/စကန (နိုင်) ၀၆၉၇၀၁)က အပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ်ပေးအပ်ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍(၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေငြာအပ်ပါသည်။

ဒေါ်မေဆုမွန် ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန္တာဦး (စဉ်-၁၃၄၆၄) ၊ တရားလွှတ်တော်ရှေ့နေ
အမှတ်(၃၁၈/က)၊ ဗိုလ်ခန်(၂)လမ်း၊ ၇-ရပ်ကွက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၃၁၃၁၄၉၉၄၆

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ထိန်ကုန်းကျေးရွာ အထက မင်းထိန်ကုန်းမှ ဆဋ္ဌမတန်းအောင် မစန္ဒာနှင့် နဝမတန်းအောင် မောင်သန့်ဇင်ထွဋ်တို့၏ဖခင် ဦးနိုင်မော်ဦး၏အမည်မှန်မှာ ဦးနိုင်ဦး[၁၂/တတန(နိုင်)၁၁၀၈၆၂] ဖြစ်ပါကြောင်း။ **ဦးနိုင်ဦး**

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း ၂၀၂၀-၂၀၂၂ ခုနှစ်၊ အလုပ်အမှုဆောင်သက်တမ်းအတွက် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အကြောင်းကြားခြင်း

(အသင်းသူ၊ အသင်းသားများသိသာပါရန်)

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ ၂၀၂၀ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ (၂)နှစ် သက်တမ်းအတွက် တာဝန်ယူဆောင်ရွက်မည့် ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို ၂၀၂၀ ခုနှစ်၊ ဩဂုတ်လ(၁၅)ရက် (စနေနေ့)တွင် (ရက်အပြောင်းအလဲရှိပါက ထပ်မံကြေညာပါမည်။)၊ အမှတ်(၅၂၀)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်းမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန "အစည်းအဝေးခန်းမ"၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အလုပ်အမှုဆောင်အဖြစ် ဆန္ဒပြုလိုသူများနှင့် မဲဆန္ဒပေးလိုသော အသင်းဝင်များသည် သတ်မှတ်ချက်စည်းမျဉ်းစည်းကမ်းများကို အသင်း၏ ကြော်ငြာသင်ပုန်းတွင် လာရောက်ကြည့်ရှုနိုင်ပြီး အသင်းရုံးခန်းတွင် ၂၀၂၀ ခုနှစ်၊ ဩဂုတ်လ(၅)ရက် (ဗုဒ္ဓဟူးနေ့)၊ ညနေ(၄:၃၀)နာရီ နောက်ဆုံးထား၍ အဆိုပြုလွှာများ တင်သွင်းနိုင်ပါသည်။

အဆိုပါ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲသို့ အသင်းဝင်များ တက်ရောက်ကြပါရန်လည်း လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

(အလုပ်အမှုဆောင်အသစ်ရွေးချယ်ပွဲဖြစ်မြောက်ရေးကော်မတီ)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၃၄၊မြေကွက်အမှတ်-၆၈၄၊မြေကွက်တည်နေရာအမှတ်-၆၈၄၊(၁၃၄)ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ဦးလှအေး(AB-၀၄၂၇၀၅)အမည်ပေါက်-ပါမစ်မြေအားအမည်ပေါက်-ဦးလှအေးထံမှအရောင်းအဝယ်အရပ်စာချုပ်ဖြင့်ပိုင်ဆိုင်သူဦးအောင်နိုင်မြင့်(၉/မရတ(နိုင်)၀၇၉၅၇၆)မှပါမစ်မူရင်းတင်ပြ(မပြည့်စုံ)ဓာတ်ပုံမှတ်တမ်း(မူရင်း)၊ရွှေ့ပြောင်းသူများ၏မြေရာဇဝင်အကျဉ်းချုပ်(မူရင်း)၊မှီခိုသူများစာရင်း(မူရင်း)တို့သာတင်ပြ၍အိမ်ရာဆောက်လုပ်နေထိုင်ခွင့်စာရွက်တို့မပါရှိဘဲဂရန်သစ်လျှောက်ထားခြင်းအားကွင်းဆင်းစစ်ဆေးရာတစ်ထပ်အုတ်ညှပ်အဆောက်အဦးတစ်လုံးရှိပါသည်။သို့ဖြစ်ပါ၍ဦးအောင်နိုင်မြင့်မှပါမစ်မစုံတင်ပြ၍ဂရန်သစ်လျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၃၉၄-ဂရန်ကွင်း၊မြေကွက်အမှတ်-၁/ခB၏အစိတ်အပိုင်း၊ဧရိယာ-၂၉.၅၃၆ဧက၏အစိတ်အပိုင်း၀.၀၃၆ဧက၊မြေကွက်တည်နေရာအမှတ်-၈၂၀(B)၊အောင်စေတီလမ်း(၁၀)မိုင်၊စော်ဘွားကြီးကုန်းရပ်ကွက်၊အင်းစိန်မြို့နယ်၊ရွာမြေအမည်ပေါက်၊အောင်စေတီဂရန်ပေးရေးစီမံချက်အတွင်းမှဧရိယာ၂၉.၅၃၆ဧက၏တစိတ်တဒေသ၀.၀၃၆ဧကရွာမြေအားနှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်အရပ်ကတိစာချုပ်၊ရေဖိုးရေခပြေစာ၊ဓာတ်အားခပြေစာ၊အိမ်ထောင်စုဦးရေစာရင်း၊ရပ်ကွက်အတွင်းနေထိုင်ကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်တို့တင်ပြပြီး၊ဦးမျိုးမြတ်(၁၂/အစန(နိုင်)၀၅၉၉၆၈၉)မှအထူးဝန်ဆောင်ခနှုန်းထားဖြင့်နှစ်(၆၀)မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

ကျွဲပွဲမြို့ အခြေခံပညာအထက်တန်းကျောင်း ဒသမတန်းမှ မောင်အာကာပြည့်ဖြိုး၏ဖခင် အမည်မှန်မှာ ဦးသန်းစိုး (၇/အတန(နိုင်)၀၇၆၁၂၇) ဖြစ်ပါကြောင်း။

ဦးသန်းစိုး

ဖခင်အမည်မှန်

နောင်ချိုမြို့နယ်(အ.ထ.က)ကံကြီးကျောင်း၊ ဒသမတန်းမှ မောင်ဇာဂါး၏ဖခင်အမည်မှန်မှာ ဦးတူလစီရမ်း[၁၃/နခတ(နိုင်)၀၁၃၂၈၁]ဖြစ်ပါကြောင်း။

ဦးတူလစီရမ်း

ဖခင်အမည်မှန်

နောင်ချိုမြို့နယ်(အ.ထ.က)ကံကြီးကျောင်း၊ ဒသမတန်းမှ မောင်ဟိန်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းနိုင် [၁၃/နခတ(နိုင်)၀၆၂၇၉၈] ဖြစ်ပါကြောင်း။

ဦးဇော်မင်းနိုင်

အမည်မှန်

မရမ်းကုန်းမြို့နယ်နေ အဖဦးတင်ဌေး[၇/မလန(နိုင်)၀၄၉၉၉၁]၏ သမီး မရမ်းကုန်းမြို့နယ် အထက(၁)တွင် ပညာသင်ကြားနေသော မအေးအေးခိုင်၏အမည်မှန်မှာ မနန်းမြတ်သဇင် ဖြစ်ပါကြောင်း။

မနန်းမြတ်သဇင်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၅/ရွှေပေါက်ကံ)၊မြေကွက်အမှတ်(၁၁၀)၊မြေကွက်တည်နေရာအမှတ်(၁၁၀)နီလာလမ်း၊(၁၅/ရွှေပေါက်ကံ)၊ဒေါ်သန်းရွှေအမည်ပေါက်၊ပါမစ်မြေအားဒေါ်သန်းရွှေ(ISN-၁၃၂၂၀၅)ထံမှအရပ်ကတိစာချုပ်ဖြင့်ဝယ်ယူသူဒေါ်စုစု(၁၂/ရကန(နိုင်)၀၅၀၀၂၇)မှပါမစ်ပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူး/ရဲစခန်းထောက်ခံချက်၊တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ဂရန်သစ်လျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၄-လမ်း၊ အမှတ်(၁၃၇)၊ မြေညီထပ်၊ (12.5'x50')ခန့် ရှိတိုက်ခန်းနှင့် ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးခင်မောင်နီ(၁၂/ပဗတန(နိုင်)၀၇၉၁၁၉) မှရောင်းချပိုင်ခွင့်ရှိကြောင်း၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေသို့ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူထံ စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်သည့်စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါသတ်မှတ်သည့်ရက်ကျော်လွန် ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ချိုသဲမေ (LL,B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၀၇)
ဖုန်း-၀၉-၄၂၀၀၇၀၄၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၃၄၊မြေကွက်အမှတ်-၆၈၄၊မြေကွက်တည်နေရာအမှတ်-၆၈၄၊(၁၃၄)ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ဦးလှအေး(AB-၀၄၂၇၀၅)အမည်ပေါက်-ပါမစ်မြေအားအမည်ပေါက်-ဦးလှအေးထံမှအရောင်းအဝယ်အရပ်စာချုပ်ဖြင့်ပိုင်ဆိုင်သူဦးအောင်နိုင်မြင့်(၉/မရတ(နိုင်)၀၇၉၅၇၆)မှပါမစ်မူရင်းတင်ပြ(မပြည့်စုံ)ဓာတ်ပုံမှတ်တမ်း(မူရင်း)၊ရွှေ့ပြောင်းသူများ၏မြေရာဇဝင်အကျဉ်းချုပ်(မူရင်း)၊မှီခိုသူများစာရင်း(မူရင်း)တို့သာတင်ပြ၍အိမ်ရာဆောက်လုပ်နေထိုင်ခွင့်စာရွက်တို့မပါရှိဘဲဂရန်သစ်လျှောက်ထားခြင်းအားကွင်းဆင်းစစ်ဆေးရာတစ်ထပ်အုတ်ညှပ်အဆောက်အဦးတစ်လုံးရှိပါသည်။ သို့ဖြစ်ပါ၍ဦးအောင်နိုင်မြင့်မှပါမစ်မစုံတင်ပြ၍ဂရန်သစ်လျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ မြေဧရိယာ (၀.၁၁၀) ဧကရှိ မြေကွက်အမှတ် (ပ-၂၀၇၈၈)၊ ဦးမြင့်အောင် [၁၂/မရက(နိုင်)၀၈၅၁၃၅] (ဘ) ဦးအောင်ခင် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးမျိုးဝင်းရှိန် [၆/တသရ(နိုင်)၀၀၀၆၉၄](ဘ) ဦးမြရှိန်မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၇၈၅/၂၀၂၀ တင်ပြ၍ ဒေါ်ဖွန်ဇာအေး [၉/ခအဇ(နိုင်)၀၀၀၀၀၇]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နိုင်ငံ
သာယာ
ဝပြောဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့

သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ဝရဇော(၅)လမ်း၊ (အပေါ်)၊ အမှတ် (၆၉၈/ခ)နေ ဒေါ်စန္ဒာဦး (၁၂/ဥကတ (နိုင်) ၁၁၄၇၉၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေသည် အထက်လိပ်စာပါမြေကွက်၏ပိုင်ရှင်ဖြစ်ပြီး ယင်းမြေကွက်ပေါ်ရှိ ဆောက်လက်စတိုက်အဆောက်အဦးအား ကန်ထရိုက်တာ ဦးသီဟအောင် (၁၂/သဃက (နိုင်) ၁၅၇၈၉၈)ထံမှ (၂၈-၃-၂၀၂၀)ရက်နေ့တွင် လက်ရောက်လွှဲပြောင်းရယူခဲ့ပြီးနောက် မိမိ၏စီမံခန့်ခွဲမှုအစီအစဉ်ဖြင့် အဆောက်အဦးအား ဆက်လက်ဆောက်လုပ်လျက်ရှိပါသည်။

ယင်းအချိန်မှစ၍ ကျွန်ုပ်မိတ်ဆွေ ဆက်လက်ဆောက်လုပ်လျက်ရှိသည့် အဆောက်အဦးသည် ဦးသီဟအောင်နှင့် တစ်စုံတစ်ရာပတ်သက်မှုမရှိတော့ပါ။ အဆိုပါ ကျွန်ုပ်မိတ်ဆွေ၏ စီမံခန့်ခွဲမှုအစီအစဉ်ဖြင့် ဆက်လက်ဆောက်လုပ်လျက်ရှိသည့် အဆောက်အဦးနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကမျှ ဝင်ရောက်စွက်ဖက်ခြင်း၊ ဟန့်တားနှောက်ယှက်ခြင်း၊ တစ်စုံတစ်ရာပြုလုပ်ပိုင်ခွင့် မရှိကြောင်းနှင့် ပြုလုပ်သူ မည်သူကိုမဆို ဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဦးအောင်ခန့်ကျော် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၁၆၁၉)
အမှတ် (၅၀)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၉၆၃၅၁၅၁၀

အများသိစေရန် ကြေညာချက်

၁။ သဃ်န်းကျွန်းမြို့နယ်၊ ကြို့ပွားရေးရပ်ကွက်၊ အောင်ဘောဂလမ်းနှင့် အောင်သပြေ(၂)လမ်းထောင့်၊ အမှတ်(၅၄၁-က)တွင် (၁)ခန်းတည်း (၆)ထပ်တိုက်အဆောက်အဦ ဆောက်လုပ်ရန် မြေရှင် ဦးမြင့်စိုး၊ လိုင်စင်ရကန်ထရိုက်တာဦးရဲထွန်း(LC-1192)၊ လိုင်စင်ရအင်ဂျင်နီယာ ဦးတင်မောင်ပြုံး(LS-480)တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ (၂၇-၅-၂၀၁၉) ရက်စွဲပါ စာအမှတ်၊ ၁၉၈၃/၁၉၈၂/စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြုထားပြီး ဖြစ်ပါသည်။

၂။ ယခုအခါအဆိုပါ(၁)ခန်းတည်း(၆)ထပ်တိုက် အဆောက်အဦအား ဆောက်လုပ်ရန် ဆန္ဒမရှိတော့ပါသဖြင့် ခွင့်ပြုမိန့်အား ပယ်ဖျက်ပေးပါရန် မြေရှင်နှင့် လိုင်စင်ရကန်ထရိုက်တာတို့မှ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့သို့ တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းလမ်း၊ တိုက်အမှတ်(၈)၊ ၅ လွှာ(ခေါင်းရင်းခန်း) ရောင်းချသူ ဒေါ်လွဲ့လွဲ့မူ [၈/တတက(နိုင်)၁၀၂၈၉၅]ထံမှ ဦးဟန်ထူး [၁၂/မရက(နိုင်)၁၃၈၆၇၀]မှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဟန်ထူး
[၁၂/မရက(နိုင်)၁၃၈၆၇၀]
ဖုန်း-09-773565758

ပရဟိတ ကလေးများဘဝ
ရွှေရောင်တောက်ပဖို့ မြေတောင်မြှောက်ကြစို့

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းစံပြကျေးရွာ၊ မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို ၂၀၁၁ ခုနှစ်တွင် မိဝေးဖဝေး၊ မိမဲ့ဖမဲ့၊ မိဘမဲ့၊ ဆင်းရဲနွမ်းပါးကလေးများဖြင့် နိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှာ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား/ကျောင်းသူ ကလေးပေါင်း (၃၂၄)ဦးကို ထိန်းသိမ်းစောင့်ရှောက်ပညာသင်ကြားပေးလျက်ရှိပါသည်။ (၁၉)နှစ် ခရီးတိုင်အောင် ဖြတ်သန်း လာရသော်လည်း အမာခံ ငွေပင်ငွေရင်း ကျောထောက်နောက်ခံမရှိခြင်း၊ ရပ်ဝေးအလှူရှင်အားနည်းခြင်း စသောအကြောင်းများကြောင့် လိုအပ်ချက်များ ရှိနေပါသည်။

အထူးသဖြင့် ကလေးများအတွက် ကျွေးမွေးရေး ဆန်၊ ဆီ၊ ပဲ၊ အာလူး၊ ကြက်သွန်စသော မီးဖိုချောင်သုံးပစ္စည်းများလိုအပ်ခြင်း၊ **"သုံးထပ်ကျောင်းဆောင်"**လိုအပ်ခြင်းတို့သည် အရေးကြီးဆုံးများဖြစ်သည်။ သို့ဖြစ်၍ စေတနာရှင် မိဘပြည်သူများမှ ဤကျောင်းရှိ ကလေးများအား မိမိတို့၏ သားသမီးပမာ ကရုဏာထား၍ အနာဂတ်မှာ ရွှေရောင်တောက်ပဖို့ ဝိုင်းဝန်း၍ မြေတောင် မြှောက်ကြပါရန် အထူးမေတ္တာရပ်ခံ နှိုးဆော်အသိပေးအပ်ပါသည်။

အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါသည်။

၁။ ကျောင်းအုပ်ဆရာတော် ၀၉- ၇၉၆၆၂၅၇၀၀၊ ၀၉-၂၅၅၇၄၈၆၂၄၊ ၀၉- ၄၉၃၁၅၃၇၀၊ KBZ Bank ဦးဇဋိလ U ZATILA (A/C No.007-301-00700708002), CB Bank U ZATILA (A/C No.00926001 00002526), ကမ္ဘာ့ရတနာဘဏ် U ZATILA (A/C No.1101210001113) နီးစပ်ရာဘဏ်သို့ ထည့်သွင်း၍ လှူဒါန်းနိုင်ပါသည်။
၂။ ဦးအောင်လွင်+ ဒေါ်ချိုချိုထွေး (ငြိမ်းချမ်းရေးနှင့် ကမ္ဘာကျော်ပင်ရင်းထီဆိုင်ကြီး) အမှတ်(၁၆၈/၁၈၈) ၊ အခန်း(၄)၊ ၂၇ လမ်း(အထက်)၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၄၉၂၀၈၊ ၀၁-၂၄၈၀၈၈၊ ၀၁-၂၄၉၀၁၃၊ ၀၁-၂၄၉၀၁၅
၃။ ဦးဟန်ကြည်+ဒေါ်ဝါဝါကျော် Alpine သောက်ရေသန့်ကိုယ်စားလှယ်မိသားစု ပုဇွန်တောင်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၁၄၁၉၀၊ ၀၉-၅၁၃၀၁၉၀
၄။ အဖြူရောင်မေတ္တာအဖွဲ့၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၃၃၅၁၊ ၀၉-၅၄၁၄၂၉၅၊ ၀၉-၅၁၁၂၄၁၆

ဖိတ်ခေါ်ပါသည် ☛ **ကျိုက်ထီးရိုးဘုရားဖူးရင်း တစ်ခေါက်တစ်ခါ အရောက်လာစေချင်ပါသည်။ ကျိုက်ထီးရိုးဘုရားနှင့် (၁၇) မိုင်ခန့်သာ ကွာပါသည်။**
☛ **ကေလာသဘုရား၊ ကျိုက်ထီးဆောင်းဘုရားနှင့် (၁)မိုင်ခန့်သာ ကွာပါသည်။**
မှတ်ချက် ☛ **မည်သူ့ကိုမျှ အလှူခံစေလွှတ်ထားခြင်းမရှိပါ။**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
ထားဝယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့
BOT စနစ်ဖြင့် အများသုံးအဆင့်မြင့်သန့်စင်ခန်းဆောင်ရွက်ရန် ဖိတ်ခေါ်ခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဆိပ်ကမ်းသာလမ်း၊ ကမ်းနားဈေးရှေ့ရှိ မြေကွက်လပ်ပေါ်တွင် BOT စနစ်ဖြင့် အများသုံးအဆင့်မြင့် သန့်စင်ခန်း ဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသောလုပ်ငန်းရှင်များ အောက်ဖော်ပြပါနေရာသို့ ဆက်သွယ်စုံစမ်းပြီး လျှောက်လွှာများတင်နိုင်ပါသည်။

နေရာ - ထားဝယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့
စုံစမ်းရန်ဖုန်းနံပါတ် - ၀၉-၄၂၂၁၉၁၁၉၉၊ ၀၉-၈၆၃၅၀၉၆
လျှောက်လွှာနောက်ဆုံးပိတ်ရက်- ၂၉-၇-၂၀၂၀ ရက်

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

[illegible]

(၇-၇-၂၀၂၀) ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ (၂၆)တွင် ဦးဝင်းဇော်ထွန်း [၁၂/လမတ(နိုင်)၀၁၂၉၅၁] ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်တင်တင်မြ ကြေညာချက်အပေါ် ပြန်လည်တုံ့ပြန် ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၅) ရပ်ကွက် ၊ ရွှေဘုံသာလမ်း၊ အမှတ်(၃၂၃)၊ (၃)လွှာနေ ဦးအောင်ကျော်မိုး [၁၂/ပဘတ(နိုင်)၀၃၂၀၅၉] ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

၁။ (၆-၅-၂၀၂၀) ရက်တွင် ကွယ်လွန်ခဲ့သည့် ဒေါ်တင်တင်လှတွင် ကွယ်လွန်သည်အထိ ကွာရှင်းခြင်းမရှိသော ခင်ပွန်းဖြစ်သူ ဦးခင်မြင့်နှင့် မွေးဖွားခဲ့သည့် အမွေစား အမွေခံ သားဖြစ်သူ ဦးအောင်ကျော်မိုး တစ်ဦးတည်းသာရှိပါသည်။ သက်ရှိထင်ရှား ကျန်ရစ်ခဲ့သည့် ဒေါ်ခင်လှ(ခ) ဒေါ်ရင်ရင်နုမှာလည်း စိတ်ရောဂါသည် တစ်ဦးဖြစ်သဖြင့် ဒေါ်တင်တင်လှမှ ၎င်း မကွယ်လွန်မီကပင် ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ရွှေဘုံသာလမ်း၊ အမှတ်(၃၀၅)၊ မြေညီထပ်၊ အကျယ်အဝန်း (၁၀ပေ x၂၃ပေ) ဆိုင်ခန်းနှင့် အမွေပစ္စည်းအကျိုးခံစားခွင့်အရပ်ရပ်ကို စီမံခန့်ခွဲရန်နှင့် ညီမဖြစ်သူ ဒေါ်ခင်လှ (ခ) ဒေါ်ရင်ရင်နုအား စောင့်ရှောက်ပေးရန် ဒေါ်တင်တင်လှ (ခ) ဖရီဒါမှ သားဖြစ်သူ ဦးအောင်ကျော်မိုး(ခ) မော်လဝီဒါဝူးဒ် အား (၉-၄-၂၀၂၀) ရက်စွဲပါ သေတမ်းစာဖြင့် စီမံခန့်ခွဲပေးခဲ့ပါသည်။

၂။ အဆိုပါ ဆိုင်ခန်းနှင့်ပတ်သက်၍ အခွန်အခများကို ဒေါ်တင်တင်လှနှင့် ဒေါ်ခင်လှ(ခ) ဒေါ်ရင်ရင်နု တို့၏ အမည်ဖြင့် မြေပိုင်ရှင် ဒေါ်သန်းကြည်မှ ယနေ့တိုင် ကောက်ခံနေဆဲဖြစ်၍ ယခုတိုင် ပေါင်းသင်းနေဆဲဖြစ်သော မယားကြီးရှိသူ ဦးဝင်းဇော်ထွန်းအနေဖြင့် မိမိစီမံခန့်ခွဲပြုပိုင်ခွင့်မရှိသည့် ပစ္စည်းများအပေါ် စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် ဦးအောင်ကျော်မိုး၏ ဆောင်ရွက်ချက်အား ထိခိုက်နှောင့်ယှက်ခြင်း ထပ်မံပြုလုပ်လာပါက ဥပဒေနှင့်အညီ ရင်ဆိုင်ဖြေရှင်းရမည်ဖြစ်ကြောင်း ရှင်းလင်းကြေညာသည့်အပြင် ဦးဝင်းဇော်ထွန်း၏ မမှန်မကန်ဖော်ပြသည့် သတင်းစာကြော်ငြာကိုလည်း အပြီးအပိုင် ရုပ်သိမ်းပေးရန် ဦးဝင်းဇော်ထွန်းနှင့် အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မာမာသိန်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၉၂/၂၀၁၃)
အမှတ် (၄၂)၊ ၄-လွှာ၊ လမ်း(၁၄၀)၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၆၄၉၅၉၊ ၀၉-၅၀၈၈၆၀၅

ဖခင်အမည်မှန်

ပုလဲမြို့နယ်၊ ရှောက်ရင်းကုန်းကျေးရွာ အမက မူလွန်ကျောင်းပဋ္ဌမတန်းမှ မလမြတ်သီလွာမိုး၏ ဖခင်အမည်မှန်မှာ ဦးရွှေလင်း[၅/ပလန(နိုင်)၁၃၁၇၄၁]ဖြစ်ပါကြောင်း။

ဦးရွှေလင်း

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အထက ညောင်ခါးရှည်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်အောင်မျိုးသူ၏ ဖခင်အမည်မှန်မှာ ဦးလွင်ဦး[၇/ဝမန(နိုင်)၀၅၂၈၃၀]ဖြစ်ပါကြောင်း။

ဦးလွင်ဦး

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးသူတော်၏သမီး အလက(၇)၊ မြောက်ဥက္ကလာပတွင် တာဝန်ထမ်းဆောင်သူ အလယ်တန်းပြဆရာမ ဒေါ်မိမိခင် (ခ) ဒေါ်ခင်မိမိခင် [၁၂/မဂဒ(နိုင်)၀၇၃၅၁၅]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်မိမိခင်(ခ) ဒေါ်ခင်မိမိခင်

ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၃-၂၀၂၀ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၂၀)ကန့်ကွက်နိုင်ကြောင်းကြော်ငြာလမ်းမတော်မြို့နယ်၊ဒေါ်တင်မြင့်+ဖိဓာ၏မြေပုံကူးတွင်ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန်အစား "ပိုင်ဆိုင်ကြောင်းစာချုပ်ရန်" ဟုအမှန်ဖတ်ရှုပါရန်။

ပျောက်ဆုံးကြောင်း

ကျွန်တော် စန္ဒာရှော[၁၄/ ဝခမ (နိုင်)၂၁၈၈၈၀]၏ CDC No. 89782 စာအုပ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါကြောင်း။

ဖုန်း-၀၉- ၂၆၈၉၃၀၀၄၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၃၉၄-ဂရုံကွင်း၊မြေကွက်အမှတ်-၁/ခB ၏အစိတ်အပိုင်း၊ဧရိယာ- ၂၉.၅၃၆ဧက၏ အစိတ်အပိုင်း၀.၀၃၅ဧက၊မြေကွက်တည်နေရာအမှတ်-၅၃(B)အောင်စေတီလမ်းသွယ်(၃)လမ်း၊စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ရွာမြေအမည်ပေါက်၊အောင်စေတီဂရန်မေးရေးစီမံချက်အတွင်းမှဧရိယာ ၂၉.၅၃၆ဧက၏တစိတ်တဒေသ၀.၀၃၅ဧက ရွာမြေအားနှစ်ဦးသဘောတူအရောင်းအဝယ်အရပ်ကတိစာချုပ်၊ပစ္စည်းခွန်ပြေစာ၊ ရေဖိုးရေခပြေစာ၊မီတာအားခပြေစာ၊အိမ်ထောင်စုစာရင်း၊ရပ်ကွက်အတွင်းနေထိုင်ကြောင်းရပ်ကွက်ထုပ်ချုပ်ရေးမှူးထောက်ခံချက်တို့တင်ပြပြီး ဒေါ်ကြည်ကြည်လင်း (၉/စကတ(နိုင်)၀၆၉၅၀၉)မှအထူးခန့်အောင်ခန္ဓားထားဖြင့်နှစ်(၆၀)မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အသိပေးကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပ ရပ်ကွက်ရှိ မြေကွက် အမှတ်(ပ-၂၀၅၈၉)၏ နှစ်(၃၀)မြေငှားစာချုပ်မူရင်း ပျောက်ဆုံးသွားသဖြင့် မြေငှားစာချုပ်မိတ္တူမှန် ထုတ်ပေးပါရန် မြေကွက်အမည်ပေါက် ဦးတင်ထွန်းအောင်[၈/ရနခ(နိုင်)၀၂၆၆၄၆] အဖအမည် ဦးလှဖေသန်းမှ လျှောက်ထားလာမှုအား ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ကန့်ကွက်လွှာခေါ်ယူခဲ့ရာ ကန့်ကွက်မှုမရှိသဖြင့် မြေငှားစာချုပ်မိတ္တူမှန် ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် အမှုတွဲအမှတ်-၈၁၇/ ၂၀၁၉-၂၀၁၀ (ပုဗ္ဗသီရိ)၊ စာချုပ်အမှတ်-ပုဗ္ဗသီရိ/သစ-၃၃/၂၀၁၀-၂၀၁၁တို့ဖြင့် ထုတ်ထားပေးသည့် ပျောက်ဆုံးသွားသော မြေငှားစာချုပ်မူရင်းအား ပယ်ဖျက်ပြီးဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ညောင်လေးပင်မြို့၊ မြို့မ (၅) ရပ်ကွက်၊ သုခမိန်လမ်းနေ အဖ ဦးအုန်းကျင်၏ သမီးဖြစ်သူ မနီနီ [၇/ညလပ(နိုင်)၀၈၀၇၇၁] ကိုင်ဆောင်သူ၏ အမည်မှန်မှာ မနီနီစိုးဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၂၃-၂-၁၉၆၁) ဖြစ်ပါကြောင်း။

ပြင်ဆင်ဖတ်ရှုပါရန်

(၁၁-၇-၂၀၂၀)ရက်တွင် ကြေးမုံသတင်းစာ၏ စာမျက်နှာ (၂၃)၊ ဒေါ်ချိုချိုဦး၏ အများသိစေရန်ကြော်ငြာမှ ဒုတိယစာပိုဒ်တွင် ဘိုးဘွားပိုင် မြေဟုများယွင်းဖော်ပြမိပါသဖြင့် ဂရန်မြေဟု ပြင်ဆင်ဖတ်ရှုပါရန်။

အများသိစေရန်

မနေနီနန်းနိုင်(ခ) ဖာတွေမာဘီ [၁၂/မဂတ(နိုင်)၀၉၁၂၆၄]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မနေနီနန်းနိုင်(ခ)ဖာတွေမာဘီသည် ဦးဆန်နီစိန်(ခ) မိုဟာမက်ဇီရှား [၁၂/ပဘတ(နိုင်)၀၀၂၁၃၁]နှင့်အိမ်ထောင်ရေးအဆင်မပြေမှုများကြောင့် လုံးဝပေါင်းသင်းလိုခြင်းမရှိတော့၍ အစ္စလာမ့်တရားတော်နှင့်အညီ ဖသဝ်(ခမ္မသတ်)ဆုံးဖြတ်ချက်အရ (၁၃-၇-၂၀၂၀)ရက်မှစ၍ ခင်ပွန်းအဖြစ်မှ အပြီးအပြတ်စွန့်လွှတ်ပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ**
မနေနီနန်းနိုင်(ခ) ဖာတွေမာဘီ	**ဦးမြတ်သန်းဦး**
[၁၂/မဂတ(နိုင်)၀၉၁၂၆၄]	**B.A(Eco:) H.G.P,D.A(1)**
	အထက်တန်းရှေ့နေ(စဉ်-၁၀၂၂၀)
	ဖုန်း-၀၉-၂၆၂၇၅၂၆၂၅

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၈၈)ဈေး၊ ရုံအမှတ်(င)၊ ဆိုင်ခန်းအမှတ်(၁၁,၁၂) ဆိုင်အငှားချထားခံရသူ ဒေါ်မျိုးမမ[၁၂/ဒဂမ(နိုင်)၀၁၂၉၁၀]၏ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အမှတ်(E-၆၆၅၄၅၊ E-၆၆၅၄၆) ပျောက်ဆုံးသွား၍ မိတ္တူမှန် ထုတ်ယူခွင့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဈေးများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၉-၉၇၅၃၇၇၉၅၂

အများသိစေရန်ကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂K)၊ မြေကွက်အမှတ်(ပဋ္ဌမတန်းစား- ၃၉)၊ ဧရိယာ(၁၄၉၀) စတုရန်းပေ=၀.၀၃၄ဧက၊ မြေကွက်တည်နေရာအမှတ်(၅၈)၊ ၉၂-လမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် {မောင်အုန်း၊ မောင်လှကျော်၊ မောင်အောင်မြင့်နှင့် မသန်းစိန်} အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက်များထံမှ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၇၃၂၂/၂၀၁၉ (၁၉-၉-၁၉)အရ ဒေါ်သန်းစိန်၊ ဦးလှဝင်း၊ ဒေါ်မြသန်း၊ ဦးလှထွန်း၊ ဒေါ်စိန်စိန်တို့မှ ပိုင်ဆိုင်လာပြီး ၎င်းထံမှ GP ၁၈၆၅၁/၁၄(၉-၇-၂၀၁၄)၊ GP ၁၂၂/၁၄(၁၄-၇-၂၀၁၄)၊ GP ၁၈၆၅၀/၁၄(၉-၇-၂၀၁၄)တို့ဖြင့်ရရှိသူ ဦးသန်းနိုင်[၁၂/မဂတ(နိုင်)၀၄၆၃၇၇]မှ ဂရန်ပျောက်ဆုံးကြောင်း သက်ဆိုင်ရာရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ကျမ်းကျိန်လွှာ၊ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၇၃၂၂/၂၀၁၉(၁၉-၉-၁၉)၊ GP ၁၈၆၅၁/၁၄(၉-၇-၂၀၁၄)၊ GP ၁၂၂/၁၄(၁၄-၇-၂၀၁၄)နှင့် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ GP ၁၈၆၅၀/၁၄(၉-၇-၂၀၁၄)မိတ္တူမှန်တို့ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူမှန်ထုတ်ပေးမည်ဖြစ်၍ မူလထုတ်ပေးထားသည့် အမှုတွဲအမှတ်-C.T ၃၄/၃၉(၁၁-၁-၄၀)ဖြင့် မောင်အုန်း၊ မောင်လှကျော်၊ မောင်အောင်မြင့်နှင့် မသန်းစိန်အမည်ပေါက် နှစ်(၉၀)မြေငှားစာချုပ်ဂရန်မူရင်းအား ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

[illegible]

စဉ်	အရောင်းသူ		အရောက်ထားသူ						အရောင်းအဝယ်
	အမည်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃။ ယာဉ်မောင်း(၅)ရာထူးသို့ လျှောက်ထားသည့် သတ်မှတ်ချက်နှင့် ကိုက်ညီသူများအား လက်တွေ့လုပ်ငန်းကျွမ်းကျင်မှုစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင်လည်းကောင်း၊ လုပ်သားရာထူးများသို့ လျှောက်ထားသည့် သတ်မှတ်ချက်နှင့် ကိုက်ညီသူများအား လူတွေ့စစ်ဆေးခြင်းကို မိမိတို့ လျှောက်လွှာတွင် ဖော်ပြထားသော လိပ်စာနှင့် နီးစပ်ရာ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ပြည်နယ်/တိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများတွင် ၂၃-၇-၂၀၂၀ရက်နေ့ နံနက်(၁၀:၀၀)နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၄။ ရေးဖြေစာမေးပွဲဖြေဆိုခွင့်ရရှိသူများ၏ အမည်စာရင်း၊ ယာဉ်မောင်း(၅)နှင့် လုပ်သားရာထူးများအတွက် လူတွေ့ဖြေဆိုရမည့် ပြည်နယ်/တိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများကို Website>>https://energy.gov.mm/၊Facebook Page>>www.facebook.com/info.pprdတို့တွင် ကြေညာသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ဖုန်းနံပါတ် ၀၆၇-၃၄၁၁၄၈၅/၃၄၁၁၂၈၅/၃၄၁၁၄၉၀သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများ၏ အမည်စာရင်းကို အထက်ပါ Website နှင့် facebook Page များတွင် ထုတ်ပြန်ကြေညာသွားပါမည်။

ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကုသရေးဦးစီးဌာန

ကုသရေးဦးစီးဌာနလက်အောက်တွင် လစ်လပ်လျက်ရှိသော ဆေးဘက်ဆိုင်ရာကျွမ်းကျင်(၂) (ဓာတ်ခွဲ)လစာနှုန်း (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်စွက်ခန့်ထားနိုင်ရန် လျှောက်လွှာခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာနလက်အောက်ရှိ ဗဟိုအဆင့် ဆေးရုံကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ် လက်အောက်ရှိ ဆေးရုံကြီးများတွင် ဆေးဘက်ဆိုင်ရာကျွမ်းကျင်(၂)(ဓာတ်ခွဲ)လစာနှုန်း(၂၁၆၀၀၀- ၂၀၀၀-၂၂၆၀၀၀)ရာထူးနေရာ (၁၄၃)နေရာ လစ်လပ်လျက်ရှိပါသည်။

၂။ ယင်းလစ်လပ်နေရာများတွင် ခန့်ထားရန်အတွက် အောက်ပါသတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသောသူများသည် လျှောက်ထားနိုင်ပါသည်-

- (က) လျှောက်ထားသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဂ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်(Dismiss)ခြင်း၊ ထုတ်ပယ်(Remove)ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာ ပယ်ဖျက်ခြင်းခံထားရသူများလျှောက်ထားခွင့်မရှိပါ။
- (ဃ) လျှောက်ထားသူများသည် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်/မန္တလေး)မှ B.Med.Tech ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

၃။ လျှောက်ထားသူသည် အောက်ပါအချက်အလက်များကို ပြည့်စုံစွာပူးတွဲပေးပို့ရမည်-

- (က) ဘွဲ့လက်မှတ်မိတ္တူ၊ ယာယီဘွဲ့လက်မှတ်နှင့် အမှတ်စာရင်းမိတ္တူ ပူးတွဲတင်ပြရမည်၊
- (ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရမည်၊
- (ဂ) တာဝန်ကျရာ မည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိပြုလွှာ ပူးတွဲတင်ပြရမည်၊
- (ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းတို့မှ ထောက်ခံချက်မူရင်း ပူးတွဲတင်ပြရမည်၊
- (င) ကျန်းမာရေးကောင်းမွန်ကြောင်း၊ ကိုယ်ရောစိတ်ပါကျန်းမာကြောင်း၊ သက်ဆိုင်ရာမြို့နယ်ရှိ ကုသရေးဦးစီးဌာနမှူး၏ ဆေးထောက်ခံစာ (မူရင်း)၊
- (စ) လျှောက်လွှာနှင့်အတူ လွန်ခဲ့သည့် (၁)လအတွင်းရိုက်ကူးထားသော ပတ်စပို့အရွယ်အစား ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရပါမည်၊
- (ဆ) လျှောက်ထားသူ၏ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ် တို့အား တိကျစွာ ရေးသားဖော်ပြပေးရပါမည်။
- (ဇ) လျှောက်ထားသူသည် မိမိ၏ကိုယ်ရေးမှတ်တမ်းကို ပြည့်စုံစွာဖော်ပြပေးရပါမည်၊
- (ဈ) လျှောက်ထားသူသည် အလုပ်သမားမှတ်ပုံတင်မူရင်း ပူးတွဲတင်ပြရမည်။

၄။ လစ်လပ်ရာထူးနေရာများတွင် ဆေးဘက်ဆိုင်ရာကျွမ်းကျင်(၂)(ဓာတ်ခွဲ)များအဖြစ် ခန့်ထားခြင်း ခံရသူများသည် တာဝန်ချထားရာ ဆေးရုံ/ဌာနအသီးသီး၌ နိုင်ငံ့တာဝန်အား အနည်းဆုံး (၃)နှစ်တိတိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး၊ တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက သတ်မှတ်ထားသောလျော်ကြေးငွေကျပ်(၄)သိန်းတိတိကို ပေးလျော်ရမည်။

၅။ လျှောက်လွှာများအား (၁၄-၈-၂၀၂၀)ရက်(၁၆:၀၀)နာရီနောက်ဆုံးထား၍ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ကုသရေးဦးစီးဌာန၊ ၃၅-မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့သို့လိပ်မူ၍ ပေးပို့ရမည်ဖြစ်ပါသည်။

(သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ)

(၆) လျှောက်ထားသူများသည် (၁၄-၉-၂၀၂၀)ရက်တွင် စီမံကိန်းဌာနစိတ်၊ ကုသရေးဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ မပျက်မကွက် လူကိုယ်တိုင် လာရောက် သတင်းပို့ရပါမည်။

၇။ လျှောက်ထားသူများသည် (၁၅-၉-၂၀၂၀)ရက်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်၌ ရေးဖြေကျွမ်းကျင် ဘာသာရပ်(၁)နာရီနှင့် အင်္ဂလိပ်စာဘာသာရပ် (၁)နာရီ ဖြေဆိုရမည်ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများစာရင်းကို (၁၆-၉-၂၀၂၀)ရက်တွင် ထုတ်ပြန် ကြေညာမည်ဖြစ်ပါသည်။

၈။ ရေးဖြေအောင်မြင်သူများကို (၁၇-၉-၂၀၂၀)ရက် နံနက်(၉:၀၀)နာရီမှစ၍ လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးခြင်း လာရောက်ဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်း (သို့မဟုတ်) ဘွဲ့ထောက်ခံချက်၊ ယာယီဘွဲ့လက်မှတ်မူရင်း၊ အမှတ်စာရင်းမူရင်း၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်းများကို ယူဆောင်လာရပါမည်။ ရေးဖြေနှင့် လူတွေ့ စစ်ဆေးမှုအတွက် သီးခြားအကြောင်းကြားစာ ပေးပို့မည်မဟုတ်ပါ။

၉။ အသေးစိတ်သိရှိလိုသည်များကို (စီမံကိန်းဌာနစိတ်၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်၊ ဖုန်းနံပါတ် ၀၆၇-၃-၄၁၁၁၆၃)နှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ဖုန်းနံပါတ် ၀၁-၈၃၇၁၉၅၇သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

၁၀။ သတ်မှတ်ချက်နှင့် မကိုက်ညီ၊ မပြည့်စုံသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။ **ကုသရေးဦးစီးဌာန**

ရွှေမွန်းပုလဲ

အကြောပြေ လိမ်းဆေးဆီ

လေဖြတ်၊ လေထန်၊ ဒူးနာ၊ ခါးနာ၊ အဆစ်အမျက်နာကျင်ကိုက်ခဲခြင်း၊ ကြီးပေါင်းတက်ခြင်းများအတွက် အစွမ်းထက် မြန်မာတိုင်းရင်းဆေး

[illegible]

ဖိန့်ငါးလုံး အကျိတ်အဖုလိမ်းဆေး

[illegible]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းအမှတ်(သကတ-၁)၊ စေတီယာဥ်(၂)လမ်း၊ မြေကွက်အမှတ်(၃၅၁/ခ)၊ အကျယ်အဝန်း(၂၀ပေ×၆၀ပေ)အကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်မြေအမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းဝင်း (၁၂/ဗဟန(နိုင်)၀၅၁၄၇၁)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် အတွက်စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လွှဲအပ်ချက်အရ - **ဒေါ်ခင်မာထွေး L.L.B, WIPO (Switzerland)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၅၄) (Ph:09-449016875,09-454530090)
အမှတ်(၁၇၂)ချယ်ရီလမ်း(၁၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ khinmarhtwe779@gmail.com

---

" ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ "

ရန်ကုန်တိုင်းဒေသကြီး၊ [illegible] Pinlon Estate [illegible]

[illegible]

လွှဲအပ်ချက်အရ [illegible]

ဒေါ်[illegible] (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်- [illegible])
[illegible]

ပုလဲမြို့သစ် မြေကွက်ရောင်းမည်

[illegible]

09-43021002

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ နှင်းဆီလမ်း၊ မင်္ဂလာမြို့တော်အိမ်ရာစီမံကိန်း၊ တိုက်အမှတ်(C-4)(၂)ခန်းတွဲ(၅)ထပ်တိုက်၏ ဒုတိယထပ် အခန်းအမှတ်(201)တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

[illegible]

(လွှဲအပ်ညွှန်ကြားချက်အရ)

ဦးသန့်ခင် (LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၅၈၀)
Ph-09 253995848 , 09-798420119

ဒေါ်ဟန်နွေနိုင်(LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၂၅၄)
Ph-09-4200 73685

အမှတ်(၅၀) ပ-ထပ်၊ အခန်း(D-2)၊ [illegible] ရန်ကုန်မြို့

ကျွန်းချက်ပုံ
မြန်မာ့တိုင်းရင်း ဆေးဖက်ဝင် စစ်မှန်သော ပဒေသာ ပစ္စည်းများဖြင့်
စိန်ဘယက် ငန်းနီကျော်
ဗိန်ဘယက် ငန်းနီကျော်

သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း
အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
အမှတ် (၅၂/၆၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
(၂၇) ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာနှစ်ပတ်လည် အစည်းအဝေးအား
Online စနစ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ (၂၇) ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကြီးကို COVID-19 ဗိုင်းရပ်စ်ပိုး ပျံ့နှံ့မှုအား တားဆီးနိုင်ရန်အတွက် လူမှုရေးအကွာအဝေး လမ်းညွှန်ချက်များနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ အာဏာပိုင်များ၏ လမ်းညွှန်ချက်များနှင့်အညီ Online အသုံးပြုပြီး ၈-၈-၂၀၂၀ ရက်၊ နံနက် (၁၀:၀၀) နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ သိရှိနိုင်ပါရန် လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

- ကျင်းပမည့်နေ့ရက် - ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၈ ရက် (စနေနေ့)
- ကျင်းပမည့်အချိန် - နံနက် ၁၀:၀၀ နာရီ
- ကျင်းပမည့်ပုံစံ - ZOOM Application

၂။ အစုရှယ်ယာရှင်များအနေဖြင့် Online အသုံးပြု၍ အစည်းအဝေးတက်ရောက်နိုင်ရန်အတွက် သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ Email လိပ်စာ fjv.md2013@gmail.com သို့ ရှယ်ယာရှင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် အစုရှယ်ယာလက်မှတ်အမှတ် (Certificate ID)၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့အား ဖော်ပြလျက် ၂၈-၇-၂၀၂၀ ရက် (အင်္ဂါနေ့) ညနေ (၄:၃၀)နာရီ နောက်ဆုံးထားပြီး ပေးပို့ရန် လိုအပ်ပါမည်။

၃။ အစုရှယ်ယာရှင်များအနေဖြင့် အကြံပြုချက်/မေးမြန်းလိုသည့် အချက်များရှိပါက ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၁ ရက် (သောကြာနေ့) ညနေ (၄:၃၀) နာရီနောက်ဆုံးထားပြီး ကုမ္ပဏီသို့ စာဖြင့်သော်လည်းကောင်း၊ Email လိပ်စာသို့လည်းကောင်း ရေးသားပေးပို့နိုင်ပါသည်။

ဒါရိုက်တာအဖွဲ့
သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း
အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

[illegible]

(LL.B) (LL.B,D.D.L) (LL.B,D.B.L) (LL.B)

အမှတ်(၁)၊ ဝင်းရွှေဥယျာဉ်လမ်း၊ (ILBC ကျောင်းအနီး)၊ ဘားအံမြို့နယ်၊ ရန်ကုန်။
E.mail : saikhungnoung1995@gmail.com

တုနံအမှတ်တံဆိပ်အသိပေးကြေညာခြင်း

[illegible]

Win CHERRY
Flavour
PURIFIED DRINKING WATER

[illegible]

ဒေါ်နေခြည်ဦး (LL.B)

ကန့်ကွက်နိုင်သည်

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ
ဦး[illegible] (LL.B)

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ၈/ဒက္ခိဏသီရိအလယ်ရပ်၊ ဒက္ခိဏသီရိရပ်ကွက်၊ ရွှေသပြေ (၇)လမ်း၊ မြေကွက်အမှတ် (ဒ-၃၀၄၇၅) အကျယ်အဝန်း ပေ (၈၀x၈၀)၊ ဧရိယာ (၀.၁၄၆) ဧကရှိ မြေကွက်အား နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် နှစ် (၃၀)ဂရန် အမည်ပေါက်ရရှိထားသူ ဦးရဲတင့် [၁၂/ဗတထ(နိုင်)၀၂၀၆၀၀]ထံမှ ကျွန်တော်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဇင်မင်းထိုက် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၂၁/၁၆)
ပုရွက်ဆိတ်ကုန်းရွာ၊ ပျဉ်းမနားမြို့။ ဖုန်း-၀၉-၄၃၀၄၅၉၁၁

အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်း၀-၁၉(ခ)လမ်း၊ အမှတ်(၆၃၄)ဟုခေါ်တွင်သော အကျယ်အဝန်း(၁၈'x၅၄') ရှိ ၆-လွှာ တိုက်ခန်းနှင့်အကျိုးခံစားခွင့် အရပ်ရပ်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ လက်ဝယ်တရားပိုင်ဆိုင်အကျိုးခံစားလျက် ရောင်းချခွင့်ရှိသည်ဟုအဆိုပြုသူ ဒေါ်အေးမြင့် (၁၂/ဥကတ(နိုင်)၀၂၄၀၃၀) ထံမှ ဝယ်ယူရန်အတွက် ရောင်းဘိုး ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၃)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်ခင်မာဆွေ (LL.M)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၀၉၈)
အခန်းအမှတ် (၁၀၃/အေ+ဘီ)၊ တိုက်အမှတ် (၉/၁၀) ဥဘ-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၀၃၀၈၉၇၄

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ သစ္စာလမ်းမကြီး၊ စစ်မှုထမ်းဟောင်းတိုက်၊ အခန်း(A-3)၊ မြေညီဟုခေါ်တွင်သော တိုက်ခန်းတစ်ခန်း၊ ၎င်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါက်တာ ဒေါ်ဝင်းဝင်းမြင့်[၁၂/ဥကတ(နိုင်)၀၄၆၇၇၀]၊ (GBK ၀၀၆၆၇၁)ကိုင်ဆောင်သူမှ ဦးအောင်ဝင်း[၈/မလန(နိုင်)၀၂၅၅၆၈]ထံမှ (၇-၁၂-၂၀၁၉)ရက်စွဲပါ စာချုပ်ဖြင့် ဝယ်ယူထားကြောင်း၊ ယင်းဝယ်ယူထားသည့် စာချုပ်တစ်စုံတည်းသာရှိကြောင်း ဖော်ပြလျက် ၎င်းအနေဖြင့် မိမိဝယ်ယူပိုင်ဆိုင်ထားသော တိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိကြောင်း ဖော်ပြလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်သဘောတူညီကြသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထား ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ၊ ကန့်ကွက်လိုသူရှိပါက ဤကြေညာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင့်အောင်(LL.B,D.M.L,D.B.L)
အထက်တန်းရှေ့နေ(စဉ်-၂၅၄၈၆)
အမှတ်(၁၀၇၄)၊ အောင်သိဒ္ဓိလမ်း၊ (၁၂)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-09-420172811

ဒေါ်အေးစန္ဒာနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ Tun Tauk Kyal Yankin Real Estate Co.,Ltd ကုမ္ပဏီမှတ်ပုံတင်အမှတ်(125150411)၏ ဒါရိုက်တာဖြစ်သူ ဒေါ်တိုးတိုး(ခ) ဒေါ်အေးအေးမော်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကုမ္ပဏီ၏ဝန်ထမ်းလိုအပ်ချက်အရ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း MRESA (ရန်ကင်း)မြို့နယ်၏ အသင်းသူဖြစ်သူ ဒေါ်အေးစန္ဒာ(အသင်းဝင်အမှတ်-၅၆၈၄) တိုက်(၁၁၆)၊ အခန်း(၃)၊ ရန်ကင်းလမ်းသွယ်(၁၃)၊ (၁)ရပ်ကွက်တွင် နေထိုင်သူအား စာရေးမအဖြစ် ခန့်အပ်ခဲ့ပြီး ကုမ္ပဏီ၏လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများအား သိရှိစေရန် သင်ကြားပေး၍ လစာအပြင် အကျိုးအမြတ်ကိုပါခံစားစေခဲ့ပါသည်။ ကုမ္ပဏီသို့ ရောင်းချရန်၊ ငှားရမ်းရန် အပ်နှံထားသော အိမ်ခြံမြေ၊ တိုက်ခန်းစာရင်းအချက်အလက်များကိုလည်း သိရှိထားသူ တစ်ဦးလည်းဖြစ်ပါသည်။ (၂၃-၃-၂၀၂၀)ရက်မှစ၍ Covid-19 ရောဂါအခြေအနေများကြောင့် ကုမ္ပဏီသို့ မလာရောက်တော့ဘဲ ယခုလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ရာတွင် လာရောက်မလုပ်လိုတော့ကြောင်း ၎င်းဘာသာလုပ်ကိုင်တော့မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကုမ္ပဏီနှင့်ပတ်သက်ဆက်နွယ်သော အချက်အလက်များ၊ သူမနှင့်မူလက သိကျွမ်းခဲ့ခြင်းမရှိခဲ့ဘဲ ကုမ္ပဏီတာဝန်ဖြင့် လုပ်ဆောင်ခိုင်း၍ သိခဲ့ရသော ဖုန်းနံပါတ်များ၊ Facebook Acc များ၊ ကုမ္ပဏီ၏ အချက်အလက်များကို အသုံးပြု၍ Customer များနှင့် ဆက်သွယ်ကာ မလုပ်ဆောင်ပါရန်နှင့် Tun Tauk Kyal Yankin Real Estate Co., Ltd သို့ အပ်နှံထားသောလုပ်ငန်းကိစ္စအဝဝသည် ဒေါ်အေးစန္ဒာနှင့်မည်သို့မျှ မသက်ဆိုင်ပါကြောင်း ဒေါ်အေးစန္ဒာနှင့်ပတ်သက်ဆက်နွယ်၍ ပေါ်ပေါက်လာသောပြဿနာအရှုပ်အရှင်းတစ်စုံတစ်ရာသည်လည်း Tun Tauk Kyal Yankin Real Estate Co., Ltd နှင့်မည်သို့မျှ မသက်ဆိုင်ပါကြောင်း ဒေါ်အေးစန္ဒာနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်လေးမြိုင်(LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၃၀၁)
အမှတ်-၆၂၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၀၁၇၆၁၃၄၊ ၀၉-၇၉၁၂၃၃၀၁၆

ဖောင်းကြွပျောက်ဆုံး လျှောက်ထားခြင်း

ယာဉ်အမှတ် 3K/2841 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ရွာသာကြီး

ခင်ဘုန်းရွှေ (B.A English)
၉တန်း၊၁၀တန်း(မြန်မာ၊Eng,Bio)
အိမ်လိုက်သင်သည်၊
မေးခွန်းဟောင်းများလေ့ကျင့်ပေးသည်၊
09-5506737,01-376849

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/ရွှေအင်ကြင်းရပ်)၊ မြေကွက်အမှတ် (ဒ-၁၆၄)၊ မြေဧရိယာ(၀.၀၈၂)ဧကရှိ ဦးဇော်ဝင်းလွင်(ဘ)ဦးကျော်ဝင်း[၉/လဝန(နိုင်)၀၀၄၀၃၀] အမည်ပေါက်ပါမစ်မြေကွက်ကို ဒေါ်မြတ်လှဝေ(ဘ)ဦးစိန်လွင်[၁၂/ရကန(နိုင်)၀၁၄၂၇၈]မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦး သဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ

[illegible]

ရန်ကုန်မြို့ပြ အများပြည်သူသယ်ယူပို့ဆောင်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

"အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း"

၁။ ရန်ကုန်မြို့ပြအများပြည်သူသယ်ယူပို့ဆောင်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် မော်တော်ယာဉ်သုံး **11.00 R. 22.5** တာယာ (၁၀၀၀)လုံး ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းများကို (၁၅-၇-၂၀၂၀)ရက်နေ့မှစ၍ (၉:၃၀နာရီမှ ၁၆:၃၀ နာရီ) ရုံးချိန်အတွင်း တင်ဒါပုံစံ (၁)စောင်လျှင် ငွေကျပ် ၁၀၀၀၀/-ဖြင့် **ရန်ကုန်မြို့ပြအများပြည်သူသယ်ယူပို့ဆောင်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(YUPT Public Co.,Ltd.)အမှတ်(၂၉၆)၊ သံသုမာလမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**တွင် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းရမည့် ကုမ္ပဏီများသည် တင်ဒါအဆိုပြုလွှာ အပြည့်အစုံကို (၈-၈-၂၀၂၀)ရက်နေ့ ၁၂:၀၀ နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါနှင့် သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်များရှိပါက တယ်လီဖုန်းအမှတ် ၀၉-၄၂၅၀၂၂၀၃၁၊ ၀၉-၅၀၆၅၃၇၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရန်ကုန်မြို့ပြ အများပြည်သူသယ်ယူပို့ဆောင်ရေး
အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

သစ်
တော
မှန်
လျှင်
အသုံး
ဝင်
အစဉ်
ထာ
ဝ
ရ
ထိန်း
သိမ်း
ကြ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ပြည်သူ့ရပ်ကွက်(၂) လမ်း၊ အမှတ်(၁၀)၊ ပထမထပ်(က)၊ ဧရိယာ(အလျား ၁၂ ၁/၂ ပေxအနံ ၄၈ပေ)ရှိ တိုက်ခန်း နှင့်တကွ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်ပပလွင် [၁၂/မရက(နိုင်)၀၄၄၃၅၃] ထံမှ ကျွန်ုပ် ၏ မိတ်ဆွေဖြစ်သော ဒေါ်မြမူယာထွန်း [၉/မရမ(နိုင်)၀၀၁၄၇၅] က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အထိ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင် ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်မြမူယာထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ချောသန္တာလွင်
အထက်တန်းရှေ့နေ (စဉ်-၂၉၃၃၄)
Ph-09-8306247, 09-793900286
No.35, Second Floor, 15 Quarter, Than Thu Mar Road,
South Okkalapa Township, Yangon.

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆)၊ မြေကွက်အမှတ်(၄၀၂/က)၊ အကျယ်အဝန်းပေ(၂၀x၆၀)ရှိ ဦးသောင်းညွန့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်း လာသူ ၁။ ဦးသန့်ဇင်ဦး [၁၀/မဒန(နိုင်)၀၂၉၅၅၅]၊ ၂။ ဦးခင်အောင်[၁၂/ကတတ(နိုင်)၀၀၆၃၂၅]တို့ထံမှ အပြီးအပိုင် ဝယ်ယူရန် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်စိမ်းလဲ့ဝတ်ရည်နှင်း
[၁၂/တမန(နိုင်)၁၁၂၈၅၆]
ဖုန်း-၀၉-၇၉၉၉၇၀၃၁၅

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂-စက်မှု၊ မြေကွက်အမှတ်-၉၂/က၊ ဧရိယာ(၁.၉၉၈)ဧကရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်-၉၂/ခ နှင့်ကပ်လျက် မျက်နှာစာအကျယ် ၁၄၀ ပေx ၂၉၇ပေ = ၄၁၅၈၀ စတုရန်းပေရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်သူ သတ္တုဗေဒအင်ဂျင် နီယာနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်[အမျိုးသားမှတ်ပုံတင် အမှတ်-ဥ-၃-စလ၊ ရွှေပြည်သာ(၂၂-၇-၁၉၉၃)]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်အတွက် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်း မူရင်းများဖြင့် ဤကြေညာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်လှတင်(LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၄၅)
အမှတ်-၈၅(မြေညီထပ်)၊ ၃၇-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၉၂၀၉၀၊ ၀၁-၅၇၂၆၈၁ H.P-၀၉-၅၀၂၁၂၄၄

သစ်ပင်စိုက်မှ အရိပ်ရ၏၊ ရိပ်ခိုနားနေ အပန်းပြေ၏

ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဦးလှအောင်

နိုင်ငံတော်ရှေ့နေချုပ် (ငြိမ်း)

အသက် (၉၇) နှစ်

မြန်မာနိုင်ငံအငြိမ်းစားဥပဒေအရာရှိများအသင်း၏ ကန်တော့ခံ ပါမောက္ခဆရာကြီး ဦးလှအောင် (နိုင်ငံတော်ရှေ့နေချုပ်-ငြိမ်း)သည် ၁၄-၇-၂၀၂၀ ရက် နံနက် ၄:၁၅ နာရီတွင် ပန်းလှိုင်အင်တာနေရှင်နယ် ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံအငြိမ်းစားဥပဒေအရာရှိများအသင်း

ဝမ်းနည်းကြေကွဲခြင်း

တော်ကျင်ဝိတ် (ခ) ဦးဝိတ်

အသက် (၉၂) နှစ်

သူငယ်ချင်း ကိုကျော်စိုး၏ဖခင် တော်ကျင်ဝိတ်(ခ)ဦးဝိတ်သည် ၁၂-၇-၂၀၂၀ ရက်တွင် မော်လမြိုင်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

RIT ၁၉၈၅ ခုနှစ် မြို့ပြအင်ဂျင်နီယာ
ကျောင်းဆင်းသူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကြည်ကြည်စိမ်း (လော)

အသက် (၈၁) နှစ်

ပါမောက္ခ ဒေါက်တာစပယ်ဖြူ(အပူပိုင်းနှင့် ကူးစက်ရောဂါပညာဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်၊ ဝေဘာဂီ အထူးကုဆေးရုံကြီး)၏မိခင် ဒေါ်ကြည်ကြည်စိမ်း အသက် (၈၁) နှစ်သည် ၁၀-၇-၂၀၂၀ ရက် နံနက် ၁၀:၁၀ နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အမှုဆောင်အဖွဲ့
Internal Medicine Society

ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တိုင်းဒေသကြီး၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်၌
၂၀၂၀ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၀

ဒေါ်ရွှေကြာ နှင့် ဦးအောင်မျိုးမင်း
(တရားလို) **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ အမှတ်(၅၉)နေ ဦးအောင်မျိုးမင်း (ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ကတိပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ (၂၂) ရက် (၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ (၁၀) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကျော်ဝဏ္ဏ)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် [illegible]

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ် [illegible] (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၂၄၈၇)
ဖုန်း-၀၉ [illegible]

ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်လှခင်

အသက် (၉၄) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ဗဟန်း(၃)လမ်း၊ အမှတ်(၁၇)နေ (ဦးသိန်းတန်)၏ဇနီး၊ ဒေါ်မြင့်မြင့်သန်း(အကြီးတန်းအထွေထွေမန်နေဂျာ၊ အသေးစားနှင့်အလတ်စား လုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်)၊ (ဦးမောင်မောင်သန်း)၊ ဦးခင်ဇော်သိန်း-ဒေါ်ခင်သန်းသန်းနု(ဇဋ္ဌိလ-ပိဋကတ်စာပေဖြန့်ချိရေးဈေး)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ကိုဟိန်းထွဋ်ဇော်၊ ကိုမင်းခန့်သော်တို့၏အဘွား ဒေါ်လှခင် အသက် (၉၄)နှစ်သည် ၁၃-၇-၂၀၂၀ (တနင်္လာနေ့) ည ၁၁:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာဇေယျာညွန့်
ဒု-ဥက္ကဋ္ဌ၊ အမှုဆောင်အရာရှိချုပ်
အသေးစားနှင့် အလတ်စား လုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်
အဖွဲ့ဝင်၊ ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ
အဖွဲ့ဝင်၊ အငယ်စား-အသေးစားနှင့် အလတ်စား
စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်လှခင်

အသက် (၉၄) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ဗဟန်း(၃)လမ်း၊ အမှတ်(၁၇)နေ (ဦးသိန်းတန်)၏ဇနီး၊ ဒေါ်မြင့်မြင့်သန်း(အကြီးတန်းအထွေထွေမန်နေဂျာ၊ အသေးစားနှင့်အလတ်စား လုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်)၊ (ဦးမောင်မောင်သန်း)၊ ဦးခင်ဇော်သိန်း-ဒေါ်ခင်သန်းသန်းနု(ဇဋ္ဌိလ-ပိဋကတ်စာပေဖြန့်ချိရေးဈေး)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ကိုဟိန်းထွဋ်ဇော်၊ ကိုမင်းခန့်သော်တို့၏အဘွား ဒေါ်လှခင် အသက် (၉၄)နှစ်သည် ၁၃-၇-၂၀၂၀ (တနင်္လာနေ့) ည ၁၁:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနမှူးများ
ဘဏ်ဝန်ထမ်းမိသားစုများ
အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ငွေး

အသက် (၈၆) နှစ်

ပါမောက္ခဒေါက်တာအေးအေးချစ်(ဒု-ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်၊ မန္တလေး)၏ဖခင်ကြီး ဦးကျော်ငွေးသည် ၂၆-၆-၂၀၂၀ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အမှုဆောင်အဖွဲ့
Internal Medicine Society

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- [illegible]

[illegible]

ကြော်ငြာစာ

အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၂၀ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-(၃)
ကွယ်လွန်သူ ဒေါ်တင်စန်း၏ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ဦးဖိုးနီ **လျှောက်ထားသူ**
ခနကွက်သစ်လမ်း၊ ဒါးပိန်တောင်ကျေးရွာအုပ်စု
လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဒါးပိန်တောင်ကျေးရွာအုပ်စု၊ ခနကွက်သစ်လမ်းတွင် နေထိုင် ခဲ့သော ကွယ်လွန်သူ ဒေါ်တင်စန်း၏ကျန်ရှိရစ်သော ပစ္စည်းနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်း ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဒါးပိန်တောင်ကျေးရွာအုပ်စု၊ ခနကွက်သစ်လမ်းနေ ဦးဖိုးနီမှ အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၈)ရက်၊(၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်)တွင် ကြားနာရန် ချိန်းဆိုထားသောကြောင့် ထိုကွယ်လွန်သူ ဒေါ်တင်စန်း၏ ကျန်ရှိရစ်သောပစ္စည်းတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်ဟု အဆိုရှိသူတို့သည် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၈)ရက်၊ (၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ရက်) နံနက် (၁၀:၀၀) နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့နည်းလမ်းတကျ လွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း၊ လာရောက်အမှုရင်ဆိုင်ရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ သက်ဆိုင်ရာအမှုတွဲအားကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သောလျှောက်ထားသူ ဦးဖိုးနီ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၁၄)ရက်နေ့၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်သီတာထွန်း)
ဒုတိယခရိုင်တရားသူကြီး (၉)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

ဝမ်းနည်းကြေကွဲခြင်း

ဦးဝင်းညွှန့်ဦး

ဒုတိယညွှန်ကြားရေးမှူး

အသက် (၅၀)

ဦးဝင်းညွှန့်ဦး (ဒုတိယညွှန်ကြားရေးမှူး၊ ပြည်ထောင်စုဝန်ကြီးရုံး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန) အသက် (၅၀)သည် ၁၄-၇-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများ
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

ဦးဝင်းညွှန့်ဦး

ဒုတိယညွှန်ကြားရေးမှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန
ဝန်ကြီးရုံး (အလုပ်သမားရေးရာ)

အသက် (၅၀)

နေပြည်တော်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ကံ့ကော်အိမ်ရာ၊ တိုက်(၂၄၄)၊ အခန်း(၂၃)နှင့် ကလေးမြို့၊ အောင်မြေမန်ရပ်ကွက်၊ ဘုရားကြီးလမ်းနေ (ဦးစံထွား-ဒေါ်မြညို)တို့၏သား၊ ဗန်းမော်မြို့မရပ်၊ အမှတ်(၇)နေ ဦးမြင့်ဆွေ-ဒေါ်သန်းသန်းတို့၏သားသမက်၊ ဒေါ်လှဲ့လှဲ့၏ခင်ပွန်းဖြစ်သူ ဦးဝင်းညွှန့်ဦးသည် ၁၄-၇-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၁၆-၇-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် နေပြည်တော်၊ ခုတင်(၁၀၀၀) ဆေးရုံကြီးမှ ကျွဲ့ကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ တိုက်(၂၄၄)၊ အခန်း(၂၃) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးစိုးမြင့်

အသက် (၇၅) နှစ်

ဦးစိုးမြင့် အသက် (၇၅) နှစ်သည် ၂-၇-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သောမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံမွေးမြူရေးဝန်ထမ်းဟောင်းများအသင်း
M.E.L.SA

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ရင်ရင်မေ

တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)

အသက် (၈၄) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ [ဦးခင်မောင်ညို(ညွှန်ကြားရေးမှူး-ငြိမ်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)]၏ ဇနီး၊ (ဦးကျော်ဇေယျ)၊ (ဦးကျော်မင်း)၊ ဦးသီဟ-ဒေါ်မေသန္တာညိုတို့၏မိခင်၊ မောင်းမင်းစွမ်းပြည့်၊ မအိမ့်သံစဉ်ချိုတို့၏ အဘွားသည် ၁၃-၇-၂၀၂၀ (တနင်္လာနေ့) ည ၇:၂၀ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၂၀ (အင်္ဂါနေ့) တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၇-၂၀၂၀ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်လမ်းကျယ်၊ အမှတ်(၆၉)၊ အခန်း(6-A)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးမျိုးဆင့် (၆၄) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀) ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၇၄၃/ခ)နေ (ဦးတင်ရွှေ)-ဒေါ်ညွန့်ညွန့်တင်တို့၏ သား၊ (ဦးအုန်းကြိုင်-ဒေါ်မြင့်ကြည်)တို့၏သားသမက်၊ (ဦးမျိုးတင့်)-ဒေါ်မဋ္ဌူတို့၏ညီ၊ (ဦးစိုးမြင့်)-ဒေါ်ချယ်ရီ၊ ဦးစိုးမောင်-ဒေါ်နွယ်နီတို့၏အစ်ကို၊ ဦးသိန်းဆွေ-ဒေါ်အိလှိုင်၊ ဦးကြည်ဆွေ-ဒေါ်ကြူကြူဇော်တို့၏ညီ၊ ဦးအေးသွင်-ဒေါ်အေးအေးနွယ်၊ ဦးသောင်းဝင်း-(ဒေါ်အေးအေးမာ)၊ ဦးညွန့်နိုင်-ဒေါ်ငွေးငွေးရီတို့၏အစ်ကို၊ ကိုကျော်ဝေလွင်-မအိဇွန်ပွင့်၊ မယုယနှင်းတို့၏ချစ်လှစွာသောမွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်မြင့်မြင့်ကြိုင်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းခန့်ကျော်၏ချစ်လှစွာသောအဘိုးသည် ၁၃-၇-၂၀၂၀ (တနင်္လာနေ့) ည ၇:၄၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၇-၂၀၂၀ (တနင်္ဂနွေနေ့) နံနက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀) ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ် (၇၄၃/ခ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ရတနာတိုး

ရတနာကိုယ်ပိုင်မူလတန်းကျောင်း

အသက် (၄၀)

နောင်ချိုမြို့၊ ဘူတာရပ်၊ အကွက် (၁)၊ နယ်မြေ(၄)နေ ဦးအောင်တိုး-ဆရာမကြီးဒေါ်သန်းသန်းအိ(ထက်/အုပ်-ငြိမ်း)တို့၏ သမီးထွေး၊ ရန်ကုန်မြို့နေ Dr. ခန့်လွင်-ဒေါ်ရွှေစင်တိုး၊ နောင်ချိုမြို့၊ ဘူတာရပ်၊ အကွက်(၁)၊ နယ်မြေ (၄)နေ ဦးဖြိုးဝေအောင်တိုး-ဒေါ်စောယုယုဝင်း (ရတနာမူကြို)၊ ဗိုလ်မှူးအေးချမ်းအောင်တိုး-ဒေါ်ကေဇာလင်းတို့၏ညီမသည် ၁၁-၇-၂၀၂၀ ရက် နံနက် ၁၀:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် နောင်ချိုမြို့ ဗုဒ္ဓဘာသာသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၇-၂၀၂၀ ရက် နံနက် ၈ နာရီတွင် နောင်ချိုမြို့၊ ဘူတာရပ်၊ အကွက် (၁)၊ နယ်မြေ(၄)နေ ဦးအောင်တိုး-ဆရာမကြီး ဒေါ်သန်းသန်းအိတို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘီးလင်းမြို့နယ်အသင်း (ရန်ကုန်)
ရဟန်း၊ ကျောင်း ဒါယကာကြီး

ဒုတိယဗိုလ်မှူးကြီးခင်စိုး(ငြိမ်း)

ကြည်း-၁၀၈၅၆၊ အမှတ်စဉ် (၃၄)
ဥက္ကဋ္ဌ၊ ဘီးလင်းမြို့နယ်အသင်း (ရန်ကုန်)
အသင်းဝင်အမှတ်(၅၀၃)

အသက် (၉၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ ကျေးတမာလမ်း၊ အမှတ်(၂၅၄)နေ ဒေါ်တင်တင်၏ ချစ်လှစွာသော ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးခင်စိုးသည် ၁၂-၇-၂၀၂၀ (တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၂၀ (အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အသိပေး အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဒေါ်တင်မြ (တွံတေး)

အသက် (၈၉) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၁၉)၊ သုံးလွှာ၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်းမြောက်ရပ်ကွက်နေ (ဦးကျင်စိန်)၏ဇနီး၊ (ဦးကျော်အောင်)-ဒေါ်စန်းသော်တာကြိုင်၊ (ဦးမြင့်သိန်း)-ဒေါ်နိုင်နိုင်ဦး(ထ/၄၊ အင်းစိန်-ငြိမ်း)၊ ဒေါ်ချိုချို(အထက-၄၊ အလုံ-ငြိမ်း)၊ ဦးသောင်းလွင် (ဒုခရိုင်တရားသူကြီး-ငြိမ်း)-ဒေါ်သင်းသင်းအေး(မြို့နယ်ဦးစီးအရာရှိ-ငြိမ်း)၊ ဒေါ်စိုးစိုးသန်း (ဆီလီကွန် ကိုယ်ပိုင်အထက်တန်းကျောင်း)၊ ဒေါ်ငွေးငွေးကျင်၊ ဒေါ်သင်းသင်းစိန်၊ ဦးထွန်းလွင်-ဒေါ်အေးအေးမြင့်တို့၏ မွေးသမိခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား ဒေါ်တင်မြသည် ၁၄-၇-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၂၀ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးခင်မောင်မြင့်

ခတ်ခွဲမှူး-ငြိမ်း၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာန

အသက် (၇၉) နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကျောင်းကြီးလမ်း၊ တိုက်(၈၀)၊ အခန်း(A-3)နေ (ဦးမောင်အေး-ဒေါ်ခင်တင်)တို့၏သားငယ်၊ မိုးကောင်းမြို့နေ (ဦးလှဒင်-ဒေါ်တင်တင်)တို့၏သားသမက်၊ ဦးစံဝင်း-ဒေါ်မေသန်း၊ ဦးဖိုးချို၊ ဒေါ်နီနီအောင်၊ ဦးတက်ထွန်း-(ဒေါ်လီလီဝင်း)၊ ဦးသာအောင်-ဒေါ်စိုးစိုးဝင်း၊ ဦးအိုက်တေ့-ဒေါ်အိဖြူ၊ (ဦးအိုက်စံ)-ဒေါ်ဖြူဖြူမာတို့၏ချစ်လှစွာသောအစ်ကို၊ ဗိုလ်မှူးအောင်ဇော်လင်း(ဟုမ္မလင်း)-ဒေါ်နွေးနွေး၊ ဒေါ်ဆွေဇင်လင်း(AGD-Bank)၊ ဦးတေဇာလင်း (Norstar Shipment Co.,Ltd)-ဒေါ်နှင်းပွင့်ဖြူတို့၏ ချစ်လှစွာသောဖခင်၊ တူ/တူမ ၁၃ ယောက်၊ မြေး ခြောက်ယောက်တို့၏အဘိုး၊ ဒေါ်ခင်ဝင်း၏ချစ်လှစွာသောခင်ပွန်းသည် ၁၄-၇-၂၀၂၀ ရက် နံနက် ၃:၃၀ နာရီတွင် နေအိမ်၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၇-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ရင်ကြည်

အသက် (၇၁) နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၅) ရပ်ကွက်၊ နေကြာလမ်း၊ အမှတ် (၃၃၉/ခ)နေ (ဦးမောင်ဖန်-ဒေါ်ငွေထွန်း)တို့၏သမီး၊ (ဦးကျင်မောင်-ဒေါ်မြင့်)တို့၏သမီးချွေးမ၊ ဦးရွှင်အိ၏ ချစ်လှစွာသောဇနီး၊ မအိရွှေစင်၊ ကိုအေးမြတ်မင်း-မယုဇနသောင်း၊ မယုဇင်အိတို့၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်၊ မောင်ကောင်းကင်ထွဋ်-မမေသကြဲန်ကို၊ မောင်ထက်အောင်လျှမ်းတို့၏အဘွား၊ မဇွန်ကောင်းကင်ထက်၏ဘွားဘွားကြီးသည် ၁၄-၇-၂၀၂၀(အင်္ဂါနေ့) နံနက် ၁၀:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသန်းထွန်း

အထက (၂) ဒဂုံ(မြို့မ) ကျောင်းသားဟောင်း

အသက် (၆၆) နှစ်

ရန်ကုန်မြို့နေ (ဦးမောင်အုန်း-ဒေါ်တင်ကြည်)တို့၏သား၊ ဦးအုန်းမောင်-ဒေါ်ခင်အုန်းမော်၊ ဦးထွန်းကြည်-ဒေါ်သင်းသင်းမော်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါး/တောင် ရပ်ကွက်၊ ဆာဖိုးသာခြံ၊ ဥယျာဉ်လမ်း၊ အမှတ်(၄၂) နေ (ဦးသိုက်)-ဒေါ်တင်ရွှေတို့၏ သားသမက်၊ (ဦးတင်အောင်)-ဒေါ်ဥမ္မာတင်၊ ဦးကျော်ဇေယျ-ဒေါ်မြမြအေး၊ ဦးလှမြင့်-ဒေါ်နီလာ၊ ဦးအောင်မြင့်ဦး-ဒေါ်စန္ဒာတို့၏အစ်ကို၊ ဒေါ်မာလာ၏ခင်ပွန်းသည် ၁၄-၇-၂၀၂၀ ရက် နံနက် ၅:၁၀ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကျော်ရဲသွင် (ခ) ဦးကောင်းစံ

အသက် (၆၅) နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ) ရပ်ကွက်၊ (က-၃)လမ်း၊ အမှတ်(၂၁၁)နေ ဦးစိန်ကြည်-ဒေါ်ရှုကြည်တို့၏ သားကြီး၊ ဦးကင်းအောင်-ဒေါ်အေးသိန်းတို့၏ သားသမက်၊ ဒေါ်ခင်မော်ထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ ရွှန်းလဲ့မော်၏ချစ်လှစွာသောဖခင်၊ (ဦးစောအောင်ကြည်)၊ ဦးအောင်ခိုင်၊ ဒေါ်စန်းဝင်းမြင့်တို့၏အစ်ကိုကြီး ဦးကျော်ရဲသွင်(ခ)ဦးကောင်းစံသည် ၁၃-၇-၂၀၂၀ ရက် ည ၁၁:၄၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၂၀ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ဖုကျင့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန် သူအားရည်စူး၍ ၁၉-၇-၂၀၂၀(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ပါမောက္ခ ဦးလှအောင်

နိုင်ငံတော်ရှေ့နေချုပ် (ငြိမ်း)

အသက် (၉၇) နှစ်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နေ (ဦးကိုင်း-ဒေါ်မြခင်)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ်(၁၁၅)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်နေ (ဒေါ်မြမြထွန်း)၏ခင်ပွန်း၊ ပါမောက္ခဒေါက်တာဦးမင်းဇော်ထွန်း (ခွဲစိတ်အထူးကုဆရာဝန်ကြီး)-(ဒေါက်တာသိင်္ဂီအောင်)၊ ဦးစည်သူအောင်(ဒုတိယအင်ဂျင်နီယာချုပ်/သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန)-ဒေါက်တာခင်သီတာရီ(အောင်ခေတ်မင်းရုပ်ရှင်ထုတ်လုပ်ရေး)တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ ဒေါက်တာသိင်္ဂီသက်ပိုင်ထွန်း (လက်ထောက်ဆရာဝန်/ဆေးသုတေသနဦးစီးဌာန)၏ ချစ်လှစွာသောအဘိုး ပါမောက္ခ ဦးလှအောင်သည် ၁၄-၇-၂၀၂၀ (အင်္ဂါနေ့) နံနက် ၄:၁၅ နာရီတွင် ရန်ကုန်မြို့၊ ပန်းလှိုင်အင်တာနေရှင်နယ်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၂၀ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်လှခင်

အသက် (၉၄) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ဗဟန်း(၃)လမ်း၊ အမှတ်(၁၇)နေ (ဦးသိန်းတန်)၏ဇနီး၊ ဒေါ်မြင့်မြင့်သန်း (အကြီးတန်းအထွေထွေမန်နေဂျာ၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်)၊ (ဦးမောင်မောင်သန်း)၊ ဦးခင်ဇော်သိန်း-ဒေါ်ခင်သန်းသန်းနု (ဇမ္ဗူလ-ပိဋကတ် စာပေဖြန့်ချိရေးဈေး)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ကိုဟိန်းထွဋ်ဇော်၊ ကိုမင်းခန့်သော်တို့၏အဘွား ဒေါ်လှခင် အသက် (၉၄)နှစ်သည် ၁၃-၇-၂၀၂၀ (တနင်္လာနေ့) ည ၁၁:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန် သူအားရည်စူး၍ ၁၉-၇-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးခင်မောင်မြင့်

ခတ်ခွဲမှူး-ငြိမ်း၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာန

အသက် (၇၉) နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကျောင်းကြီးလမ်း၊ တိုက်(၈၀)၊ အခန်း(A-3)နေ (ဦးမောင်အေး-ဒေါ်ခင်တင်)တို့၏သားငယ်၊ (ဦးမင်းခိုင်-NHL)-ဒေါ်ကြည် ကြည်တို့၏ ညီ/မောင်၊ [ဦးဟန်စိုး(မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)]-ဒေါ်ခင်နွဲ့အေး (သမဝါယမဦးစီးဌာန-ငြိမ်း)၊ (ဦးရွှေဖြိုး)-ဒေါ်ခင်မြင့်အေးတို့၏ ချစ်လှစွာသောအစ်ကို၊ ဒေါ်ခင်ဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးထင်ပေါ်မင်း-ဒေါ်သင်းသင်းကြည်၊ ဦးထင်ဇော်မင်း-ဒေါ်ချိုချိုလတ်၊ ဦးထင်ကျော်မင်း-ဒေါ်ကေသီနှင်း၊ ဦးမင်းထွဋ်ဝင်း-ဒေါ်မေလှဲ့လှဲ့ဖြိုး၊ ဦးရဲထွဋ်အောင်-ဒေါ်နှင်းလှဲ့လှဲ့ဖြိုး၊ ဦးအေးကိုကိုစိုး(Norstar Shipment Co.,Ltd)-ဒေါ်ဝင်းစန္ဒာလင်း၊ ဒေါ်အေးမြတ်စိုး၊ Dr.စည်သူ အောင်တို့၏ဦးလေး၊ ဗိုလ်မှူးအောင်ဇော်လင်း(ဟုမ္မလင်း)-ဒေါ်နွေးနွေး၊ ဒေါ်ဆွေ ဇင်လင်း (AGD-Bank)၊ ဦးတေဇာလင်း(Norstar Shipment Co.,Ltd)-ဒေါ်နှင်း ပွင့်ဖြူတို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၂ ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၄-၇-၂၀၂၀ ရက် နံနက် ၃:၃၀ နာရီတွင် နေအိမ်၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၇-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးစံမြင့် (မော်လမြိုင်)

စားဖျော်(ငြိမ်း)

အသက် (၇၄) နှစ်

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်၊ စစ်ကဲကုန်းလမ်းနေ ဦးသောင်းညွှန့်-ဒေါ်သန်းရှင်တို့၏သားလတ်၊ မော်လမြိုင်မြို့၊ ဘိုကုန်းရပ်၊ တောင်ထားဝယ်စုလမ်းနေ ဦးမောင်ငို၊ ဒေါ်ခင်မြတို့၏သားသမက်၊ မော်လမြိုင်မြို့၊ အမှတ်(၂၃၈)၊ (၇) လမ်း၊ မြိုင်သာယာနေ ဒေါ်သန်းသန်းဆွေ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းနိုင်-ဒေါ်မာလာမြင့်၊ ဦးသန်းထိုက်မြင့်-ဒေါ်မိုးမိုးအေး၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၇)ရပ်ကွက်၊ တေးဥယျာဉ်(၁)လမ်း၊ အမှတ်(၃၂၉/ခ)နေ ဦးတင်အေး-ဒေါ်ခိုင်မာမြင့်၊ ဒေါ်သဇင်မြင့် (AGD ဘဏ်၊ ဘုရင့်နောင်/မော်လမြိုင်ဘဏ်ခွဲ)တို့၏ ချစ်လှစွာသောဖခင်၊ မအေးမြင့်စံ(ခ)ချစ်တုန်၊ မောင်ရဲလင်းပြည့်ဖြိုး၊ မောင်ပြည့်ဖြိုးအိမ်၊ မောင်အေးချမ်းပိုင်တို့၏ ချစ်လှစွာသောအဘိုး ဦးစံမြင့်သည် ၁၃-၇-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၂၀ (ဗုဒ္ဓဟူး နေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

ဦး Stanley Khin (ခ) ဦးစိုးဝေ

အမှုတော်ဆောင် (M.Y.C)

အသက် (၇၃) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃၇၂၂)၊ အောင်သိဒ္ဓိလမ်းနေ (ဦးမောင်မောင်ခင်-ဒေါ်သိန်းဟန်)တို့၏သားကြီး၊ ဦးကျော်ကျော်-ဒေါ်တင်နွဲ့ဦး၊ (ဒေါ်ခင်ချိုချို)၊ ဦးမျိုးမြင့်-ဒေါ်ခင်ဆွေဝင်း၊ ဒေါ်ကြူကြူခင်၊ ဦးလှမင်း-ဒေါ်စုစုခင်တို့၏ အစ်ကိုကြီး၊ တူ/တူမ ခုနစ်ယောက်တို့၏ဘကြီး၊ မအိမေခင်(မလေးရှား)၏ဖခင်၊ အမှတ်(၁၂၇၁)၊ မင်းဂွန်းကျောင်းလမ်း၊ ဘိုကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ဒေါ် Hannah Kittim Ku (Kose)၏ ချစ်လှစွာသောခင်ပွန်း ဦး Stanley Khin (ခ) ဦးစိုးဝေသည် ၁၃-၇-၂၀၂၀ ရက် ည ၈:၂၀ နာရီတွင် ကွယ်ကပေါ်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အနိစ္စ

သင့်
သွေးဖြင့်
အသက်
ကယ်ပါ

ဦးစံမြင့် (မော်လမြိုင်)

စားဖျော်(ငြိမ်း)

အသက် (၇၄) နှစ်

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်၊ စစ်ကဲကုန်းလမ်းနေ ဦးသောင်းညွှန့်-ဒေါ်သန်းရှင်တို့၏ သားလတ်၊ မော်လမြိုင်မြို့၊ ဘိုကုန်းရပ်နေ ဦးမောင်ငို၊ ဒေါ်ခင်မြင့်တို့၏ သားသမက်၊ မော်လမြိုင်မြို့နေ ဦးလှအောင်-ဒေါ်အေးညွှန့်၊ ဦးတင်လှိုင်-ဒေါ်ဝင်းဝင်းမြင့်၊ ဦးလှဒင်-ဒေါ်ထွန်း၊ ဒေါ်စန်းစန်းမြင့်တို့၏ ညီ/မောင်၊ ဦးစိုးမြင့်-ဒေါ်တင်ရွှေ၊ ဦးစိုးဝင်း-ဒေါ်မြင့်မြင့်ဦးတို့၏ အစ်ကို၊ မော်လမြိုင်မြို့၊ အမှတ်(၂၃၈)၊ (၇) လမ်း၊ မြိုင်သာယာနေ (ဒေါ်သန်းသန်းဆွေ)၏ ချစ်လှစွာသောခင်ပွန်း ဦးစံမြင့်သည် ၁၃-၇-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

နည်းပညာနှင့်သက်မွေး၊ ပညာရေးနှင့်လေ့ကျင့်ရေးကဏ္ဍအတွက် ကျောင်းသစ်များဖွင့်လှစ်ရာတွင် ခရိုင်၊ မြို့နယ်များ၌ ဦးစားပေးဆောင်ရွက်မည်

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

နေပြည်တော် ဇူလိုင် ၁၄

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်း၊ အစီရင်ခံစာတစ်ခု ဖတ်ကြားရှင်းလင်းခြင်းနှင့် အဆိုတစ်ခုဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

မင်းဘူးခရိုင်အတွင်း အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတစ်ကျောင်း ထပ်မံဖွင့်လှစ်ပေးရန် စီစဉ်ဆောင်ရွက်မည်

အစည်းအဝေးတွင် မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏ မင်းဘူး(စကု)မြို့နယ်တွင် သင့်လျော်သော မြေနေရာ၌ အစိုးရစက်မှုလက်မှုသိပ္ပံ GTI ကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဝန်ကြီးဌာနအနေဖြင့် နည်းပညာနှင့်သက်မွေး၊ ပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍအတွက် ကျောင်းသစ်များ ဖွင့်လှစ်ရာတွင် ခရိုင်၊ မြို့နယ်များတွင် စတင်ဦးစားပေးဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ မိမိတို့ စီမံကိန်းအနေဖြင့်လည်း ခရိုင်မြို့ကြီးဖြစ်သော မင်းဘူးမြို့နယ် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း ဖွင့်လှစ်ရန် လျာထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် မင်းဘူးမြို့နယ် ကျောက်တန်းကျေးရွာအုပ်စုတွင် မြေဧရိယာ ၁၅ ဒသမ ၃၅၉ ဧကအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အသုံးပြုခွင့်ရရှိနိုင်ရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲရေးဗဟိုကော်မတီထံသို့ တင်ပြလျှောက်ထားပြီးဖြစ်ပါကြောင်း၊

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေးဗဟိုကော်မတီ အစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေးဗဟိုကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ဦးကျော်တင်၊ ဒေါက်တာဖေမြင့်၊ ဒေါက်တာမြင့်ထွေးနှင့် ဦးအုန်းမောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ဦးမောင်မောင်ဝင်းနှင့် ဦးကျော်မျိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေး

အစည်းအဝေးတွင် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ယခုအစည်းအဝေးသည် ဩဂုတ်လ ဒုတိယပတ်အတွင်း ကျင်းပရန် သတ်မှတ်လျာထားသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရန်အတွက် အဓိကတာဝန်ရှိကြသည့် ညီလာခံအကြို ပြင်ဆင်ရေးလုပ်ငန်းကော်မတီများ၏ ညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း။

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ✳

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေးဗဟိုကော်မတီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ကြေးမုံ ယနေ့ ဖတ်စရာ

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲစာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ မှန်ကန်စွာဖြည့်သွင်းနိုင်ရေး ညှိနှိုင်းရှင်းလင်းဆွေးနွေး — စာမျက်နှာ » ၁၀

ကိုဗစ်-၁၉ ကပ်ရောဂါအဆုံးသတ်ချိန်တွင် ကလေးငယ် ၁၀ သန်း လုံးဝ ကျောင်းတက်ရဖွယ်မရှိဟုဆို — စာမျက်နှာ » ၁၂

အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး ကြိုတင်ပြင်ဆင်မှုများဆိုင်ရာ ဗဟိုအဆင့်ညှိနှိုင်းမှုအစည်းအဝေး ကျင်းပ — စာမျက်နှာ » ၁၆